အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.164(2629-2643)

လောကသုံးပါးစကြာဝဠာ၏ အဆုံးသတ်

.May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၂၉ - ငါ မလုပ်နိုင်မှာ

ကြောက်မိတယ်။

ဟင်းလင်းပြင်ဝိညာဉ်မြို့တော် သည်

တဖြည်းဖြည်း မှောင်မည်းလာခဲ့သည်။

ဤအခိုက်အတန့်တွင် လူတိုင်းက

အပေါ်ကို မျှော်ကြည့်နေကြသည်။

ကျယ်ပြန့်သော

အထက်ကောင်းကင်ယံက အဆုံးမရှိ

အမှောင်ထုကြီးဖြင့် ဖုံးလွှမ်းထားသည်။

ဂရုတစိုက်ကြည့်လျှင် ၎င်းတို့သည်

အင်မော်တယ်မြင်းတပ်ကြီးဖြစ်ကြောင်း

သတိပြုမိပါလိမ့်မည်။

အင်မော်တယ်မြင်းတပ်သား ၆၀၀

ခန့်ပါသော စစ်တပ်ကြီး ပင်ဖြစ်သည်။

စစ်သည်များ၏ နောက်ကျောတွင်

အနက်ရောင်လုံ့ရှည်များ

သိုင်းလွယ်ထားကာ ၎င်းတို့ထံမှ

ကြောက်စရာကောင်းသော

အငွေ့အသက်များ ထွက်ပေါ်နေခဲ့သည်။

ထို့အပြင် အင်မော်တယ်မြင်းတပ် ရှေ့၌

ငွေလုံ့ကိုင်ထားသော ပညာရှင် အယောက်

၃၀ ခန့် ရပ်နေကြသည်။

အင်မော်တယ်မြင်းတပ်ကို

ဦးဆောင်လာသူမှာ

အရှင်ရှောင်လော့ဖြစ်သည်။

သူ၏ဘေးနှစ်ဖက်စလုံးတွင် ပညာရှိ ၃ ပါးထဲမှ ၂ ပါးရှိနေသည်။ အင်မော်တယ်မျိုးနွယ်၏ အင်အား အားလုံးနီးပါး ရောက်လာခဲ့ပြီဖြစ်သည်။

အရှင်ရှောင်လော့ က အောက်ကို ငုံ့ကြည့်လိုက်ပြီး "ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးကို နောက်တစ်ကြိမ်ရောက်လာပြန်ပြီ။

ဒီတစ်ခါတော့

အတိတ်ကလိုမျိုးဖြစ်လာမယ်မထင်ဘူး”

နည်းပြယွမ် က "ငါတို့

တိုက်ခိုက်ရမှာလား"

အရှင်ရှောင်လော့ က ပြုံးပြီး

"အခုမဟုတ်သေးဘူး"

နည်းပြယွမ်က ခေါင်းညိတ်ပြီး ဘေးသို့ ရွှေ့လိုက်သည်။

...

ယန်ယဲ့ သည် မြို့အထက် လေထုထဲသို့ လွင့်မျောသွားသည်။ အားလုံးက သူ့ကိုကြည့်နေကြသည်။

ဒီအချိန်မှာ အန်နန်ကျင်းက သူ့ဘေးတွင် ရှိနေသည်။

ယန်ယဲ့ သည် သူ့အောက်ရှိ လူအုပ်ကို တစ်ချက်ကြည့်လိုက်ပြီး လက်ကို မြှောက်လိုက်သည်။ ခဏလေးအတွင်း လူအုပ်ကြီး တိတ်ဆိတ်သွားသည်။

ယန်ယဲ့က “အခုအချိန်မှာ ပေါ်တယ်စနစ်အကြောင်းကို

မင်းတို့အားလုံး သိမယ်ထင်တယ်။

ဒီတော့ ထွက်ပြေးပါ။ သေမလား

ရှင်မလားဆိုတာကတော့

မင်းတို့ရဲ့ကံကြမ္မာက ဆုံးဖြတ်လိမ့်မယ်"

မရေမတွက်နိုင်သော လူများ

တညီတညွတ်တည်း ဒူးထောက်လျက်။

ယန်ယဲ့ သာ

ကာကွယ်ပေးထားခြင်းမရှိလျှင်

သူတို့အားလုံး

ယခုလိုမျိုးမတ်တပ်ပင်ရပ်နေနိုင်မည်မ

ဟုတ်ပါ။ လူတိုင်းဟာ

အချိန်အတော်ကြာအောင်

ကာကွယ်ပေးခဲ့သော ယန်ယဲ့ကို

ကျေးဇူးတင်ကြောင်း ပြသခဲ့ကြသည်။

ထို့နောက်တွင်တော့ မြို့ပြင်သို့

ကမန်းကတန်း ထွက်ပြေးကြတော့သည်။

ယန်ယဲ့ သည် ရာထောင်ချီသော

လူအုပ်ကြီး

ထွပ်ပြေးသွားသည်ကိုကြည့်ရင်း

ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

သူ့မျက်နှာပေါ်တွင် ဝမ်းနည်းမှု

ပေါ်လာသည်။

သနားစရာဟူ၍ ယူဆလို့မဟုတ်ပေ။

အခြေအနေကို တွေးမိပြီး

ဝမ်းနည်းမိသွားတာပါ။

ဤလောကတွင် ကျင့်ကြံသူ

မည်မျှရှိသနည်း။ အားနည်းသူများ

ဘယ်လောက်ရှိသလဲ၊ ထို့အပြင်

အားကြီးသူသည် ခွန်အားရှိသောကြောင့်

နှစ်သက်သလို လုပ်နိုင်ပါးည်။

အခြားသူများ၏ဘဝကို

ထိန်းချုပ်ထားနိုင်လေသည်။

သို့သော်လည်း

အားနည်းသူများအတွက်တော့

ကိုယ့်ကံကြမ္မာကိုသာ

လက်ခံရမည်ဖြစ်သည်။

ယန်ယဲ့၏စိတ်ထဲတွင်

ပထမဆုံးအကြိမ်အဖြစ်

ဤလောကသဘောရားများသည်ရက်စ

က်လွန်းသည်ဟု ခံစားမိသည်။

အန်နန်ကျင်း က တိုးတိုးလေးမေးခဲ့သည်

"ဘာဖြစ်လို့လဲ"

ယန်ယွဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ဘယ်နှစ်ယောက်လောက်

အသက်ရှင်နိုင်မယ် ထင်လဲ"

အန်နန်ကျင်း က ခဏလောက်

လေးလေးနက်နက် စဉ်းစားပြီး

“သိပ်ကိုနည်းလွန်းတယ်” ဟု ပြန်ဖြေပါသည်။

"ဟုတ်တယ်..." ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည် "သူတို့တင်မကဘူး၊ ငါတို့တောင် အသက်ရှင်ဖို့မသေချာဘူး"

သူက ခေါင်းယမ်းလိုက်ပြီး “အကြီးအကဲ ယွမ်နဲ့တခြားသူတွေက

အဆုံးမဲ့အာကာသတွင်းနက်တွေကြားကို ရောက်နေပြီလား” ဟု မေးလိုက်သည်။

အန်နန်ကျင်း က ခေါင်းညိတ်ပြီး “သူတို့က အဲဒီကိုရောက်ပြီး ပုန်းနေကြပြီ။ အင်မော်တယ်မျိုးနွယ်က ပေါ်တယ်စနစ်ကိုအသက်သွင်းလိုက်ပြီဆိုတာနဲ့ သူတို့တွေလှုပ်ရှားလိမ့်မယ်”

ယန်ယွဲ့က အသံတိုးတိုးဖြင့် "သူတို့ရဲ့

အင်အား မလုံလောက်မှာကို

ငါစိုးရိမ်မိတယ်။ မင်းက... "

အန်နန်ကျင်း က ယန်ယွဲ့ရှေ့တွင်

ရပ်လိုက်ပြီး သူ့ကို

တည့်တည့်စိုက်ကြည့်ကာ

"သူတို့ရဲ့ကံကြမ္မာက ငါနဲ့ဘာဆိုင်လို့လဲ"

ယန်ယဲ့က ခါးသက်သက်ရယ်မောရင်း

“ကောင်းပြီ။ မင်းငါ့အနားမှာပဲနေပါ”

ထိုအခါမှသာ အန်နန်ကျင်း က

အကြည့်ဆုတ်သွားပြီး ယန်ယဲ့နံဘေးမှာ

မတ်တပ်ရပ်လိုက်သည်။ သူမက

"အသက်ရှင်တာပဲဖြစ်ဖြစ်

သေမှာပဲဖြစ်ဖြစ် ဒီတစ်ခါတော့

ငါတို့အတူတူရှိနေမှာပါ"

ယန်ယဲ့ က သူမကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

တဟားဟားရယ်မောလိုက်တော့သည်။

သူ၏ရယ်မောသံက

ပတ်ဝန်းကျင်တစ်ခုလုံးကိုပင်

ရိုက်ခတ်လာသည်။

ဟင်းလင်းပြင်ဝိညာဉ်မြို့တော် ။

ဤအချိန်တွင် ခဏလေးအတွင်း
မြို့သည်ပရမ်းပတာဖြစ်လာခဲ့သည်။

မြို့နေလူတိုင်း ထွက်ပြေးနေကြသည်။

မြို့ထဲတွင် တစ်ယောက်တောင်မှ
မကျန်ခဲ့ပေ။

တိုက်ကြီးအထက် ကောင်းကင်ယံ၌ ...

အရှင်ရှောင်လော့ နှင့်
အင်မော်တယ်မျိုးနွယ်၏
အာဏာပိုင်များသည် ဤမြင်ကွင်းအား
အေးစက်စွာ ကြည့်နေခဲ့သည်။
ဤအချိန်တွင် မြို့ထဲမှ
ထွက်ပြေးလာသော
အဆင့်နိမ့်ကျင့်ကြံသူများကို
လစ်လျူရှုထားကြသည်။ လက်ရှိတွင်
သူတို့၏ ပစ်မှတ်က

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်နှင့် ယန်ယဲ့

တို့သာ ဖြစ်သည်။

ဤရန်သူနှစ်ဦးကို

ကိုင်တွယ်ဖြေရှင်းလိုက်သည်နှင့်

အင်မော်တယ်မျိုးနွယ်သည်

စကြာဝဠာကြီးအား

သိမ်းပိုက်လိုက်နိုင်ပြီဖြစ်သည်။

ဤအတောအတွင်း နည်းပြယွမ် က "သူတို့က အဆုံးမဲ့အာကာသတွင်းနက်တွေဆီကို ဦးတည်နေတာထင်တယ်"

အရှင်ရှောင်လော့က မြို့ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး "အဆင်ပြေပါတယ်။ ဟိုမှာ နည်းပြချုပ်ထျန် နဲ့ အင်မော်တယ်စစ်သည်တွေ ရှိတယ်"

နည်းပြေယွမ် က ခေါင်းညိတ်လိုက်သည်။

အရှင်ရှောင်လော့ က

"နတ်မျိုးနွယ်ကရော ဘယ်လိုလဲ"

နည်းပြေယွမ် က “သူတို့လည်း

လှည့်ကွက်တွေ ကစားနေတယ်”

အရှင်ရှောင်လော့ က ပြုံးပြီး
"ကောင်းပါတယ်။ သူတို့အားလုံးကို
အခုချက်ချင်းဖြေရှင်းလိုက်တာပေါ့"

ဤအချိန်တွင် တုကူးသွဲ့ရှန် က
"အရှင်ရှောင်လော့၊ ငါတို့က
နတ်မျိုးနွယ်ကို တိုက်ခိုက်ရမှာလား" ဟု
ရုတ်တရက် မေးလိုက်သည်။

အရှင်ရှောင်လော့ က တုကူးသွဲ့ရှန် ကို

တစ်ချက်ကြည့်လိုက်ပြီး "ခဏနေပါဦး။

ငါတို့ဘိုးဘေးက

အချိန်နည်းနည်းပိုလိုတယ်”

ဤအတောအတွင်း

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီး၏

မြေအောက်ကမ္ဘာတွင်....

ဤအချိန်တွင် တျန်းရှူက

သင်္ချိုင်းနယ်မြေရှေ့မှာ ရပ်နေခဲ့သည်။

သူမရှေ့တွင်တော့ ရာချီသော ဝိညာဉ်များ

ရှိနေသည်။ ၎င်းတို့သည် အတိတ်က

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်၏

နာမည်ကျော်

အသေခံစစ်သည်များဖြစ်ကြသည်။

လွန်ခဲ့သောနှစ်များတစ်လျှောက်

အင်မော်တယ်မျိုးနွယ်ကို

အသေခံတိုက်ခိုက်ခဲ့သော

ဝိညာဉ်စစ်သည်များပင်တည်း။

မှန်သည်၊ ထို့ကြောင့် သူတို့အားလုံး

ကြောက်မက်ဖွယ် တန်ကြေးတစ်ခုကို

ပေးလိုက်ရသည်။

ယခုတွင်လည်း အင်မော်တယ်မျိုးနွယ်ကို

ထပ်မံရင်ဆိုင်ရတော့မည်ဖြစ်ရာ

သူတို့၏မျက်လုံးများတွင်

အမှန်းတရားနှင့်

ကလဲ့စားချေခြင်းမီးတောက်များသာ

ရှိတော့သည်။

ယန်ယဲ့နှင့် အန်နန်ကျင်း တို့နှစ်ယောက်က

တျန်းရှူ၏ဘေးနားတွင် ရပ်နေကြသည်။

တျန်းရှူက ရုတ်တရက်မေးလိုက်သည်

"လွန်ခဲ့တဲ့နှစ်တွေမှာ

ငါ့ရဲ့ဟောင်းလင်းပြင်ဝိညာဉ်မျိုးနွယ်က

ဘာ့ကြောင့်ပျောက်ကွယ်သွားရတာလဲ

နင်သိလား"

ယန်ယဲ့ တို့နှစ်ယောက်လည်း

စူးစမ်းလိုစိတ်အပြည့်ဖြင့် တျန်းရှူကို

ကြည့်နေကြသည်။

"ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်..."

အတိတ်တစ်ချိန်က စကြာဝဠာကြီး၏

အုပ်စိုးသူဖြစ်ခဲ့ဖူးသော

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်...။

စကြာဝဠာကြီး၏ဒုတိယခေတ်သစ်ကိုစ

တင်သူလည်းဖြစ်ခဲ့သည်။ သို့ရာတွင်

လွန်ခဲ့သောနှစ်များက

အင်မော်တယ်မျိုးနွယ်နှင့် စစ်ပွဲတွင်

ရှုံးနိမ့်ခဲ့သည်။ စကြာဝဠာ၏အုပ်စိုးသူက

ဘာ့ကြောင့် စစ်ရှုံးခဲ့သလဲ။

ခွန်အားကွာဟမှုကြောင့်ပင်လား၊
သို့တည်းမဟုတ် အခြားသော
အကြောင်းအရင်းတစ်ခုရှိနေသည်လား။

ဤအချိန်တွင် တျန်းရှူက ကောင်းကင်ကို
မျှော်ကြည့်ကာ "အင်အားအရပြောရရင်
ငါ့ရဲ့ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်က
သူတို့ထက် နိမ့်ကျတယ်၊ ဒါပေမဲ့
ငါ့ရဲ့မျိုးနွယ်စုတစ်ခုလုံးကို
ဆိုးဆိုးရွားရွား ရှုံးနိမ့်သွားအောင်

လုပ်ဖို့တော့ မလုံလောက်ဘူး။ ငါတို့

စစ်ရှုံးသွားရတဲ့ အကြောင်းရင်းဟာ

အင်မော်တယ်မျိုးနွယ်က အဆုံးအထိ

တိုက်ခိုက်မယ်လို့

ဆုံးဖြတ်လိုက်တာကြောင့်ပါ။

အင်အားကြီးမျိုးနွယ်စုတစ်ခုအနေနဲ့

သူတို့ပိုင်ဆိုင်တဲ့ သူတို့ရဲ့

စိတ်ပိုင်းဖြတ်မှုနဲ့ စည်းလုံးမှုက

ငါမြင်ဖူးသမျှထဲမှာ အပြင်းထန်ဆုံးပါပဲ”

ပြတ်သားလွန်းသော ဆုံးဖြတ်ချက် ...

ယန်ယဲ့ သည် ငြိမ်သက်သွားသည်။

အမှန်တော့ သူ့အမြင်မှာလည်း

အဆုံးအထိ တိုက်ခိုက်ရန်

ဆုံးဖြတ်တာဟာ ခွန်အားထက်ကို

ပိုပြီးအရေးပါလေသည်။ လူတစ်ယောက်

ဟာ စိတ်ဓာတ်ခိုင်မာနေခြင်းမရှိပါက

မည်သို့နည်း။ မျိုးနွယ်စုတစ်ခုလုံးပါ

စိတ်ဓာတ်အားနည်းနေပါက

ဘာဖြစ်သွားမလဲ ။

ထို့အပြင် စည်းလုံးညီညွတ်ဖို့လည်း

လိုပါသည်။

မျိုးနွယ်စုတစ်ခုတွင်

စည်းလုံးညီညွတ်မှုမရှိပါက

အင်အားကြီးမျိုးနွယ်စုဖြစ်နေသည့်တိုင်

အချိန်ကာလကြာရှည်စွာ

ရှင်သန်နိုင်မည်မဟုတ်ပေ။

အပြန်အလှန်အားဖြင့်

စည်းလုံးညီညွတ်မှုမြင့်မားသော

မျိုးနွယ်စုသည်

အားနည်းသွားလိမ့်မည်မဟုတ်ပေ။

ဤအချိန်တွင် တျန်းရှူ က

ဆက်ပြောလိုက်သည်

“နင်မသိသေးဘူး၊

အင်မော်တယ်မျိုးနွယ်မှာ

သူတို့ရဲ့ဘိုးဘေးအပြင်၊

အမြွာညီနောင်မဟာအကြီးအကဲတွေရှိတ

ယ်။ သူတို့ရဲ့ ခွန်အားတွေက ရှောင်လော့

နဲ့တန်းတူပါပဲ။ သူ့တို့အပြင်

အင်မော်တယ်မျိုးနွယ်ရဲ့ အုပ်ထိန်းသူ

နှစ်ယောက်ပါရှိသေးတယ်။

အဲဒီနှစ်ယောက်က

အင်မော်တယ်ဘိုးဘေး ထက်တောင်မှ

သန်မာကြတယ်။ အခုတော့

အင်မော်တယ်မျိုးနွယ်မှာ

ဘိုးဘေးတစ်ယောက်နဲ့

ရှောင်လော့ပဲကျန်တော့တယ်။ ဘာလို့လဲ

သိလား"

ယန်ယွဲ့က လေးနက်စွာပြောလိုက်သည်

"မင်းသူတို့ကိုသတ်လိုက်တာလား"

တျန်းရှူက သူမ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"လွန်ခဲ့တဲ့နှစ်တွေမှာ

ငါမတ်တပ်ရပ်နိုင်သရွေ့

ငါ့ရဲ့ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်ဟာ

ဘယ်တော့မှ ကျဆုံးမှာမဟုတ်ဘူး။

ဒါပေမဲ့ အမြွာညီနောင်အကြီးအကဲတွေ၊

အုပ်ထိန်းသူ နှစ်ယောက်နဲ့

ဘိုးဘေးတွေကငါ့ကို

အုပ်စုဖွဲ့တိုက်ခိုက်ခဲ့တယ်။ သူတို့အပြင်

ကျန်တဲ့သူတွေက ကိုယ့်ကိုယ်ကို ဖောက်ခွဲဖို့ရွေးချယ်ကြတယ်”

ကိုယ့်ကိုယ်ကို ဖောက်ခွဲလိုက်ကြတယ် ။

ယန်ယဲ့ သည် အလွန်ထိတ်လန့်သွားသလို ခံစားလိုက်ရသည်။ ကိုယ့်ကိုယ်ကို ဖောက်ခွဲတာလား။ ဘယ်လောက်ထိ ကြောက်စရာကောင်းသလဲ။ သူကိုယ်တိုင် ကြုံဖူးလို့ပါ။ လက်နက်ဖန်ဆင်းရှင်၏

ကိုယ်တိုင်ဖောက်ခွဲမှုကြောင့် သူသည်
သေလုနီးပါး ဖြစ်ခဲ့ရသည်။
အကာအကွယ်ရတနာများသာ
ပိုင်ဆိုင်မထားပါက တစမခါတည်း
ငရဲရောက်နေလောက်ပြီဖြစ်သည်။
အတိတ်က တျန်းရှုကို
ဝိုင်းတိုက်ခဲ့သူများဟာ
လက်နက်ဖန်ဆင်းရှင် မယှဉ်နိုင်သော
တည်ရှိမှုများဖြစ်သည်။ သို့သော်

အားလုံးက အတူတကွ

ဖောက်ခွဲခဲ့ကြသည်။ ထိုအချိန်က

အင်မော်တယ်ဘိုးဘေးလည်း

ပါဝင်ခဲ့သည်။ သို့တိုင် တျန်းရှုက

အဆုံးသတ်တွင်

အသက်ရှင်ကျန်နေခဲ့သည်။ မည်မျှပင်

ကြောက်စရာကောင်းလိုက်သနည်း။

ဤအချက်ကို သူကြားလိုက်သောအခါ

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်၏

အင်အားကို အကြမ်းဖျင်း

နားလည်သွားခဲ့သည်။

၎င်းသည် အင်မော်တယ်မျိုးနွယ်ထက်

အားနည်းသော်လည်း တျန်းရှု

ရှိနေသောကြောင့်

အင်မော်တယ်မျိုးနွယ်ကို

ဆွဲချသွားခဲ့သည်။

အင်မော်တယ်မျိုးနွယ်ကလည်း ၎င်းကို

ရှင်းရှင်းလင်းလင်းသဘောပေါက်သွားပုံ

ရ၏။ ထို့ကြောင့် အင်အားအပြည့်

စေလွှတ်ပြီး

တျန်းရှူကိုသတ်ရန်ကြိုးစားခဲ့သည်။

တျန်းရှူ သေဆုံးသွားသည်နှင့်

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်သည်

ပြီးဆုံးသွားပေလိမ့်မည်။

သို့သော်လည်း တျန်းရှူက ထိုတိုက်ပွဲတွင်

အင်မော်တယ်မျိုးနွယ်တစ်ခုလုံးကို

အကြီးအကျယ် ဆုံးရှုံးစေခဲ့သည်။

အဲဒီလို ခွန်အားတွေ...

တကယ်လို့

တစ်ယောက်ချင်းတိုက်ပွဲသာဆိုရင်

အနှောင်အဖွဲ့ကင်းမဲ့သူဖြစ်မှပဲ သူမကို

တားဆီးနိုင်လောက်တယ်။

ယန်ယဲ့က တွေးမိလိုက်သည်။

တစ်ချိန်တည်းမှာပဲ တျန်းရှူက တိုးတိုးလေးပြောခဲ့သည် "ဒီဓားသမားက ငါ့ကို ဘာလို့ မတိုက်ခိုက်တာလဲ နင်သိလား"

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး "သူပြောတာက ရလာဒ်က အတူတူပဲ"

တျန်းရှူက တခစ်ခစ်ရယ်ရင်း

“တကယ်တော့ သူပြောတာ မမှားပါဘူး။

ဘာဖြစ်လို့လဲဆိုတော့

အင်မော်တယ်မျိုးနွယ်ရဲ့ ဘိုးဘေးနဲ့

ငါတို့နှစ်ယောက်စလုံးဟာ

မူလအထွတ်အထိပ်မှာ မဟုတ်တော့ဘူး။

ဒါပေမဲ့ သူက သူ့အထွတ်အထိပ်မှာ

ရှိနေတယ်။ ငါတို့နှစ်ယောက်လုံး

ငါတို့ရဲ့အထွတ်အထိပ် ခွန်အားတွေ

ပြန်ကောင်းလာတဲ့အထိ

သူစောင့်နေချင်တယ်။ ကံမကောင်းစွာပဲ၊

အင်မော်တယ်မျိုးနွယ် နဲ့ ငါတို့က

အဲဒီအချိန်ထိ မစောင့်နိုင်တော့ဘူး။

ဒီတော့ သူထွက်သွားတယ်။ ငါတို့ရဲ့

အထွတ်အထိပ်မှာ မရှိပေမယ့် သူက

ငါတို့ကို မတိုက်ခိုက်ချင်ဘူး”

အနှောင်အဖွဲ့ကင်းမဲ့သူ ....။

ယန်ယဲ့က ခါးသက်သက်

ရယ်မောလိုက်သည်။ သူသည် ထိုလူနှင့်

တိုက်ခိုက်ရမည်ကို မမေ့ခဲ့ပေ။

“တကယ်တော့…” တစ်ချိန်တည်းမှာပဲ

တျန်းရှူက ရုတ်တရက် ပြောခဲ့သည်

“ငါလည်း သူ့ကို တိုက်ခိုက်ချင်ပါတယ်။

လွန်ခဲ့တဲ့နှစ်တွေမှာ

ငါ့ကန့်သတ်ချက်ထက် ကျော်လွန်တဲ့

ပြိုင်ဖက်တွေကို ရှာဖွေဖို့ စကြဝဠာအနှံ့

သွားခဲ့တယ်။ ကံမကောင်းစွာပဲ…”

လောကသဘာဝအရ

အားနည်းသူများသည် အားကြီးသူကို

ကြောက်သော်လည်း

အားကြီးသူများသည် သန်မာသူများကို

ရင်ဆိုင်ရန် မျှော်လင့်ကြသည်။

အကြောင်းကတော့ ပိုသန်မာတဲ့လူကို ရင်ဆိုင်ပါက ပိုပြီးသန်မာလာနိုင်သည်။

တစ်ချိန်တည်းမှာပဲ တျန်းရှူက "နင့်လူတွေက အဆုံးမဲ့အာကာသတွင်းနက်တွေဆီကို ရောက်သွားပြီလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး “ဟုတ်တယ်။ အင်မော်တယ်မျိုးနွယ်က အစီအရင်ကို

အသက်သွင်းပြီဆိုတာနဲ့ သူတို့တွေ
လှုပ်ရှားလိမ့်မယ်”

"ဒါက အလုပ်မဖြစ်ဘူး..." တျန်းရှူက
ခေါင်းခါလိုက်ပြီး "သူတို့သေလိမ့်မယ်။
စောစောကထွက်ပြေးတဲ့သူတွေတောင်
သေကြလိမ့်မယ်”

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

တျန်းရှူက ကောင်းကင်ကို
မော့ကြည့်လိုက်ပြီး
“အင်မော်တယ်မျိုးနွယ်ရဲ
အသေခံစစ်သည် ၁၀ ယောက်က
အသက်ရှင်နေသေးတယ်။ ငါ့အထင်
သူတို့ဟာ
အဆုံးမဲ့အာကာသတွင်းနက်တွေကို
သေချာပေါက်
စောင့်ကြပ်နေလောက်တယ်။ အဲဒီ ၁၀

ယောက်ရှိနေတော့

အားလုံးသေလိမ့်မယ်”

ယန်ယဲ့က “ငါက သူတို့နဲ့အတူ

နတ်ဆိုးဘိုးဘေး

ပါထည့်ပေးလိုက်တယ်။ တကယ်လို့

အကြီးအကဲယွမ် နဲ့ တခြားသူတွေ

ပါဝင်မယ်ဆိုရင် သူတို့ရဲ့ ခွန်အားနဲ့

အင်မော်တယ်မျိုးနွယ်ရဲ့

အဆင့်မြင့်အာဏာပိုင်တွေ မလာမချင်း အဆင်ပြေနိုင်မှာပါ...”

"နင်မှားတယ်..." တျန်းရှူက စကားဖြတ်ပြောလိုက်သည် "အဲဒီ ပညာရှင် ၁၀ ယောက်က အင်မော်တယ်မျိုးနွယ်ရဲ့ အသေခံစစ်သည်တော်တွေပါ။ သူတို့ကို မပြောနဲ့ နင်နဲ့ အန်နန်ကျင်း

ပေါင်းထားရင်တောင်
အသတ်ခံရနိုင်သေးတယ်"

ယန်ယဲ့၏အမူအရာသည်
အနည်းငယ်ပြောင်းသွားပြီး "သူတို့က
ဒီလောက်တောင် သန်မာနေတာလား"

တျန်းရှူက တိုးတိုးလေးပြောလိုက်သည်
"လွန်ခဲ့တဲ့နှစ်တွေမှာ သူတို့လက်ချက်နဲ့
ငါ့အင်မော်တယ်မျိုးနွယ်ရဲ့ ပညာရှင်

အတော်များများ သေဆုံးသွားခဲ့တယ်။

အဲဒီတုန်းက

အင်မော်တယ်အသေခံစစ်သည်

အယောက် ၂၀ ရှိခဲ့တယ်။ သူတို့ထဲက ၁၀

ယောက်က ကိုယ့်ကိုယ်ကို

ဖောက်ခွဲပစ်လိုက်တာပဲ။ အခုချက်ချင်း

သူတို့နောက်ကိုလိုက်သွား။

အဲဒီ အသေခံစစ်သည်တွေနဲ့

ရင်ဆိုင်နိုင်ရင် ပြန်လာခဲ့ပါ။

မတတ်နိုင်ရင် ထွက်ပြေးဖို့ နည်းလမ်းရှာ”

ယန်ယဲ့ သည် အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက် တျန်းရှု ဆီသို့

ရုတ်တရက် လျှောက်သွားသည်။

သူသည် ယခင်နှင့် မတူကွဲပြားသော

မိန်းမငယ်လေးကို ငေးကြည့်နေသည်။

ထို့နောက် သူ၏ လက်ကိုဆန့်ကာ သူမ၏

ခေါင်းလေးကို ပွတ်သပ်ပြီး "အားရှု၊ ငါ့ကို စောင့်ပါ။ ငါ့ကိုစောင့်နေ"

စကားပြောပြီးသည်နှင့် နောက်လှည့်၍ အန်နန်ကျင်း နှင့်အတူ အဝေးဆီသို့ ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် တျန်းရှူက ယန်ယဲ့ ထွက်ခွာသွားသော လမ်းကြောင်းကို စိုက်ကြည့်ပြီးနောက် ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ ကြောက်မိပါတယ်"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၀ - A Thay ခံစစ်သည်များ

အဆုံးမဲ့ အာကာသတွင်းနက်များ၏

အနက်ပိုင်းထဲတွင်

ရောမအလင်းတံခါးကြီးတစ်ခု

ရှိနေသည်။ ၎င်းသည် အနည်းဆုံး ၃

ကီလိုမီတာနီးပါး ကျယ်ဝန်းခဲ့သည်။

အလင်းတံခါးထဲမှ

အပြာရောင်အလင်းဖျော့ဖျော့

ထွက်ပေါ်လာသည်။ အလင်းတံခါးနှင့်

သိပ်မဝေးသောနေရာတွင်

အနက်ရောင်ချပ်ဝတ်တန်ဆာဝတ်ထား

သော စစ်သည်တော် ၁၀

ယောက်ရပ်နေခဲ့သည်။

သူတို့၏လက်ထဲ၌လည်း

အနက်ရောင်ဓားရှည်ကြီးများကို

ဆုပ်ကိုင်ထားကာ ရုပ်ထုများအလား

ငြိမ်သက်နေခဲ့သည်။

သူတို့ရှေ့တွင်
သက်လတ်ပိုင်းတစ်ယောက်
ရပ်နေသည်။

၎င်းသည် အင်မော်တယ်မျိုးနွယ်၏
ပညာရှိ
၃ ပါးအနက်မှ နည်းပြချုပ်ထျန်
ဖြစ်သည်။

ဆူး...

အာကာသည် ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

အနက်ရောင်အရိပ်တစ်ခုက

လေထုကိုဆုတ်ဖြဲကာ သူတို့ရှေ့သို့

ရောက်လာသည်။

၎င်းသည်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးဖြစ်သ

ည်။ သူသည် အင်မော်တယ်မျိုးနွယ်၏

တတိယမြောက် ပညာရှိ ဖြစ်သည်။

လက်ရှိမှာတော့ ဤနေရာတွင်

အင်မော်တယ်မျိုးနွယ်၏ ပညာရှိ ၂ ပါး

ရောက်နေခဲ့

ပြီ ။

နည်းပြချုပ်ထျန် က "ဘယ်လိုလဲ"

နည်းပြဂူ က “ဒီစကြဝဠာကြီးထဲက
လူတွေက ဒီပေါ်တယ်စနစ်ကို
သိပုံရတယ်။ မရေမတွက်နိုင်တဲ့လူတွေ
ဒီကိုပြေးလွှားနေကြပြီ။ သေချာတယ်၊
သူတို့က ငါတို့နောက်ကို
လိုက်ချင်နေတာ။ ဟမ့်....၊
ကောင်းတာပေါ့။ သူတို့အားလုံးကို
ဒီမှာပဲသင်္ဂြိုဟ်ပစ်လိုက်မယ်"

နည်းပြချုပ်ထျန် က အနည်းငယ်

မျက်မှောင်ကြုတ်ကာ “မပေါ့ဆပါနဲ့။

ငါတို့ရဲ့ဘိုးဘေး၊ အရှင်ရှောင်လော့ နဲ့

တခြားသူတွေက

ဟင်းလင်းပြင်ဝိညာဉ်ဧကရီ ကို

တိုက်ခိုက်နေတဲ့အချိန်မှာ ပေါ်တယ်စနစ်

ကို အသက်သွင်းမယ်။ ဒါ့ကြောင့်

အမှားအယွင်းတွေ မဖြစ်ပွားအောင်

ထိန်းထားမှပဲ တော်ကာကျမယ်။

ငါတို့သေနိုင်တယ်၊ ဒါပေမဲ့
ငါတို့နောက်ကလူတွေဟာ မျိုးနွယ်စုရဲ့
အနာဂတ်ပဲ။ သူတို့က ဘာအတွက်နဲ့မှ
ဖြစ်မလာနိုင်ဘူး”

နည်းပြချုပ်ထျန် က ခဏတုံ့ဆိုင်းသွားပြီး
“အစ်ကိုကြီး၊ ဒီပေါ်တယ်စနစ်ကို
အသက်မသွင်းခင်မှာ
ဟင်းလင်းပြင်ဝိညာဉ်ကောရီ နဲ့ ယန်ယဲ့ကို
ဘာကြောင့် မသတ်တာလဲ။ အဲဒါက

ငါတို့အတွက်

ပိုပြီးအန္တရာယ်ကင်းလိမ့်မယ်”

နည်းပြချုပ်ထျန် က နည်းပြဂူ ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါတို့ သူတို့ကို

မသုတ်သင်နိုင်ရင် ဘယ်လိုလုပ်မလဲ။

ငါတို့ကျရှုံးရင် ဘာဖြစ်မလဲ"

"မအောင်မြင်နိုင်ဘူးလား" နည်းပြဂူ က လေးနက်စွာ ပြောလိုက်သည် "ငါတို့ ဘယ်လိုဖြစ်နိုင်မလဲ။ ငါတို့...”

နည်းပြချုပ်ထျန် က ခေါင်းကို အနည်းငယ်ခါယမ်းကာ "လွန်ခဲ့တဲ့နှစ်တွေမှာ ငါတို့မျိုးနွယ်က လူပေါင်း (၁၀၀,၀၀၀) နီးပါးရှိခဲ့ပေမယ့် အခု တစ်ဝက်တောင် မကျန်တော့ဘူး။ အဲဒီတိုက်ပွဲမှာ ဆိုးဆိုးရွားရွား ဆုံးရှုံးမှုကို

ခံစားခဲ့ရတယ်။ အခု အဲဒါမျိုး

ထပ်ပြီးအဖြစ်ခံလို့မရဘူး။ အဲဒါကိုလည်း

ငါတို့ မတတ်နိုင်ဘူး။ ဒါ့အပြင်

တခြားအကြောင်းပြချက်တစ်ခုရှိသေးတ

ယ်။ ဟင်းလင်းပြင်ဝိညာဉ်ကောရီက

အရာရာကိုလစ်လျူရှုပြီးတော့

ငါတို့လူတွေကိုသတ်ပစ်မှာစိုးရိမ်နေတယ်

။ သူမရဲ့ ခွန်အားနဲ့ အရာရာကို

လစ်လျူရှုပြီး ငါတို့မျိုးနွယ်စုကို

သတ်ပစ်ဖို့ အာရုံစိုက်ထားရင်

ဘိုးဘေးတွေနဲ့ တခြားသူတွေတောင်

သူ့ကို တားနိုင်မှာ မဟုတ်ဘူး”

နည်းပြဂူ က “မှန်ပါတယ်”

နည်းပြချုပ်ထျန် က

သူတို့နောက်ကလူတစ်စုကို

တစ်ချက်ကြည့်လိုက်ပြီး " ဘိုးဘေးက

ဟင်းလင်းပြင်ဝိညာဉ်ကေရှီကို

မကြောက်ပါဘူး။ ဒါပေမဲ့

ငါတို့လူတွေအကြောင်း

ထည့်တွက်ဖို့ကလွဲလို့

ရွေးစရာမရှိတော့ဘူး။ ဒါ့ကြောင့်မို့လို့

ငါတို့လူတွေကို

အရင်လွှတ်ထားလိုက်တာပဲ”

နည်းပြဂူ က ခဏတုံ့ဆိုင်းသွားပြီး

"မူလမျိုးနွယ်ရဲ့ နယ်မြေက

ပေါ်တယ်စနစ်ရဲ့ အဆုံးမှာ ရှိတယ်။

သူတို့က..."

နည်းပြချုပ်ထျန် က ခေါင်းခါလိုက်ပြီး

"ငါလည်းမသိဘူး"

နည်းပြဂူ က မျက်မှောင်ကြုတ်ကာ

"သူတို့က ဘယ်လိုရှိလဲ"

နည်းပြချုပ်ထျန် က အလင်းတံခါးကို

စိုက်ကြည့်ရင်း “လွန်ခဲ့တဲ့နှစ်တွေမှာ

ငါတို့ရဲ့အင်မော်တယ်မျိုးနွယ်က

မူလမျိုးနွယ်ရဲ့ ခွန်အားအကြောင်း

နည်းနည်းသိထားတယ်။ ဒါပေမဲ့ ငါတို့က

တခြားမျိုးနွယ်တစ်ခုနဲ့

အလုပ်ရှုပ်နေတော့

သူတို့ကိုအာရုံမစိုက်နိုင်ခဲ့ဘူး။

မူလမျိုးနွယ် ထွက်သွားတဲ့အချိန်မှာ

ငါတို့က ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်နဲ့

တိုက်ခိုက်ပြီးတော့

အကြီးအကျယ်ထိခိုက်ခဲ့တယ်။

တခြားပြင်ပကိစ္စတွေကို

အာရုံမစိုက်နိုင်တော့ဘူး။ အခုတော့

မူလမျိုးနွယ်နဲ့ အဲဒီစကြာဝဠာကို

ငါတို့အားလုံး မသိကြဘူး”

သူက ခေါင်းခါပြီး “ဒါပေမဲ့ ငါတို့မှာ

တခြားရွေးချယ်စရာ မရှိပါဘူး။

ငါတို့အင်မော်တယ်မျိုးနွယ်ရဲ့

ပညာရှင်တွေကို စုစည်းပြီးတော့

သူတို့နေတဲ့နေရာကို

အရင်စေလွှတ်ဖို့စီစဉ်ထားတယ်။ ဟိုမှာ

ဘာပဲဖြစ်ဖြစ် ငါတို့ အဲဒီကို သွားရမယ်”

ဎင်းသည် သူတို့တတ်နိုင်သည့်

တစ်ခုတည်းသောထွက်လမ်းပင်ဖြစ်သ

ည်။

“သူတို့ ဒီမှာ ...” နည်းပြဂူ က ဘေးဖက်သို့ ရုတ်တရက်လှမ်းကြည့်လိုက်ရာ အာကာသတွင်းနက်များကြားမှတစ်ဆင့် မရေမတွက်နိုင်သော လူများပြေးထွက်လာနေခဲ့သည်။ သူတို့၏မျက်လုံးများတွင် စိတ်လှုပ်ရှားမှု၊ ရွှင်လန်းမှုနှင့် ထိတ်လန့်မှုတို့ ရှိနေသည်။

သေခြင်းတရားဖြစ်မှန်း
သိနေသော်လည်း
အသက်ရှင်လိုစိတ်ကြောင့် လူတိုင်း
စိတ်လှုပ်ရှားနေကြသည်။

နည်းပြချုပ်ထျန် နှင့် အခြားလူများကို
တွေ့သောအခါတွင်
လူတိုင်း၏မျက်လုံးများသည် သတိဖြင့်
ရပ်တန့်သွားကြသည်။ သို့သော်လည်း
နည်းပြချုပ်ထျန်၏ နောက်ကွယ်မှ

အလင်းတံခါးကို ပို၍ပင်

စူးစိုက်ကြည့်နေသည်။

အလင်းတံခါးက

သူတို့၏မျှော်လင့်ချက်ပင်။

မျှော်လင့်ချက်က သူတို့ရှေ့မှာ ရှိခဲ့သည်။

"တက်ကြမယ်..." လူတစ်ယောက်က

ရုတ်တရက် အော်လိုက်ရာ နောက်လူတစ်

ယောက်က ရှေ့တိုးလာသည်။

ထို့နောက်တွင် မရေမတွက်နိုင်သော

လူတိုင်း ရှေ့သို့ ပြေးတက်လာကြသည်။

သို့ရာတွင် ထူးဆန်းသောအရာတစ်ခု

ဖြစ်ပေါ်လာသည်။

သူတို့၏ခန္ဓာကိုယ်များက

အလင်းတံခါးဆီသို့

ပြေးသွားနိုင်သော်လည်း လူတိုင်း၏

ခေါင်းများ မီတာ ၃၀၀ အကွာမှာပဲ

ကျန်နေခဲ့သည်။

ခေါင်းပေါင်း ၁၀၀ ကျော်နီးပါး

ပြတ်ကျနေသည့်တိုင်

သူတို့၏မျက်နှာများက

ရှင်လန်းတက်ကြွမှုများဖြင့်

ပြည့်နှက်နေဆဲဖြစ်သည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွားသည်
။

သိပ်မကြာလိုက်ပေ၊ လူတိုင်း
အနက်ရောင် ချပ်ဝတ်တန်ဆာ
ဝတ်ဆင်ထားသော အသေခံစစ်သည် ၁၀
ယောက်ကို မြင်လိုက်ကြသည်။
သူတို့လက်ထဲရှိ ဓားတစ်ချောင်းစီက
သွေးများ တစ်စက်စက်စီးကျလာသည်။

သို့သော် သူတို့ တိုက်ခိုက်လိုက်သည်ကို မည်သူမျှ မမြင်လိုက်ပါ။

လူတိုင်းက သူတို့၏ မျက်နှာပေါ်တွင် လေးနက်သော အမူအရာများ ရှိနေကြသည်။

ဤအတောအတွင်း အမှောင်ရိပ်ထဲမှာ ပုန်းအောင်းနေသော အကြီးအကဲယွမ် တို့အုပ်စု၏မျက်နှာများက

အလွှန်လေးနက်သော အမှုအရာများ
ရှိနေသည်။ ကျန်လူများ
မသိနိုင်သော်လည်း သူတို့အဖွဲ့ကတော့
ကောင်းကောင်းမြင်လိုက်ကြသည်။

အသေခံစစ်သည် ၁၀ ယောက်က
ဓားဆွဲထုတ်ပြီး တိုက်ခိုက်လိုက်တာပါ။

သူတို့၏ တိုက်ခိုက်မှုအရှိန်က
အလွန်လျင်မြန်သည်။

အကြီးအကဲယွမ် နှင့် အခြားလူတိုင်း ဤနေရာရှိ အခြေအနေကို မျှော်လင့်ခဲ့ကြသော်လည်း ၎င်းတို့သည် ဤမျှအားကောင်းလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။

အကြီးအကဲယွမ် က နတ်ဆိုးဘိုးဘေးကို စိုက်ကြည့်ရင်း "အကြီးအကဲ၊ မင်း သူတို့ကို အနိုင်ယူနိုင်မလား"

နတ်ဆိုးဘိုးဘေး က ခေါင်းခါလိုက်ပြီး “ဒါက တစ်ယောက်ပဲဆိုရင်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဆယ်ယောက်က ငါလည်း မတတ်နိုင်ဘူး”

အကြီးအကဲယွမ်၏ မျက်လုံးများသည် အနည်းငယ် မှိတ်သွားကာ "သူတို့က ဒီလောက် သန်မာနေတာလား"

နတ်ဆိုးဘိုးဘေး က သူတို့ကို

တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

"သူတို့ ဆယ်ယောက်လုံးကို ငါ

တစ်နာရီကြာအောင် တားဆီးနိုင်မှာ

မဟုတ်ဘူး"

အကြီးအကဲယွမ် က

မျက်နှာပျက်သွားသည်။

နတ်ဆိုးဘိုးဘေး က ၎င်းတို့ကြားတွင်

အသန်မာဆုံးဖြစ်သည်။ သို့သော်လည်း

၎င်းကပင် မယှဉ်နိုင်သောကြောင့်

ကျန်သူများက သဘာဝအတိုင်း

တိုက်ခိုက်နိုင်စွမ်းမရှိပေ။ ထို့အပြင်

အသေခံစစ်သည်တော် ၁၀

ယောက်အပြင် ပညာရှိ ၂

ပါးလည်းရှိနေသည်။ ထိုလူနှစ်ယောက်က

အသေခံစစ်သည် ၁၀ ယောက်ထက်ပင်

ပို၍သန်မာနေသေးသည်။

ထိုသို့ဆိုလျှင်

ဘယ်လိုထွက်သွားရမည်နည်း။

ဤအချိန်တွင်

အဆုံးမဲ့တွင်းနက်များတစ်လျှောက်ရှိ

အာကာသသည် ပြင်းထန်စွာ

တုန်ခါသွားသည် ။

အဆုံးမဲ့

အာကာသတွင်းနက်များသာမကဘဲ

စကြဝဠာကြီးတစ်ခုလုံးရှိ

အာကာသပြင်တစ်ခုလုံးပါ

ပြင်းထန်စွာတုန်ခါသွားသည်။

စကြာဝဠာကြီးရှိ မရေမတွက်နိုင်သော

ဝိညာဉ်စွမ်းအင်များ ရုတ်တရက်

မှိန်ကျသွားတော့သည်။

ထို့နောက်တွင်တော့

ဝိညာဉ်စွမ်းအင်တစ်မျှင်ဟူ၍ မရှိတော့ဘဲ

ရုတ်တရက်ကြီး

ပျောက်ကွယ်သွားခဲ့သည်။

စကြဝဠာကြီးတစ်ခုလုံး လျင်မြန်စွာ

ခြောက်ကပ်သွားသည် ။

လူအုပ်ထဲမှ တစ်စုံတစ်ယောက်က
"ပေါ်တယ်ကိုကြည့်လိုက်" ဟု
အော်လိုက်သည်။

လူတိုင်း ကျော်ကြည့်ကြသည်။
ဤအခိုက်အတန့်တွင် ပေါ်တယ်စနစ်က
စတင်လည်ပတ်နေပြီဖြစ်သည်။
လူတိုင်း၏ အကြည့်များအောက်မှာပင်
ပိုပြီးလျင်မြန်စွာလည်ပတ်နေခဲ့သည်။
ခဏအကြာတွင် မြင်ကွင်းထဲသို့

အကန့်အသတ်မဲ့သော
ကြယ်တာရာများနှင့်
အာကာသပြင်ကြီးတစ်ခု ပေါ်လာသည်။

ဤမြင်ကွင်းအား မြင်လိုက်သောအခါ
လူတိုင်း စိတ်လှုပ်ရှားသွားကြသည်။

ပေါ်တယ်စနစ် အသက်ဝင်လာပြီ ။

"သွားကြမယ်..." တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန် အော်လိုက်ပြီးနောက် အများအပြား ပြေးတက်လာကြသည်။ သို့သော်လည်း ရှေ့သို့ ပြေးတက်လိုက်သည်နှင့် သူတို့၏ ခေါင်းများသည် ရုတ်တရက် လေထဲသို့ ပျံတက်သွားသည်။

သို့ရာတွင် မရပ်တန့်ဘဲ အားလုံးက ရှေ့ကို ပြေးတက်နေကြဆဲဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ
အလင်းတံခါးအနီးသို့ပင်
မရောက်နိုင်ကြပေ။

ဤအခိုက်အတန့်တွင် လူတိုင်းသည်
နောက်ဆုံးတွင် ဖြစ်ပျက်ခဲ့သည်ကို
သဘောပေါက်သွားကြသည်။

သူတို့ရှေ့တွင်

အနက်ရောင်ဓားရှည်ကြီးများ

ဆုပ်ကိုင်ထားသော အသေခံစစ်သည် ၁၀

ယောက်ရှိနေသည်။

ထိုစစ်သည်တော် ၁၀ ယောက်က

အလင်းတံခါးရှေ့တွင် ရပ်နေကာ

သူတို့ရှေ့တွင် ခေါင်းများ အဆက်မပြတ်

ပျံတက်လာသည်။

သို့သော် သူတို့၏ ရှင်သန်လိုစိတ်က

အရာအားလုံးကို လစ်လျူရှုပြီး

ရှေ့ကိုသာ

ဆက်ပြီးပြေးတက်နေကြသည်။

ဤအတောအတွင်း နည်းပြချုပ်ထျန် က

သူ့ရှေ့ရှိ မြင်ကွင်းကို လစ်လျူရှုကာ

ညာလက်ကို မြှောက်ပြီး "အားလုံး

ဝင်လိုက်ကြတော့"

နည်းပြဂူ က
အင်မော်တယ်မျိုးနွယ်၏အဖွဲ့ဝင်များထံ
လျှောက်လာပြီး “ငါ့နောက် လိုက်ခဲ့ကြ…”

ထို့နောက်
အင်မော်တယ်မျိုးနွယ်ဝင်အများအပြား
ပြေးထွက်လာပြီး
အလင်းတံခါးပေါက်ထဲသို့ ဝင်လာသည်။

ဤအချိန်တွင် အဝေးမှ ဓားအူသံ

ထွက်ပေါ်လာပြီးနောက်

အစိမ်းရောင်ဝတ်စုံဝတ် လူငယ်တစ်ဦးနှင့်

အဖြူရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦး ရောက်လာကြသည်။

အခြားမဟုတ်ဘဲ ယန်ယဲ့နှင့်

အန်နန်ကျင်းတို့ပင်ဖြစ်သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၁ - သံသရာမီးလျှံ၏

ပင်မစွမ်းအား

ယန်ယဲ့နှင့် အန်နန်ကျင်း

တို့ရောက်လာသည်ကို မြင်သောအခါ

မရေမတွက်နိုင်သောလူများက ရှူးသွပ်စွာ

အော်ဟစ်ခဲ့ကြသည်။

စကြာဝဠာကြီးမှ ကျင့်ကြံသူများစွာဟာ

အင်မော်တယ်မျိုးနွယ်၏

အသေခံစစ်သည်

၁၀ ယောက်ကို ရင်ဆိုင်ရသောအခါ

စိတ်ပျက်အားငယ်မှုတို့ဖြင့်

ပြည့်နှက်နေခဲ့သည်။

မျှော်လင့်ချက်ကား သူတို့ရှေ့တွင်

ရှိနေသော်လည်း အသေခံစစ်သည် ၁၀

ယောက်ရှိနေသောကြောင့် လူတိုင်း

စိတ်ပျက်အားငယ်နေခဲ့သည်။

သူတို့ရောက်လာကတည်းက ထိုပညာရှင်

၁၀ ယောက်ဟာ

အချိန်တိုလေးအတွင်းမှာပဲ လူပေါင်း

(၁၀,၀၀၀) လောက်ကို

သတ်ပစ်လိုက်ပြီဖြစ်သည်။

လူတိုင်း၏မျက်နှာသည်

စိတ်ပျက်အားငယ်မှုများ

ဖုံးလွှမ်းထားသည်။

သို့သော်လည်း သူတို့

စိတ်ပျက်အားငယ်နေချိန်တွင် ယန်ယဲ့

ရောက်လာခဲ့လေပြီ။

ယန်ယဲ့က

ဘာကြောင့်ရောက်လာမှန်းမသိသော်လ

ည်း လူတိုင်း သိပ်ပြီးမစဉ်းစားခဲ့ကြပေ။
မည်သို့ပင်ဖြစ်စေ
ယန်ယဲ့ရောက်လာပြီဖြစ်ရာ လူတိုင်းက
မျှော်လင့်ချက်များရှိလာသည်။

ရှေ့ကို ပြေးမတက်ကြတော့ဘဲ
ယန်ယဲ့ကိုသာ ကြည့်နေကြသည်။

နည်းပြချုပ်ထျန် က ယန်ယဲ့နှင့်
အန်နန်ကျင်း ရှေ့တွင် ရပ်နေသည်။

သူ့နောက်ကွယ်တွင်
အင်မော်တယ်မျိုးနွယ်၏
အသေခံစစ်သည် ၁၀
ယောက်ရပ်နေသည်။

၎င်းတို့ထံမှ ထွက်ပေါ်နေသော
အငွေ့အသက်သည် အကန့်အသတ်မဲ့
ပင်လယ်သမုဒ္ဒရာကဲ့သို့
နက်ရှိုင်းလှသည်။

ယန်ယဲ့ သည် သူတို့နောက်ကွယ်ရှိ

အလင်းတံခါးကို စိုက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်

အင်မော်တယ်မျိုးနွယ်၏

ပညာရှင်အများအပြားက

အလင်းတံခါးကို

ဖြတ်ကျော်သွားခဲ့ကြသည်။

ယန်ယဲ့ သည် သူ့အကြည့်ကို

ဆုတ်လိုက်ပြီး အကြီးအကဲယွမ် နှင့်

အခြားလူများကို လှည့်ကြည့်လိုက်သည်။ အကြီးအကဲယွမ် က ခေါင်းညိတ်ကာ အဆင်သင့်ဖြစ်နေကြောင်းပြသည်။

ဤအချိန်တွင် နည်းပြချုပ်ထျန် က ယန်ယဲ့ကိုစိုက်ကြည့်ကာ "မင်းက ယန်ယဲ့လို့ ငါထင်တယ်။ ဒီလိုအသက်အရွယ်မှာ...”

ဤအချိန်မှာပဲ ယန်ယဲ့ သည်
နေရာမှာတင်ပျောက်သွားသဖြင့်
နည်းပြချုပ်ထျန် က
စကားပင်မဆိုးလိုက်ပေ။

ဆူး...

ခဏအကြာတွင်ပဲ ဓားတစ်ချောင်းက
နည်းပြချုပ်ထျန်၏အထက်သို့
ပိုင်းချလာသည်။

သို့သော် လက်တစ်ဖက်က ဓားကို

ဖမ်းဆုပ်ထားသောကြောင့်

နည်းပြချုပ်ထျန် နှင့်

လက်မဝက်အကွာတွင်

ရပ်တန့်သွားခဲ့သည်။

နည်းပြချုပ်ထျန်က

လက်တစ်ဖက်ဆန့်ထုတ်ပြီး

ယန်ယွဲ့၏ဓားကို ဖမ်းဆုပ်ထားခဲ့သည်။

ဤအချိန်တွင် နည်းပြချုပ်ထျန်၏

ပတ်ပတ်လည်၌ ထူးဆန်းသော

ငွေရောင်အလင်းတန်းတစ်ခု ရှိနေသည်။

သူ့လက်က ငွေရောင်အလင်းတန်းများ

ဖုံးအုပ်ထားသည်။ ထို့အပြင်

ငွေရောင်အလင်းတန်းက

ယန်ယဲ့၏ဓားကို ရစ်ပတ်ကာ ပြင်းထန်စွာ

တုန်လှုပ်စေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏လက်မောင်းထဲမှ
မီးတောက်ကြိုးမျှင်တစ်ချောင်း
ရုတ်တရက်ထွက်လာပြီး
သူ့ဓားပေါ်ရောက်လာသည်။

ဘမ်း…

နည်းပြချုပ်ထျန် က
ခုခံချိန်ပင်မရလိုက်ဘဲ
လွင့်ထွက်သွားခဲ့သည်။

"သံသရာမီးလျှံ..."

ယန်ယွဲ့ သည်

နောက်ထပ်တိုက်ခိုက်ရန်ပြင်လိုက်စဉ်

သူ၏အမူအရာသည်

ရုတ်တရက်ပြောင်းလဲသွားသည်။

အေးစက်စက်အလင်းတန်းတစ်ခုက

သူ့ဆီသို့

တည့်တည့်တိုးဝင်လာသောကြောင့်
ဖြစ်သည်။

မြန်လိုက်တာ။

ယန်ယဲ့ သည်
အမှန်တကယ်တုန်လှုပ်သွားမိသည်။

သို့သော် သူတို့ပြန်မှုက မနှေးကွေးဘဲ

ခါးကို အလိုလို ငှေ့ယမ်းလိုက်သည်။

ခါးအလင်းတန်းတစ်ချက် လက်သွားပြီး

အေးစက်စက်အလင်းတန်းကို

ဖြတ်တောက်ပစ်လိုက်သည်။

သို့သော်လည်း ပြင်းထန်သော

အားလှိုင်းတစ်ခုက

ယန်ယွဲ့၏ညာဖက်လက်မောင်းဆီသို့

တိုးဝင်လာသည်။

သို့ရာတွင် ၎င်းသည် အဆုံးမဟုတ်ပေ၊ ပထမတစ်ခု၏နောက်တွင် နောက်ထပ် အလင်းတန်း ၉ ခုရှိနေသည်။

ဂရုတစိုက်ကြည့်လျှင် အလင်းတန်း ၉ ခုသည် ဓားစွမ်းအင်များဖြစ်ကြောင်း သတိပြုမိပေလိမ့်မည်။

ဓားစွမ်းအင် ၉ စင်းက ယန်ယွဲ့ထံသို့ အဖက်ဖက်မှ တိုးဝင်လာသည်။

ဘမ်း...

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ သည်

အဝေးသို့ လွင့်ထွက်သွားခဲ့သည်။

သို့သော် သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် တပြိုင်နက်

အနက်ရောင် အရိပ်တစ်ခုက သူ့ရှေ့တွင်

ပေါ်လာပြီး ဓားတစ်ချောင်းက

သူ့ခေါင်းကို  ထိုးချလိုက်လေသည်။

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူ့ညာလက်ကို

လှန်ပြီး ဓားကို အပေါ်သို့

ပင့်ခုတ်လိုက်သည်။

ဤအချိန်တွင် သူ့နောက်ကွယ်မှ

နောက်ထပ် အရိပ်တစ်ခု

ပေါ်လာပြန်သည်။

၎င်းသည် အသေခံစစ်သည် ၁၀

ယောက်ထဲမှ ၁ ယောက်ဖြစ်သည်။

အသေခံစစ်သည်က

ယန်ယဲ့၏နောက်ကျောဖက်သို့

တိုးကပ်လာပြီး

ဓားဖြင့်ထိုးသွင်းလိုက်ပါသည်။

ဘမ်း…

ယန်ယဲ့က သူ့အထက်မှ ခုတ်ချလာသော ဓားကို တားဆီးလိုက်သော်လည်း နောက်ကျောကနေ တိုးဝင်လာသော ဓားကိုတော့ မရှောင်နိုင်ခဲ့ပေ။

ဆူး…

ဓားသွားက ယန်ယဲ့၏ အရေပြားထဲကို

ထိုးဖောက်ဝင်ရောက်သွားသည်။

နောက်ထပ် လက်မဝက်လောက်သာ

နက်သွားရင်တော့

သူ၏ကိုယ်တွင်းအင်္ဂါများ ချက်ချင်း

ပျက်စီးသွားပေမည်။ သို့ရာတွင်

ယန်ယဲ့ထံမှ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ဓားစိတ်ဆန္ဒ ထွက်ပေါ်လာပြီး

ဓားကိုတားဆီးလိုက်သည်။

ဘမ်း…

သူ့နောက်ကွယ်မှ
လျှို့ဝှက်ဆန်းကြယ်သော
အသေခံစစ်သည် က
ချက်ချင်းပျောက်ကွယ်သွားသည် ။

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့
ပြန်ဆုတ်သွားရသည်။ ဤအချိန်တွင်
အသေခံစစ်သည် ၂ ယောက်က

မူလနေရာမှာသာရပ်နေခဲ့ကြသည်။
နေရာကနေ တစ်ခါမှ
မရွေ့ဖူးသည့်အလားထင်ရလေသည်။

ယန်ယဲ့၏ပါးစပ်ထောင့်မှ သွေးများ
ဖြည်းညှင်းစွာ စီးကျလာသည်။

စကြာဝဠာကြီးမှ ပညာရှင်များသည်
ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
မျက်နှာများ ဖျော့တော့သွားသည်။

အန်နန်ကျင်း၏ မျက်နှာသည်ပင်
မှုန်မှိုင်းလာသည်။

အသေခံစစ်သည်များ၏ ခွန်အားက
အမှန်ပင် ကြောက်စရာကောင်းလှသည်။

ယန်ယဲ့ သည် သူ့ပါးစပ်ထောင့်က
သွေးများကို သုတ်လိုက်ပြီး
အသေခံစစ်သည် ၁၀ ယောက်ကို
စိုက်ကြည့်နေသည်။ တစ်ချိန်တည်းမှာပဲ

နည်းပြချုပ်ထျန် က ဆတ်ခနဲပြောသည်

"ပြောစရာမလိုအောင်ပဲ၊ မင်းက

တော်တော်သန်မာတယ်။

ကံမကောင်းစွာပဲ၊ သူတို့က

ဘယ်သူတွေလဲဆိုတာ မင်းသိလား။

ငါ့အင်မော်တယ်မျိုးနွယ်ရဲ့

အသေခံစစ်သည်တော်တွေ။ သူတို့က

ငါတို့မျိုးနွယ်စုရဲ့ ထိပ်တန်းအဆင့်

စစ်သည်တော်တွေပဲ။

မရေမတွက်နိုင်တဲ့

အလောင်းပုံတွေထဲကနေ

မွေးဖွားလာကြတာ။ မင်းလည်း

အများကြီးသတ်ဖူးတယ်လို့

ငါကြားတယ်၊ ဒါပေမဲ့

မင်းသတ်ခဲ့တဲ့အရေအတွက် သူတို့နဲ့

ယှဉ်ရင် ဘာမှမဟုတ်သေးဘူး”

ယန်ယဲ့ သည်

အသက်ပြင်းပြင်းရှူလိုက်သည်။

တျန်းရှူက သူ့ကို

အမှန်အတိုင်းပြောခဲ့တာပါ။

အင်မော်တယ်မျိုးနွယ်၏

အသေခံစစ်သည်များက

အမှန်ပင်သန်မာလွန်းပေသည်။

သို့သော်လည်း

အင်မော်တယ်မျိုးနွယ်သည်

နှစ်ပေါင်းထောင်ချီသက်တမ်းရှိ

အခြေခံအုတ်မြစ်ကိုပိုင်ဆိုင်ထားလေရာ
ပုံမှန်ပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ လောလောဆယ်
သူ့ရှေ့တွင် ပြဿနာရှိနေပါပြီ။

သူသာ အသေခံစစ်သည် ၁၀ ယောက်ကို
မကိုင်တွယ်နိုင်လျှင် အကြီးအကဲယွမ်
တို့အုပ်စု အတွက်
ထွက်သွားနိုင်တော့မည်မဟုတ်ပေ။

ယန်ယွဲ့ သည် အလင်းတံခါးပေါက်ကို

တစ်ချက်လှမ်းကြည့်လိုက်ရာ

အင်မော်တယ်မျိုးနွယ်၏ အင်အား

သုံးပုံတစ်ပုံကျော် ဖြတ်သွားသည်ကို

သတိပြုမိသည်။ အားလုံး ပြီးဆုံးဖို့က

အလွန်ဆုံးမှ ၂ နာရီလောက်သာ

ကြာနိုင်သည်။ ထို့နောက်တွင်

အင်မော်တယ်မျိုးနွယ်သည်

အခြားစိုးရိမ်စရာမရှိတော့ပေ။

ထိုအချိန်ရောက်ပါက စကြာဝဠာကြီး၏
မဟာအစီအရင်ကိုပိတ်ကာ
အင်အားအပြည့်ဖြင့်
တိုက်ခိုက်လာမည်မှာသေချာပေသည်။

တစ်နည်းအားဖြင့် ယခုလောလောဆယ်
သူတို့အားလုံး ထွက်သွားလိုပါက
အင်မော်တယ်မျိုးနွယ်၏
အသေခံစစ်သည် ၁၀ ယောက်ကို
အရင်ဆုံးရှင်းပစ်ရမည်ဖြစ်သည်။

ယန်ယဲ့က သူ့ဘယ်ဖက်လက်ကို
လှန်လိုက်သည်နှင့် သူ့လက်ထဲတွင်
အဓိပတိဓား ပေါ်လာသည်။ ထို့နောက်
သူ့ညာလက်ကိုအနည်းငယ်လှုပ်လိုက်ရာ
မှုလနတ်ဓားပေါ်လာသည်။

ဤအချိန်တွင် သူသည်
အဆင့်သတ်မှတ်ချက်ထက်

ကျော်လွန်သော ဓားနှစ်လက်ကို
ကိုင်ထားခဲ့သည်။

ဘမ်း... ဘမ်း...

တစ်ချိန်တည်းမှာပဲ သူ့ထံမှ
ကြောက်မက်ဖွယ် စိတ်ဆန္ဒ ၂
ခုလွင့်ထွက်သွားသည်။
တစ်ခဏလေးအတွင်း ယန်ယဲ့၏

အငွေ့အသက်ဟာ ချက်ချင်း

ပေါက်ကွဲထွက်လာသည်။

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

ဓားစိတ်ဆန္ဒ နှင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

။

အဆုံးမဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ဓားစိတ်ဆန္ဒ သည် ပတ်ဝန်းကျင်အား

တိုက်ရိုက် ဖုံးလွှမ်းထားခဲ့သည်။

ယန်ယဲ့ က အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်ပြီး "ကျင်းအာ၊

ငါ့ကို ကူညီပါ"

ထိုစကားပြောပြီးသည်နှင့်

ညာခြေကိုတစ်ချက်ဆောင့်၍

အသေခံစစ်သည် ၁၀ ယောက်ထံ

ခုန်ဝင်လိုက်သည်။

ဤအချိန်တွင်…

အောင်း….

စကြာဝဠာကြီးအနှံ့

ပဲ့တင်ထပ်သွားစေသော စူးရှသော

ခေါ်ဆိုသံကြီး ကျယ်လောင်စွာ

ထွက်ပေါ်လာသည်။

ဤအချိန်တွင် အန်နန်ကျင်း က

သူမ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

သူမ၏လက်ထဲမှ ဒေါ်သမီးတောက်လုံက

မီးတန်းအဖြစ်ပြောင်းလဲကာ

အသေခံစစ်သည် များဆီသို့

ပြေးဝင်သွားသည်။

ဘုန်း…ဘုန်း…

သိပ်မကြာလိုက်ဘဲ မီတာထောင်ချီသော
ရေိယာသည် ပြင်းထန်စွာ
လှုပ်ခါသွားသည် ။

ယန်ယဲ့ တိုက်ခိုက်လိုက်သည်နှင့်
အသေခံစစ်သည် တစ်ယောက်က ရှေ့သို့
ခြေတစ်လှမ်းတိုးကာ သူ၏ဓားကို
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်
ထိုးသွင်းလိုက်သည်။

ဆူး...

ထက်မြသော ဓားစွမ်းအင်တစ်စင်းက

အာကာသကို ဖြတ်တောက်သွားသည်။

ဓားစွမ်းအင် ဖြတ်သွားကာ

အာကာသပြင်တစ်လျှောက်သည်

ပွင့်ထွက်သွားခဲ့သည်။

ယန်ယွဲ့က သူ၏ဓားနှစ်လက်ကို

ပေါင်းစည်းကာ ပိုင်းချလိုက်သည်။

ဘမ်း....

ဓားနှစ်လက် ပေါင်းစည်းပြီးမှ
ထွက်ပေါ်လာသော ဓားစွမ်းအင်သည်
အသေခံစစ်သည်၏ ဓားစွမ်းအင်ကို
နှစ်ပိုင်းဖြတ်တောက်သွားသည်။

သို့သော် ဓားစွမ်းအင်များ
ပွင့်ထွက်သွားသည့် တစ်ချိန်တည်းမှာပင်

ယန်ယဲ့ရှေ့သို့ အနက်ရောင် အရိပ်တစ်ခု ရောက်ရှိလာသည်။ ထို့နောက် အနက်ရောင်ဓားတစ်ချောင်းက သူ၏ငယ်ထိပ်တည့်တည့်ပိုင်းချလာသည်။

ယန်ယဲ့ သည် ဤတိုက်ခိုက်မှုကို ရှောင်တိမ်းရန် မရွေးချယ်ဘဲ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

သူ့ဓားပေါ်၌ မီးတောက်မီးလျှံများ

ပေါ်လာပြီး ချက်ချင်းပင်

ဓားတစ်ချောင်းလုံးကို

ဖုံးလွှမ်းသွားသည်။ ထို့နောက်

မီးတောက်ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက် အပေါ်ကို

ပင့်ခုတ်လိုက်လေသည်။

ဘမ်း...

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီးနောက်
ပုံရိပ်နှစ်ခု လွင့်ထွက်သွားခဲ့သည်။

ယန်ယွဲ့ နှင့် သူ့အား တိုက်ခိုက်လိုက်သော
အသေခံစစ်သည် တို့ပင်။

သို့သော်လည်း ယန်ယွဲ့သည် သူ့ကိုယ်သူ
အမြန်ရပ်လိုက်ပြီး ဓားကိုမြှောက်ကာ
နောက်တစ်ကြိမ်
တိုက်ခိုက်လိုက်ပါသည်။

ဆူး....

မီးခိုးစွမ်းအင်တစ်စင်းက အာကာသကို ဖြတ်သွားကာ အသေခံစစ်သည် ကို တည့်တည့် ထိမှန်သွားသည်။ သို့ရာတွင် ဒီအချိန်မှာပဲ ဓားတစ်လက်က ရုတ်တရက် ပျံသန်းလာပြီး ယန်ယဲ့၏မီးခိုးစွမ်းအင်ကို ထိမှန်သွားပါတော့သည်။

ဤအချိန်တွင် နောက်ထပ်

အသေခံစစ်သည် တစ်ယောက်

ရှေ့တက်လာသည်။

ခွမ်း…

ယန်ယဲ့၏ မီးဓားစွမ်းအင်က

ကွဲထွက်သွားပြီး ချေမှုန်းခံလိုက်ရသည် ။

ယန်ယဲ့ သည်

အနည်းငယ်မျက်နှာပျက်သွားကာ

ဘေးဖက်ကို ကြည့်လိုက်သည်။

လက်ရှိတွင် အန်နန်ကျင်း က

အသေခံစစ်သည် နှစ်ယောက်ကို

ရင်ဆိုင်နေသည်။ အန်နန်ကျင်းက

တိုက်ပွဲကို အသာစီးမရပေ။ သို့ရာတွင်

အရေးနိမ့်နေခြင်းလည်းမရှိပါ။

တိုက်ပွဲအခြေအနေက

ရှေ့မတိုးနောက်မဆုတ်သာ ဖြစ်နေသည်။

ကျန် အသေခံစစ်သည် ၆ ယောက်နှင့်

နည်းပြချုပ်ထျန် ကတော့

အင်မော်တယ်မျိုးနွယ်ဝင်များ၏

အနီးအနားမှာ ရပ်နေကြသည်။

သေချာသည်မှာ သူတို့နောက်ကွယ်မှ

တစ်စုံတစ်ယောက် ရှုတ်တရက်

တိုက်ခိုက်လာမည်ကို စိုးရိမ်သောကြောင့်
မတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ယန်ယဲ့ သည် သူ့အတွေးများကို
ထိန်းလိုက်သည်။ ထို့နောက် သူ့ရှေ့မှ
အသေခံစစ်သည်များကို စိုက်ကြည့်ရင်း
ဓားနှစ်လက်ကို တင်း တင်းကျပ်စွာ
ဆုပ်ကိုင်လိုက်သည်။ ဒီအချိန်မှာ
အသေခံစစ်သည်များက
မတိုက်ခိုက်ကြပေ။ သိသာစွာပင်

သူတို့လည်း အခြားသော

အင်မော်တယ်မျိုးနွယ်ဝင်များ

အကုန်ထွက်သွားပြီးချိန်အထိ

စောင့်ဆျင်းနေတာပါ။

ထို့အတွက်ကြောင့် ယန်ယဲ့ သည်

နှောင့်နှေးမနေနိုင်တော့မှန်း သူသိသည်။

ယခုထက်ပိုပြီး အချိန်ဆွဲနေပါက

သူတင်မဟုတ်ဘဲ သူ့လူများပင်

ထွက်သွားနိုင်တော့မှာမဟုတ်ပေ။ ယန်ယဲ့သည် သူ၏ဓားနှစ်လက်ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက် မျက်လုံးများကိုဖြည်းညှင်းစွာမှိတ်လိုက်ပြီး "အကြီးအကဲသံသရာမီးလျှံ၊ မင်းရဲ့ပင်မကိုယ်ထည်နဲ့ငါ့ကိုကူညီပေးမယ်လို့မျှော်လင့်ပါတယ်"

ဓားနယ်မြေ ။

အမှန်တော့ ဓားနယ်မြေကို

အကန့်အသတ်ထိ ကျော်လွန်ပြီးတော့

မသုံးနိုင်ပါ။

ဓားနယ်မြေကို အသက်သွင်းလိုက်ပါက

အသေခံစစ်သည်ကို

သတ်နိုင်မည်ဖြစ်သည်။ သို့သော်လည်း

တန်ကြေးတစ်ခုတော့ ပြန်ပေးရပါမည်။

အဓိကကတော့ ဤနေရာတွင်

အသေခံစစ်သည် ၁၀ ယောက်အပြင်
နည်းပြချုပ်ထျန် ပါရှိနေသေး၏။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
ယန်ယဲ့၏စိတ်ထဲမှ သံသရာမီးလျှံ၏
အသံ တိုးညှင်းစွာ ထွက်လာသည်
“မင်းသေချာလား။ ငါ့
ခွန်အားအပြည့်နဲ့ထုတ်သုံးရမှာလား”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“ဟုတ်ပါတယ်”

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

သံသရာမီးလျှံ က “မင်းရဲ့ ခန္ဓာကိုယ်က

ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး” ဟု

ပြန်ဖြေခဲ့သည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး "ငါ

မလုပ်နိုင်ရင်တောင် လုပ်ရမယ်"

သံသရာမီးလျှံ က ရုတ်တရက်

"ကောင်းပြီလေ။ မင်းဆုံးဖြတ်ပြီးမှတော့

အခု မင်းရဲ့ မူလခန္ဓာကိုယ်နဲ့

စိတ်ဝိညာဉ်ကို ကာကွယ်ပေးထားဖို့

မူလစေတီကို ဆက်သွယ်လိုက်ပါ"

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူ့ခန္ဓာကိုယ်ထဲမှ

ရွှေရောင်အလင်းတန်းတစ်ခု

ထွက်လာပြီး တစ်ကိုယ်လုံး

ဖုံးလွှမ်းသွားသည်။

ဘမ်း....

ခဏအကြာတွင် သူ့ခန္ဓာကိုယ်ထဲမှ

မီးတောက်မီးလျှံများ ထွက်လာပြီးနောက်

ယန်ယွဲ့၏တစ်ကိုယ်လုံးကို

ဖုံးလွှမ်းသွားခဲ့သည်။ ဒီအချိန်မှာ

သူ့ခန္ဓာကိုယ်က

မီးလှူသားတစ်ယောက်အဖြစ်
ပြောင်းလဲသွားပုံရသည်။

သံသရာမီးလျှံ ထွက်ပေါ်လာသည်နှင့်
ဤနေရာ၏ အပူချိန်သည်
ချက်ချင်းလောင်မြိုက်လာသည်။
ပတ်ဝန်းကျင်ရှိ အာကာသပင်
အရည်ပျော်စပြုလာသည်။

ရုတ်တရက်....

ဆူး.. ဆူး... ဆူး...

ယန်ယဲ့၏ပတ်ပတ်လည်ရှိ

အာကာသသည် လောင်ကျွမ်းလာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၂ - ယန်ဝုဒီ ၏

အရန်အစီအစဉ်

"သံသရာမီးလျှံ... "

စကြာဝဠာကြီးတစ်ခုလုံးကို

အရည်ပျော်ကျသွားနိုင်သည်အထိ

လောင်ကျွမ်းစေနိုင်သော

နတ်ဆိုးမီးတောက် ပင်ဖြစ်သည်။

သံသရာမီးလျှံ ပေါ်လာသည်နှင့်

နည်းပြချုပ်ထျန်၏မျက်နှာပေါ်တွင်

လေးနက်သော အမူအရာ ရှိနေသည်။

ဤအခိုက်အတန့်တွင် သူသည်

အန္တရာယ်ကို ခံစားလိုက်ရသည်။

လုံးဝကို ကြောက်စရာကောင်းသည်။

"သတ်ကြ..." ယန်ယဲ့က ညာခြေထောက်

ကို မြှောက်ပြီး နင်းချလိုက်သည်။

ဆူး...

သူ့အောက်ရှိ အာကာသသည်
မီးတောက်များ လောင်ကျွမ်းကာ
အရည်ပျော်ကျသွားခဲ့သည်။

နည်ပြချုပ်ထျန် က
လေးနက်စွာသတိပေးလိုက်သည်
"သတိထားပါ"

ဤအတောအတွင်း

အသေခံစစ်သည်တစ်ယောက်က ရှေ့သို့

တိုးလာပြီးနောက် ပုံရိပ်တစ်ခု

ပေါ်လာသည်။

ဘမ်း...

အာကာသထဲသို့

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်လှိုင်းလုံးကြီးတစ်ခု

ပြန့်နှံ့သွားပြီး အနက်ရောင် အရိပ်တစ်ခု

လွင့်ထွက်သွားလေသည်။

ထိုအနက်ရောင်

အရိပ်၏ပတ်ပတ်လည်တွင်

မီးတောက်များလောင်ကျွမ်းနေခဲ့သည်။

ဤမြင်ကွင်းကြောင့် နည်းပြချုပ်ထျန်၏

အမူအရာသည် ပြောင်းလဲသွားသည်။

သူ့ပုံရိပ်က အသေခံစစ်သည် ရှေ့သို့

ချက်ချင်း ရောက်ရှိလာသည်။ ထို့နောက်
သူ၏ညာဖက်လက်ဝါးကို
အသာဖိလိုက်သည်။

သူ၏လက်ဝါးမှ သိပ်သည်းသော
အနက်ရောင် စွမ်းအင်ကြိုးမျှင်များ
စီးထွက်လာပြီး အသေခံစစ်သည်
ထံတိုးဝင်လာသည်။ သို့ရာတွင်
အနီးသို့ပင်မရောက်လိုက်ဘဲ

မီးတောက်များက

လောင်ကျွမ်းသွားခဲ့သည်။

နည်းပြချုပ်ထျန်၏ မျက်လုံးများသည်

ကျဉ်းမြောင်းလာသည်။ သူ့လက်ဝါးကို

ပြန်ရုတ်ပြီး “ငါ မင်းကို

မကယ်နိုင်တော့ဘူး”

အသေခံစစ်သည် က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး သူ့ခန္ဓာကိုယ်ထဲမှ
မီးတောက်များ ထွက်ပေါ်လာသည်။

မူလဝိညာဉ်ကို လောင်ကျွမ်းခြင်း ။

သူ၏မူလဝိညာဉ်ကို
လောင်ကျွမ်းစေပြီးနောက်
အသေခံစစ်သည်၏အော်ရာက
ချက်ချင်းဆိုသလို

ပေါက်ကွဲထွက်လာသည်။ ၎င်းက

ယခင်ထက်

ပိုပြီးတော့ကိုပြင်းထန်လာသည်။

ထို့နောက် သူ၏ဓားကိုမြှောက်ပြီး

ယန်ယွဲ့အားပိုင်းချလိုက်လေသည်။

ခလွပ်...

မီရာရာချီကျယ်ပြန့်သော

အာကာသသည် ချက်ချင်း

အက်ကွဲသွားသည်။

အသေခံစစ်သည်က

အသက်မရှင်နိုင်တော့မှန်း သိပြီးနောက်

သူ၏မူလဝိညာဉ်ကိုလောင်ကျွမ်းပြီး

နောက်ဆုံးတိုက်ခိုက်မှုထုတ်ဖော်လိုက်သ

ည်။

ဘုန်း…

ရောမပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက်
ယန်ယဲ့၏ပုံရိပ်က မီတာရာချီအထိ
လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
ပါးစပ်ထောင့်မှ သွေးများ
စိမ့်ထွက်လာသည်။ တစ်ချိန်တည်းမှာပင်

တစ်ကိုယ်လုံး အက်ကွဲသွားပြီး သွေးများ

အဆက်မပြတ် စီးထွက်လာသည်။

သို့သော်လည်း

မူလခရမ်းရောင်စွမ်းအင်က

သူ၏ဒဏ်ရာများ လျင်မြန်စွာ

ကုသပေးရာ

တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

ယန်ယွဲ့ သည်

ဒဏ်ရာပြင်းထန်စွာရခဲ့သော်လည်း

အသေခံစစ်သည်တစ်ယောက်က

သေဆုံးသွားခဲ့ပြီဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့သည်

တျန်းရှူပြောသည့်အတိုင်း

အသေခံစစ်သည်များ

မည်မျှကြောက်စရာကောင်းမှန်း

နားလည်သွားသည်။ ၎င်းတို့သည်

သန်မာရုံမျှမကဘဲ သေခြင်းကိုပင်

မကြောက်ရွံ့ခဲ့ပေ။ သံသရာမီးလျှံ၏

လောင်ကျွမ်းခြင်းကို ခံရသော်လည်း

၎င်း၏မျက်နှာက

အကြောက်တရားတစ်စုံတစ်ရာပင်မရှိခဲ့ ။

ခဏအကြာတွင် ယန်ယဲ့ သည် ကျန်

အသေခံစစ်သည် ၉ ယောက်ကို

စိုက်ကြည့်လိုက်သည်။

သူ၏မျက်လုံးများကိုမှိတ်ထားလိုက်ပြီး

နေရာမှာတင် ဖျတ်ခနဲ

ပျောက်သွားခဲ့သည်။

ဤအချိန်တွင် အသေခံစစ်သည် ၅
ယောက်က ရှေ့ကို လှမ်းတက်လာပြီး
သူတို့၏လက်ထဲမှ ဓားများကို
ပြိုင်တူဝှေ့ယမ်းလိုက်သည်။

ဆူး ...ဆူး... ဆူး... ဆူး...ဆူး...

ဘမ်း....

ဘာဖြစ်သွားမှန်းပင် မသိလိုက်ဘဲ
ယန်ယွဲ့သည် မီတာရာချီအထိ
လွင့်ထွက်သွားခဲ့သည်။

အသေခံစစ်သည် ၅ ယောက်က ရှေ့သို့
ခြေတစ်လှမ်းထပ်တိုးကာ
၎င်းတို့၏ဓားများကို နောက်တစ်ကြိမ်
ပိုင်းချလိုက်သည်။

ဆူး...

ဓား ၅ လက်မှ ဓားအလင်းတန်း ၅ ခု ဖြာထွက်လာသည်။

အရှိန်က အလွန်ကိုလျင်မြန်လှသည်။

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်ကျဉ်းမြောင်းသွားကာ သူ့မျက်လုံးထဲမှ

ရက်စက်သောအရိပ်အယောင်များ

ပေါ်လာသည်။

သူသည် ရှေ့သို့ ပြေးတက်လာလိုက်ပြီး

ဓားနှစ်လက်ကို တစ်ပြိုင်နက်တည်း

ပိုင်းချလိုက်တော့သည်။

ရှဲ....

ဓားနှစ်လက်မှ

မီးတောက်များပြေးထွက်လာသည်။

ထို့နောက်တွင်တော့ သူ့ရှေ့က

အာကာသသည် မီးတောက်

ပင်လယ်အဖြစ် ပြောင်းလဲသွားသည်။

ဤအချိန်တွင် မီးတောက်ပင်လယ်က

အသေခံစစ်သည် ၅ ယောက်၏

ဓားစွမ်းအင်များကိုဖုံးလွှမ်းသွားသည်။

သို့သော်လည်း ဓားစွမ်းအင် ၅ စင်းက

အလွန်ပြင်းထန်လှသည်။

ကြည်လင်နေရာမှ

မီးတောက်ပင်လယ်ပြင်ကို

ထိုးဖောက်သွားသည်။ သို့ရာတွင်

သံသရာမီးလျှံ၏ အပူရှိန်က

ရုတ်ချည်းမြင့်တက်သွားကာ ဓားစွမ်းအင်

၅ စင်းလုံး

လေထဲမှာပင်ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် မီးတောက်ပင်လယ်ပြင်မှ
ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက်
မီးဓားစွမ်းအင်တစ်စင်းက
အသေခံစစ်သည်များ ဆီသို့
ပစ်လွှတ်လိုက်လေသည်။

အသေခံစစ်သည် ၅ ယောက်က ဓား
များကိုပြိုင်တူမြှောက်လိုက်သည်။

ဘမ်း...ဘမ်း...ဘမ်း...ဘမ်း...ဘမ်း...

လေထဲတွင် ဓားအလင်းတန်း ၅

စင်းရှတ်တရက် ပေါ်လာပြီးနောက်

မီးဓားစွမ်းအင်ကို ထိမှန်သွားသည်။

ဘုန်း....

ဤအခိုက်အတန့်တွင်

သူတို့၏တိုက်ခိုက်မှုကြောင့်

မီတာထောင်ချီကျယ်ပြန့်သော

အာကာသသည် ပွင့်ထွက်သွားသည်။

ထို့အပြင် ဓားစွမ်းအင်အလင်းတန်း ၅

စင်းက မီးတောက်ပင်လယ်ကို

အပိုင်းပိုင်းဖြတ်တောက်ပစ်လိုက်သည်။

ဓားစွမ်းအင်များက

မီးတောက်ပင်လယ်ကြီးကို

အပိုင်းပိုင်းဖြတ်လိုက်နိုင်သော်လည်း

လောင်ကျွမ်းသွားခဲ့သည်။

သံသရာမီးလျှံ ။

အဆင့်တူ နတ်ရတနာ အနည်းငယ်

ကလွဲ၍ မလောင်ကျွမ်းနိုင်သော

အရာတစ်ခုမရှိပါ။

ဤမြင်ကွင်းအား မြင်သောအခါ

နည်းပြချုပ်ထျန်၏အမူအရာသည်

မှုန်ကုပ်သွားသည် ။ ယန်ယဲ့

ပိုင်ဆိုင်ထားသော မီးတောက်က

အတော်လေးကိုကြောက်စရာကောင်းနေ

၏။

သို့သော်လည်း ယန်ယဲ့ သည်
အသေခံစစ်သည်များကို
ထပ်ပြီးမသတ်နိုင်ခဲ့ပေ။

ဤအခိုက်အတန့်တွင်
အင်မော်တယ်မျိုးနွယ်၏
အဖွဲ့ဝင်ထက်ဝက်နီးပါးသည်
အလင်းတံခါးပေါက်ကို
ဖြတ်သန်းသွားကြသည်။

ယန်ယဲ့ သည်

နောက်ထပ်မနှောင့်နှေးနိုင်တော့မှန်း

သိလိုက်သည်။

သူသည် အန်နန်ကျင်းကို

ရုတ်တရက်စိုက်ကြည့်လိုက်သည်။

အန်နန်ကျင်း က ချက်ချင်းဆိုသလို

သူ့ဘေးနားတွင် ပေါ်လာသည်။

ထို့နောက်တွင် နှစ်ယောက်သား

နေရာမှာတင် ပျောက်ယွားကြသည်။

ဤအတောအတွင်း အသေခံစစ်သည် ၅

ယောက်က ရှေ့ကိုတစ်လှမ်းတိုးလာပြီး

ဓား

၅ လက်ဖြင့် တစ်ပြိုင်တည်း

ပိုင်းချလိုက်သည်။

ဓား ၅ ချောင်းက တစ်ချိန်တည်းတွင်
လျင်မြန်စွာ ပိုင်းချလာသည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
ယန်ယွဲ့ နှင့် အန်နန်ကျင်း
တို့နှစ်ယောက်လုံး လွင့်ထွက်လာခဲ့သည်။

ပြန်ဆုတ်ကြမယ်....

ဤမြင်ကွင်းအား မြင်သောအခါ

စကြာဝဠာကြီးမှ ပညာရှင်အများအပြား

ဆုတ်ခွာသွားကြသည်။

တစ်ချိန်တည်းတွင် အကြီးအကဲ ယွမ်နှင့်

အခြားလူတိုင်း သူတို့၏မျက်နှာပေါ်တွင်

အလွန်လေးနက်သော အမူအရာများ

ရှိနေလေသည်။

ယန်ယဲ့နှင့် အန်နန်ကျင်း

တို့နှစ်ယောက်ပေါင်း၏ စွမ်းအားက

သဘာဝအတိုင်း သံသယပင်မလိုပေ။

သူတို့နှစ်ယောက်ပေါင်းထားပါက

ဤလောကတွင်

လျို့ဝှက်ဆန်းကြယ်သော

ပညာရှင်အနည်းငယ်ကလွဲ၍

ယှဉ်နိုင်သူတစ်ယောက်မှမရှိပေ။

သို့သော်လည်း နှစ်ယောက်လုံး

အသေခံစစ်သည် ၇ ယောက်ကို

ရင်ဆိုင်နိုင်စွမ်းမရှိခဲ့ကြပေ။

ဤအတိုင်းသာ ဆက်သွားနေပါက

သူတို့အားလုံး

ထွက်သွားနိုင်တော့မည်မဟုတ်ပါ။

အကြီးအကဲယွမ် က ခဏာနှုတ်ဆိတ်နေပြီးနောက် သူ့နံဘေးရှိ နတ်ဆိုးဘိုးဘေးကို စိုက်ကြည့်နေသည်။

နတ်ဆိုးဘိုးဘေး က အနည်းငယ် ခေါင်းညိတ်ပြပြီးနောက် အနက်ရောင်အလင်းတန်းအဖြစ် ပြောင်းလဲကာ အသေခံစစ်သည် ၉ ယောက်ထံ ပြေးဝင်သွားသည်။ သို့သော် တိုက်ပွဲထဲကို မရောက်ခင်မှာပဲ

နည်းပြချုပ်ထျန် က နတ်ဆိုးဘိုးဘေး ရှေ့တွင် ပေါ်လာသည်။

"မင်းက သေလမ်းရှာနေတာပဲ"

နတ်ဆိုးဘိုးဘေး က ဒေါသတကြီး အော်ဟစ်ပြီး သူ၏လက်သီးဖြင့် နည်းပြချုပ်ထျန် ကို ထိုးချလိုက်သည်။ သို့သော် နည်းပြချုပ်ထျန် က ကြောက်လန့်ပုံမရဘဲ လက်သီးဖြင့် ပြန်ထိုးလိုက်သည်။

ဘမ်း... ဘမ်း...

အာကာသပြင်အနှံ့

ကျယ်လောင်သောပေါက်ကွဲသံများ

ထွက်ပေါ်လာသည်။

အကြီးအကဲယွမ်၏ မျက်နှာက

မှုန်မှိုင်းနေခဲ့လေပြီ။ နတ်ဆိုးဘိုးဘေး က

သန်မာသည်။ သို့ရာတွင်

နည်းပြုချုပ်ထျန် ကလည်း သူ့ထက်
အားမနည်းပေ။ တိုက်ပွဲက
သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်နေသည်။

အကြီးအကဲယွမ် က ခပ်လှမ်းလှမ်းရှိ
အလင်းတံခါးကို စိုက်ကြည့်လိုက်သည်။
ထိုနေရာတွင် အသေခံစစ်သည် ၂
ယောက် စောင့်ကြပ်နေခဲ့သည်။

ဤအချိန်တွင် ကောင်းကင်ဧကရီ က

ရှေ့ထွက်လာပြီး "ငါလုပ်လိုက်မယ်"

သို့သော်လည်း အကြီးအကဲယွမ် က

ခေါင်းခါကာ “မင်းမတတ်နိုင်ဘူး”

သူက ကောင်းကင်ဧကရီ ကို

စိုက်ကြည့်ကာ

အသံတိုးတိုးလေးပြောလိုက်သည်

“မင်းအဲဒီကိုသွားရင်တောင် သူတို့ကို

ဘာမှလုပ်လို့မရဘူး။ အဓိပ္ပါယ်မဲ့တယ်”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့နှင့်

အန်နန်ကျင်း တို့ဖက်သို့

ကြည့်လိုက်သည်။ ဤအချိန်တွင်

တိုက်ပွဲသည်

အတော်လေးပြင်းထန်နေသည်။

နှစ်ယောက်စလုံးက အသေခံစစ်သည် ၇

ယောက်နှင့်ရင်ဆိုင်နေကြသည်။

အသေခံစစ်သည် ၇

ယောက်ပေါင်းတိုက်ခိုက်မှုက

သူတို့နှစ်ယောက်အား ဖိနှိပ်ထားခဲ့သည်။

အကြီးအကဲယွမ် က

မျက်မှောင်ကြုတ်ပြီး ခပ်တိုးတိုး

ရေရွတ်လိုက်သည် “ဒီအခြေအနေက

တကယ်ဖြေရှင်းဖို့ မဖြစ်နိုင်ဘူးလား”

ဘမ်း…

ဤအချိန်တွင် အဝေးမှ ပြင်းထန်သော

စွမ်းအင်ကြိုးတစ်ချောင်း

ရုတ်တရက်ထွက်ပေါ်လာသည်။

ပြင်းထန်လွန်းသဖြင့် ဤနေရာရှိ

ပညာရှင်တိုင်း သိသိသာသာ

လှုပ်ရှားသွားကြသည်။

အားလုံး တိုက်ခိုက်လက်စကို

ခဏရပ်ကာ ထိုစွမ်းအားလှိုင်း

ထွက်ပေါ်လာသည့်ဖက်သို့

အာရုံစိုက်လိုက်သည်။

သိပ်မကြာလိုက်ဘဲ စွမ်းအားလှိုင်းက

လူတိုင်းထံ ကျရောက်လာသည်။

ဤအချိန်တွင်

နည်းပြချုပ်ထျန်၏အမူအရာသည်

သိသိသာသာ ပြောင်းလဲသွားသည်။

အကြောင်းမှာ ထိုစွမ်းအားလှိုင်း၏

ပစ်မှတ်က အသေခံစစ်သည် ၇

ယောက်ကို ဦးတည်နေသောကြောင့်

ဖြစ်သည်။

၎င်းသည် အင်မော်တယ်မျိုးနွယ်၏

ကျင့်ကြံသူ မဟုတ်ပေ။

ဘမ်း....

စွမ်းအားလှိုင်းက

အသေခံစစ်သည်များကို ဖုံးအုပ်ထားပြီး

ယန်ယွဲ့ နှင့်အန်နန်ကျင်း ကလွဲ၍

ကျန်လူတိုင်း လွင့်ထွက်သွားခဲ့သည်။

ဤအချိန်မှာ ပတ်ဝန်းကျင်က

တိတ်ဆိတ်သွားသည်။

လူတိုင်း တိုက်ပွဲမြေပြင်ဆီသို့

မျှော်ကြည့်လိုက်ရာ အထက်၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး ကို
တွေ့လိုက်ကြသည်။

"သိုင်းကေရာဇ်..."

ရောက်လာသူသည်
စကြဝဠာကြီး၏ယခင်မျိုးဆက်
သိုင်းနတ်ဘုရား ပင်ဖြစ်သည်။

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

အမှန်တော့ သူ့စိတ်ထဲ တော်တော်လေး

အံ့သြသွားမိသည်။

ဤအချိန်တွင် သိုင်းကျောင်း

ရောက်လာဖို့ မမျှော်လင့်ထားပေ။

သူထင်သလောက်တော့ သိုင်းကျောင်းက

လောကအရေးကို ဂရုမစိုက်ခဲ့ပါ ။

သိုင်းဧကရာဇ် က ယန်ယဲ့နှင့်

အန်နန်ကျင်း တို့ဆီသို့

လျှောက်လာခဲ့သည်။ သူက

နှစ်ယောက်စလုံးကို ငုံ့ကြည့်ပြီး

အနည်းငယ်ပြုံးကာ “မင်းတို့

နှစ်ယောက်လုံး အံ့သြစရာကောင်းတယ်။

အချိန်တိုတိုအတွင်းမှာပဲ

ဒီလောက်တောင် သန်မာလာတယ်။

ဒီလောကရဲ့

ထိပ်ဆုံးရောက်ညာဏ်ကြီးရှင်တွေက
မျှော်လင့်ထားတဲ့အတိုင်းပါလား"

ယန်ယဲ့က အံ့သြသွားပြီး “အကြီးအကဲ…”

သိုင်းကျောင်း က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ "မင်းရဲ့အဖေက ဘာလို့
ငါ့သိုင်းကျောင်း အကယ်ဒမီမှာ
ဌာနမှူးရာထူး ရယူခဲ့တာလဲ သိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

သိုင်းဧကရာဇ် က ပြုံးပြီး "မင်းအတွက် အရေးကြုံလာရင် ကူညီပေးဖို့ သူနဲ့ သဘောတူညီမှု ရခဲ့တယ်။ ဟုတ်ပါတယ်၊ မင်းငါ့အကူအညီမလိုအပ်ရင် ငြင်းနိုင်တယ်၊ နောက်တစ်ခါကျမှ မင်းကိုငါကူညီမယ်"

"ယန်ဝုဒီ... "

ယန်ယွဲ့ သည် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ "ယန်ဝုဒီ ..." သူ့အဖေ၊ ထပ်ပြီးတော့ သူ့အဖေကြောင့်ပဲဖြစ်နေပြန်ပြီ။

ဤအတောအတွင်း သိုင်းဧကရာဇ်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ငါတွေ့ချင်နေတဲ့သူကို မြင်လိုက်ပြီ။

ဒါ့ကြောင့် ဒီလောကမှာ ဆက်နေတာက
ငါ့အတွက် အဓိပ္ပါယ်မရှိဘူး" ဟု
ပြောလိုက်သည်။

ယန်ယဲ့ က "မင်းလည်း
ထွက်သွားမှာလား"

သိုင်းကေရာဇ် က ခေါင်းညိတ်လိုက်သည်
"ငါလည်းထွက်သွားသင့်ပြီ"

ယန်ယွဲ့ က "အလင်းတံခါးထဲကို ဝင်မှာလား"

"ပေါ်တယ်ကိုသုံးမလား..."
သိုင်းဧကရာဇ်က အနည်းငယ်ပြုံးပြီး "အနှောင်အဖွဲ့ကင်းမဲ့သူ ဒီနေရာက ဘယ်လိုထွက်သွားလဲ သိလား"

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

သိုင်းကေရာဇ် က အထက်ကို

မျှော်ကြည့်ပြီး “သူက အာကာသကို

ဖောက်ထွက်ပြီး ထွက်သွားတာပဲ။

သူ့ရဲ့ဓားနဲ့ အာကာသကို

ဖြတ်တောက်ပြီးတော့ ထွက်သွားခဲ့တယ်"

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "ဒါက

ရိုးရှင်းတယ်လား"

"ရှိုးရှင်းသလား..." သိုင်းကေရာဇ်က တဟားဟားရယ်ပြီး “အာကာသကို ဆုတ်ဖြဲရတာက လွယ်ပါတယ်။ ဒါပေမဲ့ သူက အာကာသအကျယ်ကြီးကို ဆုတ်ဖြဲပစ်တဲ့အပြင်ကိုမှ သူ့ရှေ့မှာရှိတဲ့ အာကာသတစ်ခုလုံးကို ဖြတ်တောက်ပစ်လိုက်တာပဲ။ ဒီလောကနဲ့ မူလမျိုးနွယ်နေတဲ့ စကြာဝဠာက ဘယ်လောက်ဝေးလဲတော့ငါမသိဘူး။

ငါသိတာတစ်ခုက သူဟာ သူ့ရဲ့ဓားကို

မူလမျိုးနွယ်ရဲ့ စကြဝဠာအပေါ်ကို

ပိုင်းချလိုက်တာပဲ"

ယန်ယဲ့ သည်

စကားပင်ပြန်မပြောနိုင်တော့ပေ။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၃၃ - နတ်မျိုးနွယ်အတွက်

ကပ်ဘေး

ပေါ်တယ်စနစ်သည် မူလမျိုးနွယ် ဆီသို့

ဦးတည်သော

အာကာသလမ်းကြောင်းဖြစ်သည်။

သို့သော် အနှောင်အဖွဲ့ကင်းမဲ့သူ သည်

ထိုဖြတ်လမ်းအတိုင်း မသွားဘဲ ကိုယ်တိုင်

ဖောက်ထွက်သွားခဲ့သည်။
အောင်မြင်နိုင်မလား
ဆိုတာနှင့်ပတ်သက်၍
သူသာသိနိုင်ပေမည်။

ဤအချိန်တွင် သိုင်းဧကရာဇ်က
“ဒီနေရာကို ထားခဲ့လိုက်တော့” ဟု
ဆတ်ခနဲ ပြောလိုက်သည်။

ယန်ယဲ့ က အံ့သြသွားပြီး

"တကယ်ပဲလား"

သိုင်းကေရာဇ်က သူ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"မရဘူးထင်လို့လား"

ယန်ယဲ့ က ရှက်ကိုးရှက်ကန်းနဲ့ ပြုံးပြီး

“ဟုတ်ပါတယ်၊ မင်းလုပ်နိုင်တယ်။

ကံကောင်းပါစေ"

စကားပြောပြီးနောက် အန်နန်ကျင်း

ကိုခေါ်၍ အဝေးဆီသို့

ပျောက်ကွယ်သွားခဲ့သည်။

သူတို့ ထွက်သွားချိန်တွင်

အသေခံစစ်သည် ၇ ယောက်က

တိုက်ခိုက်ရန်ပြင်လိုက်သည်။

သိုင်းကျောင်းဇက အသေခံစစ်သည် ၇

ယောက်ရှေ့တွင် ပေါ်လာပြီးနောက်

သူ့လက်ဝါးနှစ်ဖက်ကို

ရှေ့သို့ပုတ်လိုက်လေသည်။

ဘမ်း...

အသေခံစစ်သည် ၇ ဦးစလုံး ကီလိုမီတာ

၃၀ ကျော် အကွာထိ

လွင့်ထွက်သွားခဲ့သည်။

ဤမြင်ကွင်းအား မြင်လိုက်သောအခါ

နည်းပြချုပ်ထျန်၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

အကြောင်းမှာ သူ့ရှေ့ရှိ

သက်လတ်ပိုင်းအမျိုးသားက

အနည်းငယ်သန်မာရုံတင်မကလို့ပါ။

သူက ခဏတိတ်ဆိတ်သွားပြီး

အသေခံစစ်သည် ၇ ယောက်ကို

စိုက်ကြည့်ကာ "မထိန်းထားနဲ့"

ထိုစကားပြောပြီးသည်နှင့်
အလင်းတံခါးဆီသို့ ကြည့်လိုက်သည်။
ဤအချိန်တွင် ယန်ယဲ့ နှင့်
အန်နန်ကျင်းက လူအများအပြား ကို
ဦးဆောင်လျက် အလင်းတံခါးဆီသို့
ခေါ်လာခဲ့သည်။

နည်းပြချုပ်ထျန် နှင့် အသေခံစစ်သည် ၂
ဦးက သူတို့ရှေ့တွင် ရပ်နေသည်။

"ဝင်နိုင်မယ်ထင်သလား"

နည်းပြချုပ်ထျန် က

အေးစက်စက်ပြောလိုက်သည် “ဒါ

ဖြစ်နိုင်တယ်လို့ မင်းထင်လား”

အန်နန်ကျင်း က တိုက်ခိုက်ခါနီးတွင်

ယန်ယဲ့ သည် ခေါင်းခါလိုက်သည်။

ထို့နောက် အင်မော်တယ်မျိုးနွယ်၏

အခြားအဖွဲ့ဝင်များကို ကြည့်ကာ

“မင်းငါ့ကိုတားရင်

ငါသူတို့ကိုတားလိုက်မယ်”

စကားပြောပြီးသည်နှင့်

အင်မော်တယ်မျိုးနွယ်၏

အဖွဲ့ဝင်များရှေ့တွင် ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ သူ့ထံမှ

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခု

လွင့်ထွက်လာပြီး ၎င်းတို့အား

ဖုံးအုပ်ထားလိုက်သည်။

"မင်းဘယ်လိုလုပ်ရဲသလဲ"

နည်းပြချုပ်ထျန် က ဒေါသတကြီး

အော်ဟစ်ပြီး တိုက်ခိုက်လိုက်သည်။

သို့သော်လည်း လှံတစ်ချောင်းက

အာကာသကို ဖြတ်၍ သူ့ထံ

တည့်တည့်ပြေးဝင်လာခဲ့သည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
နည်းပြချုပ်ထျန် က ၁
ကီလိုမီတာအကွာထိ ဆုတ်သွားခဲ့သည်။
ဒီအချိန်မှာ အန်နန်ကျင်း က သူ့ရှေ့တွင်
ရပ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏
ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုက
အင်မော်တယ်မျိုးနွယ်၏အဖွဲ့ဝင်များထံ

မရောက်ခင်ပဲလေထဲမှာအေးခဲသွားသည်

။

ထို့နောက်တွင် အသေခံစစ်သည် ၂

ယောက်က သူ့ရှေ့မှာ ပေါ်လာခဲ့သည်။

ယန်ယဲ့က အသေခံစစ်သည် ၂ ဦးကို

တစ်ချက်ကြည့်လိုက်ပြီး

အကြီးအကဲယွမ် တို့အုပ်စုကို

စိုက်ကြည့်ရင်း “အထဲကို
ဝင်သွားလိုက်...”

အကြီးအကဲယွမ် ကလည်း
အခြေအနေကို ရှင်းရှင်းလင်းလင်း
သဘောပေါက်ပုံပါ။ သူက
ခေါင်းညိတ်ပြီး အခြားလူတိုင်းကို
ခေါ်ကာ အလင်းတံခါးပေါက်ထဲကို
ဝင်ဖို့ပြင်လိုက်သည်။ သို့သော်လည်း

သူသည် တစ်ခုခုကို တွေးနေပုံရပြီး ယန်ယဲ့အား

အနည်းငယ် ဦးညွှတ်ကာ "မင်းရဲ့ ဒီကြင်နာမှုကို ငါ ဘယ်တော့မှ မမေ့ပါဘူး။ ငါ မင်းကို ဟိုဖက်မှာ စောင့်နေမယ်"

စကားပြောပြီးသည်နှင့် ပေါ်တယ်ထဲကို ဝင်ရောက်သွားသည်။

အသေခံစစ်သည်များက တိုက်ခိုက်ရန်

ပြင်လိုက်သော်လည်း ယန်ယဲ့၏

မတူညီသော စိတ်ဆန္ဒနှစ်ခုက

အင်မော်တယ်မျိုးနွယ်ဝင်များကို

ဖုံးလွှမ်းထားသည်။ အသေခံစစ်သည် ၂

ဦးက အကြီးအကဲယွမ် တို့အုပ်စုကို

အာရုံမစိုက်နိုင်တော့ပေ၊

တစ်ဖက်ပြန်လှည့်ပြီး

ယန်ယဲ့ကိုသာရင်ဆိုင်လိုက်ကြသည်။

ဤအချိန်တွင် အကြီးအကဲယွမ်

တို့အုပ်စုသည် အလင်းတံခါးပေါက်ကို

ချောချောမွေ့မွေ့

ဖြတ်သန်းသွားခဲ့ကြသည်။

မဝင်ရသေးသူဟူ၍ ငရဲဧကေရီ၊ အားမန်

နှင့် စစ်တုတင်းယွမ်

တို့လိုလူအနည်းစုလောက်သာကျန်ခဲ့သ

ည်။

ယန်ယဲ့က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"သွားကြတော့..."

ကောင်းကင်ဧကရီက ယန်ယဲ့ဆီ
လျှောက်လာပြီး “ဟိုဘက်ကမ်းမှာ နင့်ကို
ငါတို့စောင့်နေမယ်။ နင်လာရမယ်"

စကားပြောပြီးသည်နှင့်
အခြားသူများနှင့်အတူ
ပေါ်တယ်ထဲသို့ဝင်သွားခဲ့သည်။

အားမန် က ယန်ယွဲ့ ဆီသို့
လျှောက်လာကာ ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "ငါနင့်ကို
ကူညီပေးချင်တယ်။ ငါတို့အားလုံး
လုပ်ချင်တယ်။ ဒါပေမဲ့ ငါတို့ဒီမှာနေရင်
ဝန်ထုပ်ဝန်ပိုးတစ်ခုပဲဆိုတာ သိပါတယ်။

ဘာပဲဖြစ်ဖြစ် နင်... တစ်ဖက်ကို

ရောက်အောင်လာရမယ်"

ထို့နောက် ပေါ်တယ်ထဲသို့

ဝင်သွားခဲ့သည်။

နောက်ဆုံးလူဆိုလို့ နတ်ဆိုးဘိုးဘေးသာ

ကျန်ရှိတော့သည် ။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်

"သူတို့က မပျော့ညံ့ပေမယ့်

အရမ်းသန်မာတာမဟုတ်ဘူး။ ဒါကြောင့်

ဟိုဖက်ကမ်းမှာ သူတို့ကို ဂရုစိုက်ပေးပါ"

နတ်ဆိုးဘိုးဘေးက ခေါင်းညိတ်ပြီး

“မင်းအတွက် သူတို့ကို

ငါဂရုစိုက်ပေးမယ်။

မင်းကိုယ်တိုင်လည်း ဂရုစိုက်ဦး"

စကားပြောပြီးနောက် နတ်ဆိုးဘိုးဘေး

လည်း အလင်းတံခါးထဲသို့

ဝင်သွားသည်။

ဤအခိုက်အတန့်တွင် စကြဝဠာကြီးမှ

အခြားကျင့်ကြံသူများသာလျှင်ကျန်

တော့လေသည်။ အားလုံးက ယန်ယဲ့ကို

ကြည့်နေကြသည်။

ယန်ယဲ့ က စကားမပြောဘဲ

ထောင်သောင်းချီသော လူအုပ်ကြီးကို

စိုက်ကြည့်နေသည်။ အဆုံးတွင်

သူ့အကြည့်များက လူအုပ်ထဲရှိ

မိန်းမငယ်လေးတစ်ဦးထံ

ကျရောက်သွားသည်။ သူမက

ကောင်းကင်မျိုးနွယ်၏ ကေရီ ရှောင်ချီ

ပင်ဖြစ်သည်။

သူ၏အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးဖြစ်ခဲ့

သော်လည်း အကြီးအကဲယွမ်

တို့အုပ်စုနှင့် အတူလိုက်မသွားခဲ့ပေ။

ယန်ယဲ့က ရှောင်ချီကို

စိုက်ကြည့်ပြီးနောက်

အလင်းတံခါးဖက်သို့ မေးငေါ့ပြလိုက်ပြီး

"မင်းလည်းသွားတော့...."

ရှောင်ချီက ယန်ယဲ့ ဆီသို့

လျှောက်သွားပြီး “ငါ့လူတွေ...”

ယန်ယဲ့က သူမ၏ခေါင်းကို ပွတ်သပ်ပြီး တိုးတိုးလေးပြောခဲ့သည် "ခေါ်သွား.... တတ်နိုင်သမျှ ခေါ်သွားလိုက်...."

ရှောင်ချီက ယန်ယဲ့ကို မော့ကြည့်လာပြီး မျက်နှာထက်တွင် မျက်ရည်များ အဆက်မပြတ် စီးကျနေခဲ့သည်။ သို့သော် သူမ၏မျက်ရည်များကို အမြန်သုတ်ကာ

ကောင်းကင်မျိုးနွယ်၏အဖွဲ့ဝင်များကို

ကြည့်ပြီး “သွားကြရအောင်။

မြန်မြန်လုပ်ကြ..."

ကောင်းကင်မျိုးနွယ်၏

ပညာရှင်များသည်လည်း

သဘာဝအတိုင်း ထိုအခွင့်အရေးကို

လက်လွှတ်မခံဘဲ ပေါ်တယ်ဆီသို့

ပြေးသွားကြသည်။

ရှောင်ချီ က ယန်ယွဲ့ကို လှည့်ကြည့်ကာ တိုးတိုးလေးမေးလိုက်သည် "နင်... နင်လည်း လိုက်လာမှာမဟုတ်လား"

ယန်ယွဲ့က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ်ပြုံးကာ "ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မင်းတို့အဖွဲ့က ပေါ်တယ်ကိုဖြတ်သွားနိုင်ဖို့

လုံလောက်ပါတယ်။ ဟိုဖက်ရောက်တာနဲ့

အကြီးအကဲယွမ် ကိုသွားတွေ့လိုက်။

ပြီးတော့ သူတို့အဖွဲ့နဲ့အတူနေပါ။

မင်းရဲ့လူတွေကို

တကယ်လက်မလွှတ်နိုင်ရင် သူတို့ကို

စီမံခန့်ခွဲဖို့ အကြီးအကဲယွမ်

ဆီမှာတောင်းဆိုလို့ရတယ်။

နားလည်လား"

ရှောင်ချီ က ခေါင်းညိတ်လိုက်ပြီး
"နားလည်ပါတယ်။ ငါ နင့်ကို တစ်ဖက်က
စောင့်နေမယ်"

စကားပြောပြီးနောက် ယန်ယဲ့ကို
ခဏလောက် ပွေ့ဖက်လိုက်ပြီး
အလင်းတံခါးပေါက်ထဲကို
ဝင်ရောက်သွားသည်။

ဤအချိန်တွင် အင်မော်တယ်မျိုးနွယ်မှ

ကျင့်ကြံသူများလည်း

ဖြတ်သန်းသွားခဲ့သည်။ ယန်ယဲ့အနားမှ

လူတိုင်း နှင့်

အင်မော်တယ်မျိုးနွယ်ဝင်အများအပြား

ပေါ်တယ်ထဲကို ဝင်ရောက်သွားကြသည်။

သို့သော်လည်း စကြာဝဠာကြီးမှ

မျိုးနွယ်စုအများအပြား ဤနေရာ တွင်

ရှိနေဆဲ ဖြစ်သည်။

ယန်ယဲ့ သည် လူအုပ်ကို
စိုက်ကြည့်လိုက်ရာ တောင်းဆိုနေသော
အမူအရာများကို မြင်လိုက်ရသည်။

သူက လူအုပ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း
ခဏလောက် လေးလေးနက်နက်
တွေးတောလိုက်ပြီး “ဝင်သွားကြ…”

"လူသားဘုရင်ကို ကျေးဇူးတင်ပါတယ်"
ရာထောင်ချီသော လူအုပ်ဟာ

ယန်ယဲ့အား ဦးညွှတ်ကာ
အလင်းတံခါးပေါက်ထဲသို့ ရှုးသွပ်စွာ
ပြေးဝင်သွားကြသည်။

ဘမ်း...

ဤအချိန်တွင် ပြင်းထန်သော
အရှိန်အဝါတစ်ခု ရုတ်တရက်
ပျံ့လွင့်လာသည်။ ယန်ယဲ့ သည်
တစ်ဖက်ကိုလှမ်းကြည့်လိုက်ရာ

နတ်မျိုးနွယ်၏ဘိုးဘေး

ရှီထျန်းဦးဆောင်သော

လူတစ်စုပြေးလွှားလာနေသည်ကိုမြင်လို

က်လေသည်။ သို့သော်လည်း လူအုပ်ထဲ၌

တင်းရှောက်ယောင် နှင့် ကျိအာတို့ကို

မတွေ့ခဲ့ရပေ။

ရှီထျန်း က သူ့နောက်ကွယ်မှ လူအုပ်ကို

လှည့်ကြည့်လိုက်ပြီး "ဝင်သွားကြ..."

နတ်မျိုးနွယ်၏

ပညာရှင်အများအပြားသည် ရှေ့သို့

တဟုန်ထိုး ပြေးတက်လာကြသည်။

သို့သော် ယန်ယွဲ့သည် သူ၏

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုကို

ပြန်သိမ်းကာ အန်နန်ကျင်း အနားသို့

ပြန်လျှောက်သွားခဲ့သည်။

ထို့နောက် နည်းပြချုပ်ထျန် ကို စိုက်ကြည့်ကာ "သူတို့က ငါနဲ့ ဘာမှမဆိုင်ဘူး"

ထိုစကားပြောပြီးနောက် အန်နန်ကျင်းကို ခေါ်ကာ ဘေးဖယ်နေလိုက်သည်။

ဤမြင်ကွင်းအား မြင်သောအခါ ရှီထျန်း၏ မျက်နှာက အတော်လေးကိုဆိုးရွားလှသည်။

အသေခံစစ်သည် ၂ ဦးက

ပေါ်တယ်ရှေ့တွင်

စောင့်ကြပ်နေသောကြောင့်

နတ်မျိုးနွယ်၏ ပညာရှင်များသာ

ရှေ့တက်သွားပါက ချက်ချင်း

ခေါင်းဖြတ်ခံရပေမည်။

ရှီထျန်း က ယန်ယွဲ့ကို အေးစက်စွာ

ကြည့်လိုက်သည်။ ယန်ယွဲ့က

ဂရုမစိုက်သော မျက်နှာပေးဖြင့် "ဘာလဲ၊
မင်း ငါ့ကိုကိုက်ချင်တာလား”

"ယန်...ယဲ..." ရှီထျန်း၏ မျက်လုံးထဲမှ
လူသတ်လိုစိတ်များ တောက်ပလာသည်။

ယန်ယဲ့ က ရှီထျန်းကို
စိုက်ကြည့်နေရင်းက သူ့စားဖြင့်
ထိုးချိန်လိုက်ပြီး
"မင်းပါးစပ်ပိတ်ထားလိုက်တာ

ပိုကောင်းမယ်ထင်တယ်။ မင်းရဲ့

နှတ်မျိုးနွယ်ကို ငါကိုယ်တိုင်

ဖျက်ဆီးပစ်မှာဆိုတော့

အင်မော်တယ်မျိုးနွယ်တောင်

ဘာမှလုပ်စရာ မလိုပါဘူး"

ရှီထျန်း၏ မျက်နှာသည်

မှုန်မှိုင်းသွားသည်။ သူက ယန်ယဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်

နည်းပြချုပ်ထျန် ကိုလှည့်ကြည့်ကာ

"ငါတို့ သဘောတူညီမှု
ရပြီးပြီမဟုတ်လား..."

နည်းပြချုပ်ထျန် က "နည်းပြယွမ် နဲ့
မင်းတို့သဘောတူညီချက်အရ
နတ်မျိုးနွယ်ကို ငါတို့ ဖျက်စီးပစ်မှာ
မဟုတ်ဘူး၊ ဒါပေမဲ့ မင်းရဲ့နတ်မျိုးနွယ်ကို
ဒီပေါ်တယ်သုံးခွင့်ပေးမယ်လို့တော့ ဘာမှ
မပြောထားဘူး။ ဟုတ်ပါတယ်၊
ငါမင်းကိုအခွင့်အရေးပေးနိုင်ပါတယ်။

မင်း ယန်ယဲ့ကို သတ်နိုင်သရွေ့တော့
ငါတို့က နတ်မျိုးနွယ်ကို
ဖြတ်သန်းခွင့်ပေးမယ်။ အဆင်ပြေလား"

ယန်ယဲ့ကို သတ်ရမလား...

ရှီထျန်း၏ အမူအရာသည်
ပို၍ပင်ဆိုးရွားလာသည်။

ဤအချိန်တွင် ယန်ယဲ့က "ရှီထျန်း၊ မင်း

အဲဒါကို စမ်းကြည့်ချင်သလား"

ရှိထျန်းက သူ၏လက်သီးများကို တင်းဆင်းဆုပ်ထားသည်။ သူ့မျက်နှာက ကြောက်စရာကောင်းလောက်အောင် မှိုင်းညို့နေသည်။

ယခုခြေအနေက နတ်မျိုးနွယ်အတွက် မျှော်လင့်ချက်မဲ့သော အခြေအနေပင်။

အင်မော်တယ်မျိုးနွယ်ကို

တိုက်ခိုက်ရမလား၊ ဒါမှမဟုတ်

ယန်ယွဲ့ကို သတ်မလား...

အင်မော်တယ်မျိုးနွယ်သည်ပင်

ယန်ယွဲ့ကို

သတိအပြည့်ထားနေသောကြောင့်

သူ့ခွန်အားကို သိသာပါသည်။

နတ်မျိုးနွယ်သာ

ယန်ယဲ့ကိုတိုက်ခိုက်ပါက ဤနေရာတွင်ပဲ
အကုန်လုံး ငရဲရောက်သွားပေမည်။

လက်ရှိအချိန်တွင် နတ်မျိုးနွယ်က
ကျောက်ဆောင်နှင့် ပင်လယ်အကြား
အန္တရာယ်များသောနေရာကြားတွင်
ရောက်နေခဲ့သည်။

"ဒါကို နင်ကိုယ်တိုင်ဖန်တီးခဲ့တာပဲ"

ဤအချိန်တွင် အန်နန်ကျင်း က

ရုတ်တရတ်ပြောလိုက်သည်။

အတိတ်တွင် ယန်ယဲ့ နှင့်

နတ်မျိုးနွယ်ကြားက ဆက်ဆံရေးဟာ

အတော်လေး ကောင်းမွန်ခဲ့သည်။

သို့သော်လည်း နတ်မျိုးနွယ် သည်

ယန်ယဲ့၏ရန်သူဖြစ်လာဖို့သာ

ရွေးချယ်ခဲ့သည်။ အကယ်၍

နတ်မျိုးနွယ်သာ ထိုသို့မလုပ်ခဲ့ပါက

ယခုအချိန်မှာ အားလုံး

အဆင်ပြေနေပြီဖြစ်သည်။

နောက်ဆုံးတွင် ရှီထျန်း က

အင်မော်တယ်မျိုးနွယ်ကို

အလျှော့အတင်းလုပ်ရန်

ခွန်အားမရှိသော်လည်း ယန်ယွဲ့ကတော့

အတင်းအကြပ် ဖိအားပေးနိုင်ခဲ့သည်။

နတ်မျိုးနွယ်ဝင်အားလုံးက ရှီထျန်းကို စိုက်ကြည့်ကာ ဆုံးဖြတ်ချက်ချရန် စောင့်ဆိုင်းနေခဲ့ကြသည်။

အဆုံးတွင် ရှီထျန်း က ယန်ယဲ့ကို စိုက်ကြည့်ကာ "ယန်ယဲ့၊ ငါ့နတ်မျိုးနွယ်က မှားတာပါ။ ငါမျှော်လင့်တယ်..."

ယန်ယဲ့က ပခုံးတွန့်ကာ

"နတ်ဘိုးဘေးရှီထျန်း၊ အခုက

ငါတို့အတွက်တောင်မှ ခက်ခဲတဲ့

အခြေအနေပဲ။ အဲ့ဒါကြောင့်

တခြားမျိုးနွယ်စုတွေကို ကူညီဖို့

မတတ်နိုင်ဘူးလေ။ ဘာပဲဖြစ်ဖြစ်

ငါစိတ်မကောင်းဖြစ်နေရင်တောင်မှ

နတ်မျိုးနွယ်ရဲ့ ကံကြမ္မာက ငါနဲ့

ဘာဆိုင်လို့လဲ"

ရှီထျန်းက မျက်နှာပျက်သွားသော်လည်း အသက်ပြင်းပြင်းရှူပြီး "ယန်ယဲ့၊ ငါတို့အတွက် မဟုတ်ဘဲ ရှောက်ယောင်ကိုမျက်နှာသာပေးပါ..."

ယန်ယဲ့က ရှီထျန်း ကို ထပ်ပြီးစကားဖြတ်ပြောလိုက်သည် "တင်းရှောက်ယောင် ကို မျက်နှာသာပေးရမလား။ ဘာအတွက်လဲ၊ သူမက နတ်မျိုးနွယ်ကို ရွေးချယ်ခဲ့တယ်"

ဤအချိန်တွင် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "သူမက ငါယန်ယဲ့ကို ရွေးချယ်ခဲ့မယ်ဆိုရင် ငါသေရရင်တောင် နတ်မျိုးနွယ်ကို ကယ်တင်မယ်။ သေချာပါတယ်၊ သူအရင်တုန်းက ငါ့ကိုကူညီခဲ့တယ်၊ သူဒီမှာရှိနေရင်တော့ ငါပြန်ဆပ်မှာပါ။ ဒါပေမဲ့ အခုအချိန်မှာ နတ်မျိုးနွယ်ရဲ့ ကံကြမ္မာက ငါနဲ့ဘာမှမဆိုင်ဘူး"

ဤအတောအတွင်း နည်းပြချုပ်ထျန်က ရုတ်တရက်ပြောခဲ့သည်

"ငါ့အင်မော်တယ်မျိုးနွယ်ရဲ့ အဖွဲ့ဝင်အားလုံးနီးပါး ဖြတ်သွားကြပြီ။ သူတို့အကုန် ဟိုဖက်ရောက်သွားတာနဲ့ ပေါ်တယ်စနစ်ကို ပိတ်ပစ်တော့မှာ။ အဲဒီအချိန်မှာ နတ်မျိုးနွယ်က ဒီလောကနဲ့အတူ မြှုပ်နှံခံရလိမ့်မယ်”

ထိုစကားကိုကြားသောအခါ

ရှီထျန်း၏အမူအရာသည် ဖော်ပြရန်

မဖြစ်နိုင်လောက်အောင်ကို

ဆိုးရွားလွန်းလှသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၆၃၄ - (Tay ) ဆုံးခြင်း

ပတ်ဝန်းကျင်သည် လုံးဝကို

တိတ်ဆိတ်သွားသည်။

အားလုံးက ရှီထျန်း၏ ဆုံးဖြတ်ချက်ကို

စောင့်နေကြသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ နှင့်

အင်မော်တယ်မျိုးနွယ်

တို့နှစ်ဖက်စလုံးက နတ်မျိုးနွယ်ကို

လွှတ်ပေးလိုစိတ်မရှိကြပေ။ လက်ရှိတွင်

နတ်မျိုးနွယ်သည်

ထွက်လမ်းမရှိတော့ဟုပင် ဆိုနိုင်၏။

ရှီထျန်းက နည်းပြချုပ်ထျန်

ကိုရုတ်တရတ် စိုက်ကြည့်ရင်း "ယန်ယဲ့က

မောက်မာပြီး

ရက်စက်ကြမ်းကြုတ်တယ်။

ဒါပေမဲ့တစ်ယောက်ယောက်က သူ့ကို

မစော်ကားသရွေ့ ဘယ်သူ့ကိုမှ

စော်ကားမှာ မဟုတ်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ်

မင်းရဲ့အင်မော်တယ်မျိုးနွယ်ဟာ

ငါ့နတ်မျိုးနွယ်အပါအဝင်

တခြားမျိုးနွယ်စုတွေကို

ပုရွက်ဆိတ်တွေလို ဆက်ဆံတယ်။

မင်းတို့အမြင်ကတော့ သတ်ဖြတ်တာဟာ

တရားမျှတတယ်။ ဒါ့ကြောင့်

ငါမင်းစကားနားထောင်လိုက်ရင်

ယန်ယွဲ့ကို သတ်နိုင်တယ်ပဲထားဦး၊

မင်းဟာ ငါ့နတ်မျိုးနွယ်ကို

လွှတ်ပေးမှာမဟုတ်ဘူး"

ထိုစကားများပြောပြီးနောက်တွင်

ရှီထျန်းက သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပါသည်။

ဘမ်း...

သူ့ထံမှ ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ

ပေါက်ကွဲထွက်လာပြီးနောက်

စွမ်းအင်မုန်တိုင်းကြီးဟာ

ပတ်ဝန်းကျင်ကို ချက်ချင်း

ဖုံးလွှမ်းသွားခဲ့သည်။

ဆူး.. ဆူး... ဆူး...

အာကာသသည် ချက်ချင်းပင်
တုန်လှုပ်လာသည်။

နည်းပြချုပ်ထျန်၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားပြီး
လက်သီးများကို
တင်းတင်းဆုပ်ထားလိုက်သည် ။

“နတ်ဗိုလ်ချုပ်တွေ အသင့်ပြင်ထား…”

ရှီထျန်းက ဒေါသတကြီး

အော်လိုက်သည်။

ဤအချိန်တွင် ရှီထျန်း၏ နံဘေး၌

အနက်ရောင်ဝတ်ပညာရှင် ၁၀

ယောက်နှင့် ဝတ်စုံဖြူဝတ်ပညာရှင် ၁၀

ယောက်တို့ပေါ်လာကြသည်။

ခဏအကြာတွင် ပညာရှင် အယောက် ၂၀

၏ အော်ရာများသည် ပြင်းထန်စွာ မြင့်တက်လာသည်။

"ကျန်တဲ့သူတွေ အခုထွက်သွားကြတော့..." ရှီထျန်းက ဒေါသတကြီး အော်ဟစ်လိုက်ပြီး နောက်သူအပါအဝင် ပညာရှင် အယောက် ၂၀ ၏ ဝမ်းဗိုက်များ ကျယ်လာပါတော့သည်။

ထို့နောက်တွင် ရှီထျန်းက ပညာရှင် ၂၀ ကို ဦးဆောင်၍ နည်းပြချုပ်ထျန် နှင့် အသေခံစစ်သည် ၉ ယောက်ထံသို့ ပြေးဝင်သွားလေသည်။

မီတာ ၃၀၀ လောက်အကွာကို ရောက်လာချိန်တွင် သူတို့၏ခန္ဓာကိုယ်များက ရုတ်တရက် ပေါက်ကွဲသွားသည်။ ထိုခဏလေးမှာပဲ ကြောက်မက်ဖွယ်ရာစွမ်းအားလှိုင်း ၂၀

ကျော် ပျံ့လွင့်လာပြီး နည်းပြချုပ်ထျန်

နှင့် အသေခံစစ်သည် ၉ ယောက်ကို

ဖုံးလွှမ်းသွားသည်။

"သွားကြရအောင်..." ဤအချိန်တွင်

နတ်မျိုးနွယ်အုပ်စုထဲမှ

တစ်စုံတစ်ယောက်က ရုတ်တရက်

အော်ဟစ်လိုက်သည်။ ထောင်ချီသော

နတ်မျိုးနွယ်ဝင်များဟာ

ရှီထျန်းတို့အုပ်စုကို ချက်ချင်း

ဒူးထောက်အရှိအသေပြုကာ
အလင်းတံခါးပေါက်ဆီသို့ တဟုန်ထိုး
ပြေးသွားကြတော့သည်။

ယန်ယဲ့ သည် အလင်းတံခါးပေါက်ထဲသို့
ပြေးဝင်နေသော နတ်မျိုးနွယ်ဝင်များကို
ငုံ့ကြည့်လိုက်သည်။ ထို့နောက် ရှီထျန်း
တို့အဖွဲ့ကို လှမ်းကြည့်လိုက်သည်။
ဤအချိန်တွင် ထိုနေရာသည်

မည်းမှောင်နေခဲ့သည်။တစ်ချိန်တည်းတွ
င် ထိုနေရာမှ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

ထိုအတိုင်းပင်၊ အချိန် ၁၅
မိနစ်ခန့်ကြာပြီးနောက်မှ ထိုနေရာသည်
ငြိမ်သက်သွားခဲ့သည်။

နည်းပြချုပ်ထျန် နှင့် အသေခံစစ်သည် ၉ ယောက်စလုံးက ရှိနေသေးသည်။ သို့ရာတွင် ရှီထျန်း တို့အုပ်စုကတော့ ပျောက်ကွယ်သွားခဲ့သည်။

မိမိကိုယ်ကို ဖောက်ခွဲခြင်း ။

ရှီထျန်း အပါအဝင် နတ်မျိုးနွယ်၏ ပညာရှင် အယောက် ၂၀ လုံး သေဆုံးသွားခဲ့ပြီဖြစ်သည်။

သို့တိုင်

နတ်မျိုးနွယ်၏အဖွဲ့ဝင်အားလုံးသည်

မကျော်ဖြတ်နိုင်ခဲ့ကြပေ။

ဤအချိန်တွင် နည်းပြချုပ်ထျန်၏

မျက်နှာသည် အလွန်ဖြူဖျော့နေ၏။

အသက်ရှင်နေသည့်တိုင်အောင်

ပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာ

ရခဲ့လေသည်။

ရှီထျန်းက သူ့ထက် အားနည်းပါသည်။

သို့သော်လည်း

အနည်းငယ်သာနိမ့်ကျ၏။ ထို့အပြင်

ရှီထျန်းက သူ့ကိုယ်သူ

ဖောက်ခွဲပစ်လိုက်တာဖြစ်သည်။

ထို့ကြောင့်ပင် သူသည်

ကံကောင်းထောက်မစွာဖြင့်

လွတ်မြောက်ခဲ့သည်။ သူ့နောက်ကွယ်ရှိ

အသေခံစစ်သည် များလည်း
ဒဏ်ရာအနည်းငယ်သာ ရကြသည်။

နည်းပြချုပ်ထျန် က
အလင်းတံခါးပေါက်ထဲသို့ ဝင်နေဆဲ
နတ်မျိုးနွယ်ဝင်များကို အေးစက်စွာ
ကြည့်လိုက်ပြီးနောက် သူ၏ ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ သို့သော်
သိုင်းကေရာဇ်က သူ့ရှေ့တွင် ရုတ်တရက်
ပေါ်လာသည်။

သိုင်းကေရာဇ်က နည်းပြချုပ်ထျန် ကို

စိုက်ကြည့်ကာ "ရှီထျန်းက

သူ့မျိုးနွယ်စုအတွက်

 သတ္တိရှိရှိ သေသွားတဲ့အတွက်

ကျန်တဲ့သူတွေကို

ဖြတ်ကျော်ခွင့်ပေးလိုက်ပါ့မယ်"

သူစကားပြောပြီးသည်နှင့် တပြိုင်နက်

ပြင်းထန်သော ဖိအားလှိုင်းကြီးတစ်ခု

ထွက်လာပြီး နည်းပြချုပ်ထျန် နှင့် အသေခံစစ်သည်များပေါ်သို့ ကျရောက်သွားသည်။

နည်းပြချုပ်ထျန် က သူ့နောက်ကို တစ်ချက်ကြည့်လိုက်ရာ အင်မော်တယ်မျိုးနွယ်၏ အဖွဲ့ဝင်တိုင်းလည်း ဖြတ်ကျော်သွားမှန်းသတိထားမိလိုက်သည်။

ထို့ကြောင့် သူ့မျက်နှာပေါ်တွင်
အေးစက်သော အပြုံးတစ်ခုပေါ်လာပြီး
"နည်းနည်းနောက်ကျမှာကို
ကြောက်တယ်"

သိုင်းကေရာဇ်က အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။ ဒီအချိန်မှာ
ပေါ်တယ်စနစ်က ရုတ်တရက်
မှိန်ဖျော့သွားသည်။

မဟာအစီအရင်ကို ပိတ်လိုက်ပြီ ။

စကြာဝဠာ၏ မဟာအစီအရင်ကို

ချိတ်ပိတ်နေမှန်းသိလိုက်သောအခါကျန်

နေသောလူတိုင်း

အလင်းတံခါးပေါက်ထဲသို့

ကမန်းကတန်းပြေးဝင်ကြသည်။

နည်းပြချုပ်ထျန် နှင့် အခြားလူများက

လူအုပ်ကို တားဖို့မကြိုးစားကြပေ။

သိုင်းကောရာဇ်က နည်းပြချုပ်ထျန် ကို

အေးစက်စွာ စိုက်ကြည့်ပြီးနောက်

ယန်ယဲ့နှင့် အန်နန်ကျင်းကို စိုက်ကြည့်ကာ

"ငါတို့ သွားကြတော့မလား"

ထွက်သွားမလား ။

ယန်ယဲ့ သည် အံ့သြသွားသည်။

အမှန်ပင်၊ သိုင်းဧကရာဇ်ရှိနေပါက
သူတို့နှစ်ယောက်စလုံး
သာသာယာယာဖြင့်
ထွက်သွားနိုင်ပါသည်။
နည်းပြချုပ်ထျန်၏အဖွဲ့သည်
၎င်းတို့အား တားဆီးနိုင်မည်မဟုတ်ပေ။
အသက်ကို စတေးလိုစိတ်မရှိလျှင်
သူတို့အဖွဲ့ကို

တားရန်မဖြစ်နိုင်သလောက်ပါ။

သို့သော်လည်း ယန်ယဲ့က

ခေါင်းခါလိုက်ပြီး "ငါထွက်မသွားနိုင်ဘူး"

ဟုပြန်ပြောခဲ့သည်။

သိုင်းကေရာဇ်က မျက်မှောင်ကြုတ်ကာ

"ဘာလို့လဲ"

ယန်ယဲ့က သူ့နောက်ကို

တစ်ချက်လှမ်းကြည့်လိုက်သည်။

သူ့အကြည့်များက ဝိညာဉ်တိုက်ကြီး
ဆီသို့ ဦးတည်ရာပင်။

ထိုနေရာတွင် တျန်းရှု ရှိနေတုန်းပါ။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်ပါသည်
"ပြန်လာမယ်လို့ ကတိပေးထားတယ်"

"သူမ ကိုပြောနေတာလား..."

နည်းပြချုပ်ထျန်က

အေးစက်စွာပြောခဲ့သည်

"မဟာအစီအရင်က ချိတ်ပိတ်လိုက်ပြီ။

ငါတို့ရဲ့ ဘိုးဘေးက အခုဆို

လွတ်လွတ်လပ်လပ်

တိုက်ခိုက်လို့ရသွားပြီ။ အခုလောက်ဆို

ဘိုးဘေးက

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးကိုသွား

တဲ့လမ်းမှာတောင် ရောက်နေလောက်ပြီ။

သူက ဟင်းလင်းပြင်ဝိညာဉ်ကေရီကို

တိုက်ခိုက်မှာပါ”

ယန်ယဲ့က အန်နန်ကျင်း ကို

စိုက်ကြည့်လိုက်ရာ "ငါနင်နဲ့လိုက်မယ်"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"မင်းထွက်သွားလို့ရပြီ"

သူမက ခေါင်းယမ်းကာ တုန့်ပြန်သည်။

ယန်ယဲ့ က အသက်ပြင်းပြင်းရှူပြီး "ဒါဆို သွားကြရအောင်"

စကားပြောပြီးနောက်တွင် နှစ်ယောက်သား အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။

သိုင်းကေရာဇ် က အနည်းငယ်
ခေါင်းညိတ်ပြပြီး "သူက တော်တော်
သစ္စာရှိတယ်။ ဒါပေမဲ့ ဒါဟာ
သနားစရာပါပဲ”

သူသည် ပေါ်တယ်စနစ် ရေးဆီသို့
လျှောက်သွားလိုက်သည်။

ဤအတောအတွင်း နည်းပြချုပ်ထျန် နှင့်
အခြားလူများက သိုင်းကေရာဇ်ကို

မတားဆီးနိုင်ခဲ့ပေ။

သူတို့အမြင်အရတော့ ရန်သူနည်းလေ

ကောင်းလေဖြစ်ရာ သိုင်းဧကရာဇ်

အမြန်ထွက်သွားဖို့ပင်မျှော်လင့်နေကြသ

ည်။

သိုင်းဧကရာဇ်က

အလင်းတံခါးပေါက်ထဲသို့

လျှောက်ဝင်ခါနီးတွင် ရုတ်တရက်

ရပ်လိုက်ပြီး အာကာသထဲသို့

မျှော်ကြည့်နေသည်။

သူ့အမြင်အာရုံတစ်ဆုံး အဆုံးမှဲ့

ကြယ်တာရာကောင်းကင်ပြင်ကြီးပါ။

သူက ကောင်းကင်ယံထက်သို့

အကြာကြီး စိုက်ကြည့်နေသည်။

ဤအချိန်တွင် သူ့ရယ်သံက မိုးချိန်းသံ

ကဲ့သို့ ရုတ်တရက် ပဲ့တင်ထပ်လာသည်။

ခဏအကြာတွင်တော့

သိုင်းကေရာဇ်၏ပုံရိပ်က

တုန်လှုပ်သွားပြီး သူ့ရှေ့က အာကာသကို

ဆုတ်ဖြဲ၍

အဆုံးမဲ့ကြယ်တာရာကောင်းကင်ယံမှာ

ပျောက်ကွယ်သွားခဲ့သည်။

သူသည် အာကာသကို

တိုက်ရိုက်ဆုတ်ဖြဲပြီး

တည်နေရာခုန်ကူးသွားခြင်းဖြစ်သည်။

ဤအချိန်တွင် နည်းပြချုပ်ထျန် က

သိုင်းကျောင်း ထွက်သွားသည့်နေရာကို

စိုက်ကြည့်ကာ "ဒီလူက

သေခြင်းတရားကို

တော်တော်လေးချစ်မြတ်နိုးနေတာထင်

တယ်။ အကန့်အသတ်မဲ့

အာကာသကိုဖြတ်ပြီးတော့

မူလမျိုးနွယ်ရဲ့ စကြဝဠာကို

သွားချင်တာလား။ ဒါက

နည်းနည်းလေးမှားသွားတာနဲ့

တစ်ခါတည်းလျှောသွားနိုင်တယ်လေ။

ပြီးတော့ ထာဝရ

ပြန်မွေးဖွားနိုင်တော့မှာမဟုတ်ဘူး။

သူ့ကိုယ်သူ ယုံကြည်မှုလွန်ကဲနေတာပဲ"

ပညာရှင်တော်တော်များများက

ထိုအတိုင်း လုပ်ဆောင်နိုင်ခဲ့သော်လည်း

အာကာသသဘောတရားနှင့်

တည်နေရာအကြောင်းကို

ကျယ်ကျယ်ပြန့်ပြန့်နားလည်ထားတာ

ကြောင့်ပါ။ သို့သော်လည်း

သိုင်းဧကရာဇ်နှင့် ထူးဆန်းသော

ဓားသမား တစ်ယောက်က

အာကာသကိုဆုတ်ဖြဲပြီး

ထွက်သွားခဲ့ကြသည်။ ၎င်းသည်
ကြွက်တစ်ကောင်က သမုဒ္ဒရာထဲသို့
ရုတ်တရက်ခုန်ဆင်းကာ ထွက်လမ်းကို
ရှာဖွေနေသကဲ့သို့ပင်။

တစ်နည်းအားဖြင့်တော့
သေလမ်းရှာနေသည်နှင့်
အတူတူပင်ဖြစ်သည်။

ဤအတောအတွင်း နည်းပြချုပ်ထျန်၏

အမူအရာသည်
ရုတ်ခြည်းပြောင်းလဲသွားသည်။ သူက
အလင်းတံခါးပေါက်ကို စိုက်ကြည့်ကာ
အနည်းငယ် မျက်မှောင်ကြုတ်ကာ
"နည်းပြဂူ နဲ့ ဘာလို့
အဆက်အသွယ်ပြတ်သွားတာလဲ..."

ထိုစကားပြောပြီးသည်နှင့်
အနက်ရောင်ကျောက်တုံးတစ်တုံးကို
အမြန်ထုတ်ယူလိုက်သည်။

ကျောက်တုံးထဲမှ

အနက်ရောင်အလင်းတန်းများ

လင်းလက်သွားသော်လည်း

ယင်းနှင့်ပတ်သက်ပြီး

ထူးခြားမှုတစ်စုံတစ်ရာမရှိပေ။

ခဏအကြာမှသာ အထဲမှ

အားနည်းနေသောအသံတစ်သံ ထွက်

ပေါ်လာသည် "ဟိုမှာ..."

ထိုစကားပြီးနောက် ကျောက်တုံးမှ
အသံတစ်သံမှကိုထွက်လာခြင်း
မရှိတော့ပါ။

နည်းပြချုပ်ထျန် သည် ချက်ချင်း
မျက်မှောင်ကြုတ်သွားပြီး
သူ၏မျက်လုံးထဲမှ စိုးရိမ်ပူပန်မှုတစ်ခု
ပေါ်လာသည်။

ခဏအကြာတွင် သူသည်

လေးနက်စွာပြောခဲ့သည်

“ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးကို

သွားကြ။ ငါတို့က

ဟင်းလင်းပြင်ဝိညာဉ်ကောရီ နဲ့

ကျန်တဲ့သူတွေကို တတ်နိုင်သမျှ

အမြန်ဆုံး ကိုင်တွယ်ရမယ်”

ထိုစကားပြောပြီးသည်နှင့်
အခြားသူများနှင့်အတူ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် ဤနေရာ၌ ပေါ်တယ်ထဲသို့
မဝင်နိုင်ခဲ့သူ အများအပြားရှိခဲ့သည်။

စကြာဝဠာကြီးမှ
မျိုးနွယ်စုအများအပြားနှင့်
နတ်မျိုးနွယ်ဝင်များ ကျန်နေခဲ့သည်။

အားလုံးက နောက်ကျသွားသဖြင့်

ပေါ်တယ်ထဲသို့ အချိန်မီ

မဝင်ရောက်နိုင်တော့ပေ။

ထောင်သောင်းချီသော

လူအုပ်၏မျက်နှာများက

စိတ်ပျက်အားငယ်မှုများ

အထင်းသားပေါ်နေခဲ့သည်။

သူတို့၏ နောက်ဆုံးမျှော်လင့်ချက်ကား
ပျက်စီးသွားခဲ့လေပြီ။

ဤအချိန်တွင် စကြဝဠာကြီးရှိ
ဝိညာဉ်စွမ်းအင်သည်
အလွန်ရှားပါးနေသဖြင့်
လက်တွေ့အားဖြင့် မရှိတော့ဟု
ယူဆနိုင်ပါသည်။ သို့သော်လည်း
ထွက်မသွားနိုင်တော့သောကြောင့်
အကျိုးဆက်က သိသာနေပါပြီ။

လူအုပ်ထဲမှ တစ်ယောက်က ရုတ်တရက် ရှေ့ကို လှမ်းတက်လာပြီး "အားလုံးပဲ...ငါပြောစရာရှိတယ်"

ထောင်ချီသောလူအုပ်ကြီးက ထိုလူကို စိုက်ကြည့်ကြသည်။ ထိုလူက “ဒါဟာ အင်မော်တယ်မျိုးနွယ်ပဲမဟုတ်ဘူးလား။ ငါတို့ကို ဒီလိုအခြေအနေရောက်သွားအောင်

တွန်းပို့ခဲ့တာက အင်မော်တယ်မျိုးနွယ်ပဲ။
သူတို့အတွက်သာမဟုတ်ရင် ငါတို့ဟာ
ဒီလိုအခြေအနေမျိုးမှာ ရှိမှာမဟုတ်ဘူး။
ဘာပဲဖြစ်ဖြစ် ငါတို့သေတော့မှာမို့လို့
သေတဲ့အထိ တိုက်ခိုက်ရအောင်။ ငါတို့
သတ်ရင်းနဲ့သေတာက ဝေဒနာခံစားရပြီး
ဖြည်းဖြည်းချင်းသေတာထက်
ပိုကောင်းပါတယ်။
မင်းကယောက်ျားဆိုရင် ငါနဲ့အတူ

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးကို
လိုက်လာပါ။ ပြီးတော့
ယန်ယဲ့နဲ့လက်တွဲပြီး
အင်မော်တယ်မျိုးနွယ်ကို
တိုက်ခိုက်ကြရအောင်”

ထိုစကားပြောပြီးသည်နှင့် လူငယ်က
ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးအား
ဦးတည်သော လမ်းကြောင်းအတိုင်း
ပျောက်ကွယ်သွားသည်။

"သွားကြရအောင်..." ဤအချိန်တွင် အခြားတစ်ယောက်က ရှေ့သို့ တိုးလာကာ “သူမှန်တယ်။ ဘာပဲဖြစ်ဖြစ် ငါတို့သေတော့မယ်ဆိုတော့ သူတို့ထဲက တချို့ကို ငါတို့နဲ့ဆွဲခေါ်သွားတာ ပိုကောင်းတာမဟုတ်ဘူးလား။ ပိုဆိုးလာရင်တော့ ကိုယ့်ကိုကိုယ် ဖောက်ခွဲပစ်လိုက်လို့ရတယ်။

ငါသူတို့ထဲက တစ်ယောက်ကို ငါနဲ့အတူ
ဆွဲချလိုက်မယ်။ ဟားဟား..."

ထို့နောက် အဝေးကို
ပျောက်ကွယ်သွားသည် ။

သိပ်မကြာလိုက်ဘဲ
ထောင်ချီသောလူအုပ်ဟာ
ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးဆီသို့
ပြေးသွားကြသည်။

ရှေ့ကို လှမ်းပြီး Void Spirit Continent ကို

ဦးတည်ဖို့ ပိုပိုပြီး ကြာကြာ

မကြာလိုက်ပါဘူး။

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီး ။

ဤအချိန်တွင် တျန်းရှု နှင့်

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်၏

ဝိညာဉ်ခန္ဓာကိုယ်စစ်သည်များသည်

အင်မော်တယ်စစ်တပ်နှင့်
ထိပ်တိုက်တွေ့နေကြဆဲဖြစ်သည်။

သို့ရာတွင် မတိုက်ခိုက်ကြသေးဘဲ
တစ်စုံတစ်ခုကို စောင့်ဆိုင်းနေပုံရသည်။

မှန်သည်၊ အင်မော်တယ်မျိုးနွယ်သည်
၎င်း၏ဘိုးဘေး ရောက်အလာကို
စောင့်ဆိုင်းနေကြတာပါ။
အခြားတစ်ဖက်တွင် တျန်းရှုကလည်း

ယန်ယဲ့ နှင့် အခြားလူတိုင်း
ထွက်သွားပြီးချိန်အထိ
စောင့်ဆိုင်းနေသည်။

နောက်ဆုံးတွင် တိုက်ကြီးအထက်၌
ပြင်းထန်သော အရှိန်အဝါတစ်ခု
ပေါ်လာသည်။

ဘမ်း...ခလွပ် ...ခလွပ်...

ဤအချိန်တွင်

တိုက်ကြီးတစ်ခုလုံးပြိုကျလာပြီး

အရာအားလုံးသည် ဖုန်မှုန့်အဖြစ်သို့

ပြောင်းလဲသွားတော့သည်။

တျန်းရှူက

ရုတ်တရက်မျက်လုံးဖွင့်လာပြီး

"အချိန်ကျလာပြီပဲ"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၅ - စိတ်ဆန္ဒကို

လောင်ကျွမ်းခြင်း

စကြာဝဠာကြီးသည် နေ့အချိန်

ဖြစ်သော်လည်း

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီးအထက်

ကောင်းကင်ယံသည်

ညဥ့်နက်သန်းခေါင်ယံကဲ့သို့
မည်းမှောင်နေခဲ့သည်။

တိုက်ကြီးအထက်မှ ဖိအားများ
ဆင်းသက်လာသည်နှင့်
တစ်ခဏလေးအတွင်း
တိုက်ကြီးတစ်ခုလုံး ပြိုကျကာ
ဖုန်မှုန့်အဖြစ်သို့ ပြောင်းလဲသွားသည်။

တျန်းရှု က ဤမြင်ကွင်းကို
ကြည့်နေသော်လည်း တိုက်ကြီး
ပြိုကျနေတာကို မတားဆီးခဲ့ပေ။

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်သည်
တိုက်ကြီးပေါ်တွင်
မရှိတော့သောကြောင့်ဂုင်း၏တည်ရှိမှုက
သူမအတွက် ထူးခြားမှုမရှိခဲ့ပါ။

ဤအချိန်တွင် အရှောင်ရှောင်လော့၏

ရှေ့၌ အနက်ရောင်ဝတ်ရုံဝတ်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက်ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားသည်

မျက်နှာဖုံးကို ဝတ်ဆင်ထားသည်။

ညာဖက်လက်ထဲ၌

စာလိပ်တစ်လိပ်ကို ကိုင်ထားကာ သူ၏
ဘယ်လက်ကို နောက်ပစ်ထားခဲ့သည်။

အနက်ရောင်ဝတ်ရုံဝတ် အမျိုးသား
ပေါ်လာသည်နှင့်
အင်မော်တယ်မျိုးနွယ်၏ ပညာရှင်တိုင်း
ရှိသေစွာ ဦးညွှတ်ကာ “ဘိုးဘေးအရှင်ကို
ကြိုဆိုပါတယ်”

"အင်မော်တယ်မျိုးနွယ်၏ဘိုးဘေး..."

စာလိပ်ကိုင်ထားသော
သက်လတ်ပိုင်းအမျိုးသားသည်
အင်မော်တယ်မျိုးနွယ်၏ဘိုးဘေးကြီး
ဖုန့်ရှီဟာန် ပင်ဖြစ်သည်။

စာပေပညာရှင်တစ်ယောက်၏ နာမည်နှင့်
ခပ်ဆင်ဆင်တူသော်လည်း
သူ့ကိုရင်းနှီးသူတိုင်းဟာ ဘယ်လောက်ထိ

ကြောက်စရာကောင်းမှန်း

သတိထားမိကြသည်။

ဖုန့်ရှီဟာန် က တျန်းရှူကို

ခဏစိုက်ကြည့်ကာ

"ဟင်းလင်းပြင်ဝိညာဉ်ဧကရီ၊

မတွေ့တာကြာပြီ"

တျန်းရှူက သူ့ရှေ့တွင် ပေါ်လာပြီး

အနည်းငယ်စိုက်ကြည့်ကာ

"နင့်ကြည့်ရတာ ဒဏ်ရာကနေ
သက်သာလာပုံပဲ" ဟုပြောလိုက်သည်။

ဖုန့်ရှီဟာန် က "၉၀ % နီးပါးပဲ..."

တျန်းရှူက အနည်းငယ် ခေါင်းညိတ်ပြပြီး
"ဒါဆို ဒီနေ့ငါတို့ကြားက ရန်ငြိုးကို
အဆုံးသတ်လိုက်ကြရအောင်"

ဖုန့်ရှီဟန် က ခဏမျှ ငြိမ်သက်သွားပြီး
ခေါင်းညိတ်ကာ "ကောင်းပြီ"

ငြိမ်းချမ်းရေး ဆွေးနွေးမလား ။

မဖြစ်နိုင်သောအရာတစ်ခုပင် ။

သူတို့နှစ်ယောက်ကြားရှိ ရန်ငြိုးဟာ
တစ်ယောက်ယောက်သေမှသာပြီးဆုံးမ

ည်ဖြစ်သည်။ ထာဝရမပြေနိုင်သော

ရန်ငြိုးဟုဆိုရပါမည်။

ဖုန်းရီဟာန် က အရှင်ရှောင်လော့ ကို

စူးစိုက်ကြည့်လိုက်သည်။

အင်မော်တယ်စစ်တပ်ရှေ့တွင်

ရပ်နေသော အရှင်ရှောင်လော့က

ဝိညာဉ်ခန္ဓကိုယ်စစ်သည်များကို

လှည့်ကြည့်ကာ အနည်းငယ်

ခေါင်းညိတ်လိုက်သည်။

ဤအချိန်တွင် တျန်းရှုက သူမ၏

ညာလက်ကို လှန်လိုက်ရာ လက်ဝါးပေါ်၌

ပုလဲတစ်လုံး ပေါ်လာသည်။ ထို့နောက်

ပုလဲလုံးကိုပုတ်လိုက်သည်။ ထိုအခါ

ပုလဲလုံးက

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်၏

ဝိညာဉ်ခန္ဓာကိုယ်များကြားထဲသို့

ဝင်ရောက်သွားသည်။

ထို့နောက်တွင်တော့

ဝိညာဉ်ခန္ဓာကိုယ်များ၏ အော်ရာများ တဟုန်ထိုး ပေါက်ကွဲထွက်လာသည်။

"မူလမျိုးနွယ်... " ဖုန့်ရီဟာန် က တချန်းရှူ ရှေ့ကို လျှောက်လာရင်း တိုးတိုးလေးပြောပါသည် "မူလမျိုးနွယ်ရဲ့ လက်ထဲကနေ မင်းဒါကို ရယူနိုင်မယ်လို့ ငါမမျှော်လင့်ထားဘူး။ ဒါပေမဲ့ အဲဒါက အဓိပ္ပာယ်ရှိတယ်။ အခု မင်းတစ်ယောက်တည်း ရှိနေပြီဆိုတော့

ဘာမှစိုးရိမ်စရာမရှိဘူး၊ ဒါ့ကြောင့်
မူလမျိုးနွယ်က
အပေးအယူလုပ်ဖို့ကလွဲပြီး
ရွေးချယ်စရာမရှိတော့တာပါ”

တျန်းရှူက စကားတစ်ခွန်းမှ
မပြောသော်လည်း သူမ၏နဖူးအလယ်မှ
ငရဲကံကြမ္မာလက်နက် ဖြည်းညှင်းစွာ
ထွက်ပေါ်လာသည်။ တျန်းရှူ၏
သူမ၏ညာဖက်လက်ကိုမြှောက်ပြီး

ငရဲကံကြမ္မာလက်နက်ကို

ဖမ်းဆုပ်လိုက်သည်။

ထို့နောက် ဖုန့်ရှီဟန် ကို

တိုက်ခိုက်ရန်ပြင်လိုက်ပြီးမှ

အပေါ်မော့ကြည့်ရင်း ရုတ်တရက်

မျက်မှောင်ကြုတ်သွားခဲ့သည်။ညာဖက်

ကို လှမ်းကြည့်လိုက်သောအခါ

ထိုနေရာမှာ ဓားစွမ်းအင်နှင့်

မီးအလင်းတန်းများ

လင်းလက်လာသည်ကို
လှမ်းမြင်လိုက်လေသည်။

တျန်းရှု သည် ချက်ချင်း
မျက်နှာပျက်သွားသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့ နှင့်
အန်နန်ကျင်း တို့နှစ်ယောက်ဟာ
သူ့မရှေ့တွင် ပေါ်လာကြသည်။

တျန်းရှူက ယန်ယဲ့ကို စိုက်ကြည့်ကာ

အေးစက်စွာပြောလိုက်၏

"နင်ဒီကိုဘာလာလုပ်တာလဲ။

အသက်ကိုစွန့်ဖို့လား။ နင့်မိန်းမကို

သေအောင် သတ်နေတာလား"

ယန်ယဲ့ က "ငါ မင်းကို ပြန်လာမယ်လို့

ကတိပေးထားခဲ့တယ်"

တျန်းရှူက မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "အစိပ်ပွါယ်မရှိတာပဲ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ဒီဝန်ကို မင်းတစ်ယောက်တည်း ထမ်းထားလို့ မရဘူး"

တျန်းရှူက မျက်လုံးဖွင့်ပြီး ယန်ယဲ့ကို စူးစိုက်ကြည့်ကာ “ဒါဟာ

ငါ့ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်ရဲ့
အတိတ်ရန်ကြွေးပဲ။ ဒါကြောင့် ဒါဟာ
ငါ့ကိစ္စပဲ။ ငါပဲ
ပခုံးပေါ်ထမ်းထားသင့်တယ်။ ငါ...”

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး "အခု
ငါရောက်နေပြီ။ အဲဒါတွေအားလုံးကို
ပြောဖို့က အဓိပ္ပါယ်မရှိတော့ဘူး
မဟုတ်လား"

တျန်းရှူက ယန်ယဲ့ကို အကြာကြီး

စိုက်ကြည့်ပြီးနောက် ရုတ်တရက်

ပြုံးစပြုလာသည်။

ယန်ယဲ့က အံ့သြသွားပြီး

"မင်းဘာလို့ပြုံးနေတာလဲ"

တျန်းရှူက ယန်ယဲ့ ဆီသို့ လျှောက်လာကာ

သူ့ပုခုံးကို ညင်သာစွာပုတ်ပြီး

"ငါနိုးထလာပြီးတဲ့နောက်မှာ နင်နဲ့

နှင်းပွင့်လေးကို သိခွင့်ရလို့

အရမ်းဝမ်းသာပါတယ်။ နင်တို့နှစ်

ယောက်လုံး ငါ့ကို အချိန်အကြာကြီး ပျော်

ရွှင်အောင်လုပ်ပေးခဲ့တယ်။

နင်ပြောသလိုပဲ ၊ အခု

နင်ဒီကိုရောက်နေပြီဆိုတော့

ငါပြောစရာမရှိဘူး"

ထို့နောက် အောက်က စစ်မြေပြင်ကို
စိုက်ကြည့်ရင်း "ရှောင်လော့ကို
သတ်ပစ်ဖို့ ကူညီပါ"

ယန်ယဲ့ သည် အံ့အားသင့်သွား၏။
အန်နန်ကျင်း လည်း အလားတူပင်။

အရှင်ရှောင်လော့ ကို သတ်ရမလား ။

အရှင်ရှောင်လော့ သည် ယန်ဝုဒီ ကဲ့သို့
ဖန်ဆင်းရှင်အထက်ဆင့် ဖြစ်သည်။
တစ်နည်းပြောရလျှင် ရှောင်လော့က
အနှောင်အဖွဲ့ကင်းမဲ့သူ၊ တျန်းရှူ နှင့်
အင်မော်တယ်ဘိုးဘေး တို့ကဲ့သို့
အဆင့်တူဖြစ်သည်။ သိုင်းကေရာဇ်နှင့်
ယန်ဝုဒီ တို့ပင်လျှင် ရှောင်လော့
ကိုသတ်နိုင်သည်ဟု မပြောဝံ့ပေ။

သို့သော်လည်း တျန်းရှူက ယန်ယဲ့အား

အရှင်ရှောင်လော့ကို

သတ်ခိုင်းနေခဲ့သည်။

"သူမက မင်းရဲ့အကျိုးအတွက်

လုပ်နေတာပဲ" ဤအချိန်တွင် ဖုန့်ရှီဟန်

က ရုတ်တရက်ပြောခဲ့သည်

"မင်းသူ့ကိုသတ်လိုက်ရင်

အောင်မြင်မှုတွေရပြီး ရှေ့တစ်လှမ်းတိုးဖို့

အလားအလာရှိတယ်။ ဟုတ်ပါတယ်၊

နောက်ရလာဒ်တစ်ခုလည်း ရှိသေးတယ်။
ဒါဟာ သေဆုံးခြင်းပဲ။ ဒါဆို
မင်းစမ်းကြည့်ချင်သလား"

တျန်းရှူက ယန်ယဲ့ ကိုကြည့်ကာ
"နင်ဒီကိုရောက်လာကတည်းက
နင့်မှာရွေးချယ်စရာမရှိတော့ဘူး။
သူ့ကိုသတ်ပြီး ရှေ့တစ်လှမ်းတိုးလိုက်ပါ၊
ဒါမှပဲ ဒီနေရာက
အသက်ရှင်လျက်ထွက်သွားနိုင်တော့မယ်

။ မဟုတ်ရင် ငါနင့်ကို လုံခြုံအောင်

ထိန်းထားနိုင်မှာ မဟုတ်ဘူး”

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ "တျန်းရှူ၊

မင်းဘာပြောချင်နေတာလဲ"

သူမက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“ငါပြောသလို လုပ်ပါ။ ငါ နင့်ကို ဒုက္ခမပေးဘူး"

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး ခေါင်းညိတ်ကာ “ကောင်းပြီ”

ထို့နောက် အောက်သို့ ခုန်ဆင်းကာ ရှောင်လော့ ထံပြေးဝင်သွားတော့သည်။

အန်နန်ကျင်းက သူ့နောက်ကို

လိုက်ရန်ပြင်လိုက်သော်လည်း တျန်းရှုက

တားဆီးလိုက်သည်။

ထို့နောက်

အနက်ရောင်ဝတ်စုံဝတ်စစ်သည်တော်

အယောက် ၃၀ ကို ညွှန်ပြလိုက်သည်။

တျန်းရှုက "သူတို့က နင့်ရဲ့ရန်သူပဲ"

အန်နန်ကျင်း က “ငါ သူ့ကို
ကူညီချင်တယ်”

တျန်းရှူက တိုးတိုးလေးပြောလိုက်သည်
“သူ့ဆီသွားလိုက်ရင် သူ့ကိုပဲ
ထိခိုက်လိမ့်မယ်။ အောင်မြင်မှုတစ်ခုကို
သူရနိုင်တော့မှာမဟုတ်ဘူး၊ မဟုတ်ရင်
နင်တို့အားလုံး သေလိမ့်မယ်။
မူလမျိုးနွယ်ရဲ့ စကြဝဠာကို သွားနေတဲ့
တခြားလူတွေပါ အကုန်သေလိမ့်မယ်”

အန်နန်ကျင်း က အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးနောက် ထိုပညာရှင် အယောက် (၃၀) ထံ ခုန်ဝင်သွားသည်။

သူမ ထပ်ပြီးမမေးတော့ပေ။ ယန်ယဲ့ကို ယုံကြည်လိုက်သည်။

ဤအတောအတွင်း ဖုန့်ရှီဟာန် က ရုတ်တရက်ပြောခဲ့သည် "အခုရပ်ပြီး

သူတို့နဲ့အတူထွက်သွားလိုက်ပါ။

မင်းတို့အားလုံးကို ဘယ်သူကမှ

ဒုက္ခပေးမှာ မဟုတ်ဘူး”

တချန်းရှူက မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငါ သူ့ကို

ထွက်သွားဖို့ ပြောထားပေမယ့်

သူပြန်လာတယ်။ ဒါ သူရွေးတဲ့လမ်းပဲ။

ဒီလမ်းကို သူရွေးချယ်ကတည်းက

အဆုံးအထိ ဆက်လျှောက်ရမယ်။

ငါ့အနေနဲ့ကတော့ ကိုယ့်လမ်းကို

ကိုယ်ကိုယ်တိုင်ပဲ ရွေးချယ်ခဲ့တာပါ။

ငါတို့မှာ ထွက်လမ်းမရှိတော့ဘူး။ ဒါဆို

တိုက်ခိုက်ကြရအောင်"

ဆူး...

ငရဲကံကြမ္မာလက်နက်က

အနည်းငယ်တုန်ခါပြီး

အနက်ရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

အနက်ရောင်အလင်းတန်းက

အာကာသထဲသို့ ထိုးတက်သွားသည်။

ဂျိန်း...

ဤအချိန်တွင် စကြဝဠာကြီးတစ်ခုလုံး

တုန်လှုပ်သွားသည် ။

ဖုန့်ရီဟာန် က ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး
ခေါင်းညိတ်ကာ "မင်းမှန်ပါတယ်၊
ငါတို့အားလုံး ထွက်လမ်းမရှိတော့ဘူး"

ထိုစကားပြောလိုက်ပြီးနောက် သူ့ရှေ့ရှိ
အာကာသသည်
အပိုင်းလိုက်ကွဲထွက်သွားပါတော့သည်။

အာကာသပြင်သည်

တဝုန်းဝုန်းပြို့ကျလာသည်။

ဤအချိန်တွင်

အနက်ရောင်အလင်းတန်းများက

အာကာသကို ဖြတ်သွားသည် ။

ဆူး.....ဆူး....ဆူး....

မီတာရာချီကျယ်ပြန့်သော

အာကာသပြင်သည် ရုတ်တရက်

လောင်ကျွမ်းသွားပြီး အလွှာလိုက်

အလွှာလိုက် ကွာကျလာလေသည်။

တစ်ချိန်တည်းမှာပင်

ဤနေရာတစ်ခုလုံးသည်

မှုန်ဝါးဝါးဖြစ်လာသည်။

ခဏအကြာတွင် မြူခိုးများက

မည်းနက်နေသော မြစ်ကြီးများသဖွယ်

ပျံ့လွင့်လာကာ

အာကာသတွင်းနက်များပင်

ချေမှုန်းပစ်ခဲ့သည်။

ငရဲဝိညာဉ်စွမ်းအား...

အာကာသတွင်းနက်ကြီးသည်
သေမင်းချောက်နက်ကြီး အဖြစ်သို့
ပြောင်းလဲသွားသည်။

စကြာဝဠာကြီး၏ ဗဟိုအူတိုင်
ဖျက်ဆီးခံလိုက်ရပြီဖြစ်သည်။

ဖုန့်ရှီဟာန် က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး

"ငရဲကံကြမ္မာလက်နက် နဲ့ ငရဲစမ်းချောင်း

(အဝါရောင်စမ်းချောင်းမြစ်)"

စကားပြောပြီးသည်နှင့် သူ့ပုံရိပ်က

မရေမတွက်နိုင်သော

အနက်ရောင်စွမ်းအင်ကြိုးမျှင်များအဖြစ်

ပြောင်းလဲသွားသည်။ ထို့နောက်

နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

စကြာဝဠာကြီးအထက် ကောင်းကင်ယံ၌

ကြောက်မက်ဖွယ်ကောင်းသော

တိုက်ပွဲကြီး ဖြစ်နေခဲ့သည်။

သို့သော် အောက်ဖက်ရှိ လူအများက

ယင်းကို နားမလည်နိုင်ပေ။

ဤအချိန်တွင်

အောက်ဖက်စစ်မြေပြင်၌...

အန်နန်ကျင်းက

အနက်ရောင်ဝတ်စုံဝတ်ပညာရှင်

အယောက် ၃၀ ရှေ့သို့

ရောက်ရှိလာသည်။ သို့သော်လည်း

တစ်ချိန်တည်းမှာပင် အနက်ရောင်မြှား

အစင်း ၃၀ က အန်နန်ကျင်းကို

ပစ်လွှတ်ခဲ့သည်။

အန်နန်ကျင်း၏ မျက်လုံးများသည်
အနည်းငယ် ကျဥ်းမြောင်းသွားသည်။
သူမ၏လက်ထဲမှ ဒေါသမီးတောက်လုံးကို
အဆက်မပြတ်ဝှေ့ယမ်းလိုက်လေသည်။

ဘမ်း...

သူမရှေ့ကို ရောက်လာသည့် မြှား အစင်း
၃၀ ကို ရိုက်ထုတ်လိုက်နိုင်သော်လည်း
အန်နန်ကျင်းဟာ ၁၀ ကီလိုမီတာကျော်

အကြာထိ လွင့်ထွက်သွားခဲ့သည်။

ရပ်တန့်လိုက်သည်နှင့်

အနက်ရောင်မြှားတစ်စင်းက

အန်နန်ကျင်း၏နဖူးရှေ့တွင် ရုတ်တရက်

ပေါ်လာသည်။ အန်နန်ကျင်း၏

တုံ့ပြန်မှုက အလွန်မြန်ဆန်ပြီး

ဘယ်ဖက်လက်ကို ဆန့်ပြီး

ဆုပ်ကိုင်ထားသည်။

သို့သော်...

ဆူး....

မြှားတစ်စင်းက သူမ၏ ဘယ်ဖက်ပခုံးကို

ထိုးဖောက်သွားသည်။

တစ်ချိန်တည်းမှာပင်

မရေမတွက်နိုင်သော

အနက်ရောင်အလင်းတန်းမြောက်များစွာ

က အန်နန်ကျင်း၏

သေကွင်းသေကွက်များကို

ဦးတည်ပျံသန်းလာသည်။

မြှားချက်တိုင်းက

အရေးကြီးသော နေရာကို

ချိန်ရွယ်ထားသည်။

ဤအချိန်တွင် အန်နန်ကျင်းက

သူမ၏လက်ကို ရုတ်ခြည်း

ဖြေလျှော့လိုက်သည်။ သူမ၏နဖူးရှေ့မှ

မြွားက လျှပ်စီးလက်သလိုမျိုး ရှေ့သို့ ပစ်ခတ်လိုက်သည်။

သို့သော်လည်း အန်နန်ကျင်း မရှိတော့ပေ။

ဆူး...

အနက်ရောင်ဝတ်စုံဝတ် လေးသမား အယောက် ၃၀ ရှေ့တွင်

မီးတောက်အလင်းတန်းတစ်ခု

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

လှံတစ်ချောင်းက ၎င်းတို့အား

အလျားလိုက် ရိုက်ချသွားသည်။

သို့ရာတွင် အလင်းတန်းများ

လင်းလက်လာသည် နှင့်အတူ မြှား

အစင်း ၃၀ ခန့်လေထဲပျံဝဲလာပြီး လှံကို

ထိမှန်သွားသည်။

ဘမ်း...

မြှား အစင်း ၃၀ မှ သယ်ဆောင်လာသော စွမ်းအားလှိုင်းကြောင့် အန်နန်ကျင်း သည် ကီလိုမီတာ ၃၀ ကျော်အကွာထိ လွင့်ထွက်သွားခဲ့လေသည်။

မတ်တပ်ပြန်ရပ်လိုက်သည်နှင့် သူမ၏ပါးစပ်ထောင့်ရှိ သွေးများကို သုတ်လိုက်သည်။ ထို့နောက် အင်မော်တယ် လေးသမား အယောက်

၃၀ ကို စိုက်ကြည့်နေသည်။ ယခင်က
ၚင်းတို့အား လျှော့တွက်မိလိုက်မှန်း
သိပါသည်။

ဤအနက်ရောင်ဝတ်စုံဝတ်
လေးသမားများက
အင်မော်တယ်အသေခံစစ်သည် ၁၀
ယောက်နှင့် မနှိုင်းယှဉ်နိုင်သော်လည်း
ၚင်းတို့သည် များစွာ ပျော့ညံ့ခြင်းမရှိပေ။

အန်နန်ကျင်းသည် တခဏမျှ

တိတ်ဆိတ်သွားပြီးနောက် သူမ၏

မျက်လုံးထဲမှ တောက်ပသော

အလင်းတန်းတစ်ခု လက်လာသည်။

စစ်နတ်ဘုရားဒိုင်းကာကို ဘယ်လက်ဖြင့်

ဖမ်းကိုင်ကာ ဒေါသမီးတောက်လှံကို

ညာဖက်ခြေထောက်ဖြင့်

ဖြတ်ကန်လိုက်သည်။

ဘမ်း...

ဒေါ်သမီးတောက်လုံက

မီးတန်းသဖွယ်ပြောင်းလဲကာ

လေးသမားများထံပြေးဝင်သွားသည်။

ဤအချိန်တွင် အန်နန်ကျင်း သည်

ညာခြေကို တစ်ချက်ဆောင့်၍

ဒေါ်သမီးတောက်လုံ၏

နောက်ကွယ်မှကပ်လျက်လိုက်ပါလာသ

ည်။

ဤအတောအတွင်း ယန်ယဲ့က
အန်နန်ကျင်းကို ဂရုတစိုက်ကြည့်နေရာမှ
သူ့အကြည့်ကိုပြန်ရုတ်သွားသည်။
သူသည် အန်နန်ကျင်းကို
ယုံကြည်မှုအပြည့်ရှိလေရာ နောက်ထပ်
စောင့်ကြည့်နေစရာမလိုတော့ပေ။

ထိုအမျိုးသမီးဟာ အချိန်တိုင်း
ပိုပိုပြီးသန်မာလာသည်မဟုတ်ပါလား။

ယန်ယဲ့သည် သူ့အတွေးများကို ထိန်းထားပြီး သူ့ရှေ့မှ အရှင်ရှောင်လော့ကို စိုက်ကြည့်နေသည်။ ရှောင်လော့ က အနည်းငယ်ပြုံးပြီး “ဘာလဲ၊ မင်းငါ့ကို တိုက်ခိုက်ချင်တာလား။ ငါတို့ကြားက ကွာဟချက်ကို မင်းသိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

ရှောင်လော့ က ပြုံးလိုက်ပြီး

"ဟင်းလင်းပြင်ဝိညာဉ်ကရေ

လုပ်နေတာတွေကို ငါနားလည်ပါတယ်။

သူမက မင်းကို အဆင့်တစ်ခု

ကျော်ဖြတ်နိုင်အောင်လို့

သေခြင်းရှင်ခြင်းအခြေအနေမျိုး

ရင်ဆိုင်စေချင်တာ။ ကံမကောင်းစွာပဲ၊

မင်းရဲ့ပြိုင်ဖက်က ငါဖြစ်နေတယ်"

စကားပြောပြီးသည်နှင့် သူ့လက်ညှိုးကို ရှေ့သို့ ပုတ်လိုက်သည်။

ဘမ်း...

မမြင်နိုင်သောစွမ်းအားလှိုင်းတစ်ခုက ယန်ယွဲ့၏ရင်ဘတ်ကို ထိမှန်သွားသည်။ သူသည် တုံ့ပြန်နိုင်စွမ်းမရှိဘဲ အဝေးကို လွင့်ထွက်သွားသည် ။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ပါးစပ်ထောင့်ကနေ သွေးများ

စီးကျလာသည်။

အရှင်ရှောင်လော့ က

တဟားဟားရယ်လိုက်ပြီး "ငါတို့ကြားက

ကွာဟချက်

ဘယ်လောက်ကြီးသလဲဆိုတာကို

မင်းနားလည်ပြီလား"

ယန်ယဲ့ သည် စကားပြန်မပြောဘဲ
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ခဏအကြာတွင် သူ့မျက်လုံးကို
ပြန်ဖွင့်ပြီး အရှင်ရှောင်လော့
ကိုစူးစိုက်ကြည့်နေသည်။ ဒီအချိန်မှာ
ယန်ယဲ့၏မျက်လုံးအစုံက
သွေးပင်လယ်ကြီး ဖြစ်နေခဲ့သည်။

သူ့ပါးစပ်ထောင့်ရှိ သွေးများကို

သုတ်လိုက်ပြီး ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ကာ “သုံးကြိမ်ပဲ

တိုက်ခိုက်မယ်။ ငါမင်းကို ဓားသုံးချက်နဲ့

မသတ်နိုင်ရင် ငါယန်ယွဲ့ ကိုယ့်ကိုယ်ကို

သတ်သေမယ်"

ဘမ်း....ဘမ်း....

ထိုစကားပြောပြီးသည်နှင့်

သူ့ခန္ဓာကိုယ်ထဲမှ

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

စိတ်ဆန္ဒ နှစ်မျိုး ထွက်ပေါ်လာသည်။

ထိုမျှမကသေးဘဲ၊

ယန်ယဲ့၏ခန္ဓာကိုယ်သည် မီးတောက်များ

စတင်လောင်ကျွမ်းလာခဲ့သည်။

မတူညီသော စိတ်ဆန္ဒနှစ်ခုကို

လောင်ကျွမ်းခြင်း....

မုန်းသည်၊ ယန်ယဲ့ သည် သူ၏

ဖန်ဆင်းရှင်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ဓားစိတ်ဆန္ဒကို လောင်ကျွမ်းပစ်ခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၆ - အတူတူ (Tay)

ကြရအောင်

သူသည် အရှင်ရှောင်လော့

ကိုမည်သို့တိုက်ခိုက်နိုင်ပါမည်နည်း။

ယန်ယဲ့ သည်လည်း သူတို့ကြားက

ကွာဟချက်က ဘယ်လောက်ကြီးမားမှန်း

ကောင်းကောင်းသိထားပါသည်။

အခိုကကတော့ သူတို့နှစ်ယောက်ဟာ

မျိုးဆက်တူများ မဟုတ်သည့်အပြင်

ခေတ်တစ်ခုတည်းမှ

လာသူများမဟုတ်ကြပေ။

သို့သော်လည်း တျန်းရှူက သူဟာ
အရှင်ရှောင်လော့ ကိုသတ်နိုင်ကြောင်း
ပြောနေခဲ့သည်။

မည်သို့နည်း။

နောက်ဆုံးတွင် ယန်ယွဲ့ သည်
သူ၏အသက်ကို စတေးပြီး
တိုက်ခိုက်ရန်သာကျန်တော့သည်။

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုကို လောင်ကျွမ်းပြီး သူ့ခွန်အားကို ယာယီတိုးမြှင့်လိုက်သည်။

သူသည် တတ်နိုင်ပါက ဤနည်းလမ်းကို ထုတ်မသုံးချင်ပေ။ ပေးဆပ်ရသော တန်ကြေးဟာ ကြောက်စရာကောင်းလှသည်။

သို့သော်လည်း လက်ရှိတွင်

အခြားရွေးချယ်စရာမရှိခဲ့ပေ။

အရှင်ရှောင်လော့ နှင့်

အချိန်ကြာကြာတိုက်ခိုက်လေလေ

သူ့အသတ်ခံရဖို့အလားအလာအရမ်းများ

ပေသည်။

ထို့ကြောင့် သူ၏ခွန်အားကို
အပြည့်အဝထုတ်သုံးရန်
ဆုံးဖြတ်လိုက်၏။

မတူညီသော
စိတ်ဆန္ဒနှစ်ခုအားလောင်ကျွမ်းခြင်း

ဖန်ဆင်းရှင်အဆင့်
စိတ်ဆန္ဒနှစ်ခုစလုံးသည်
ပြင်းထန်စွာလောင်ကျွမ်းသွားသည်။

ထိုခဏလေးအတွင်း

ယန်ယဲ့၏အော်ရာသည်

ပေါက်ကွဲထွက်လာသည်။

အရှင်ရှောင်လော့၏ မျက်လုံးများပင်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုကို

လောင်ကျွမ်းခြင်း.... ။

သူသည် ထိုဖြစ်စဉ်

သဘာဝကျကျသိထားလေသည်။

ယတ်ယွဲ့ သည်

မတူညီသောစိတ်ဆန္ဒနှစ်ခုကို

လောင်ကျွမ်းပြီး သူ၏ခွန်အားကို

ယာယီမြှင့်တင်နေသည်။

ရှောင်လော့၏ အမြင်ကတော့ ၎င်းသည်

ကြောက်မက်ဖွယ်ခွန်အားရရှိနိုင်သော်လ

ည်း ပုံမှန်မဟုတ်သော

နည်းလမ်းတစ်ခုဖြစ်သည်။

ယာယီခွန်အားမြင့်တက်သွားသည့်တိုင်

ပေးဆပ်ရသည့်တန်ကြေးဟာ

အလွန်ကြီးမားပါသည်။

အများအားဖြင့်တော့

ကျင့်ကြံသူအများအပြားပင်

ခံနိုင်ရည်မရှိကြပေ။

ထို့အတွက်ကြောင့် ယန်ယဲ့ သည်
သူ့ကိုယ်သူ
သေလမ်းရှာလိုက်တာပင်ဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့ သည် နေရာမှာတင်
ဖျတ်ခနဲပျောက်သွား၏။ ထို့နောက်
အရှင်ရှောင်လော့ ရှေ့တွင် ပေါ်လာပြီး
ဓားတစ်ချောင်းက
သူ့ခေါင်းကိုခုတ်ချလိုက်လေသည်။

အရှင်ရှောင်လော့၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူက ယန်ယဲ့ကို လျှော့မတွက်ခဲ့ပါ။

သူ၏ညာလက်ကို လိမ်လိုက်ရာ

အနက်ရောင်စွမ်းအင်ကြိုးတစ်ချောင်းက

လေထဲသို့ လွင့်ပျံသွားပြီး

ယန်ယဲ့၏ဓားကို ထိမှန်သွားသည်။

ဆူး...

အနက်ရောင်စွမ်းအင်ကြိုးမျှင်က

ယန်ယဲ့၏

ဓားကို ချက်ချင်းခွဲထုတ်လိုက်သည်။

သို့သော်လည်း ဓားစွမ်းအင်က

ဆက်၍ကျဆင်းလာသည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

အရှင်ရှောင်လော့ သည် ၁၀

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

အရှင်ရှောင်လော့ သည် သူ့လက်ဖဝါးကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ

လက်ဝါးတစ်ခြမ်းလောက်က

ပြတ်ထွက်နေသည်။

ယန်ယဲ့၏ဓားပိုင်းချက်က

သူ့လက်ဝါးတစ်ဝက်ကို

ဖြတ်တောက်သွားတာပါ ။

တစ်ချိန်တည်းမှာပင် ဓားအူသံတစ်သံ

ထွက်ပေါ်လာခဲ့၏။

ဓားအူသံ နှင့်အတူ ယန်ယဲ့ သည်

အရှင်ရှောင်လော့ ရှေ့တွင်

ရောက်ရှိလာသည်။ ထို့နောက်

သူ၏ဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

တရကြမ်းပိုင်းချလိုက်လေသည်။

ဓားပိုင်းချက်က ကမ္ဘာကြီးကို

ပွင့်ထွက်သွားစေသလိုပင်၊ ၎င်း၏

အငွေ့အသက်သည် ယခင်က ယန်ယဲ့

ထုတ်ဖော်ခဲ့သောစွမ်းအားနှင့်

လားလားမျှမယှဉ်နိုင်ပေ။

အရှင်ရှောင်လော့ က နောက်သို့

ခြေတစ်လှမ်းဆုတ်ပြီးနောက်

သူ့ခန္ဓာကိုယ်ထဲမှ သိပ်သည်းသော

အနက်ရောင် စွမ်းအင်များ

ဖြာထွက်လာသည်။ ထို့နောက်တွင်တော့

အနက်ရောင်စွမ်းအင်များဟာ

ယန်ယဲ့၏ဓားကို ဖုံးလွှမ်းလိုက်ပါပြီ။

သို့သော်လည်း

အနက်ရောင်စွမ်းအင်များသည်

ချက်ချင်းဆိုသလိုပင် အပိုင်းပိုင်း

လှီးဖြတ်ခံလိုက်ရလေသည်။တစ်ချိန်တ

ည်းမှာပဲ ဓားက အရှင်ရှောင်လော့ကို ဆက်ပြီးပိုင်းချလိုက်သည်။

ဘမ်း…

အရှင်ရှောင်လော့ သည် နောက်တစ်ကြိမ် လွှင့်ထွက်သွားပြန်သည်။

သို့သော်လည်း အရှင်ရှောင်လော့ က ရယ်မောလိုက်သည်။ သူက ယန်ယဲ့ကို

စိုက်ကြည့်ရင်း "ယန်ယွဲ့၊ မင်းက တော်တော် သန်မာနေပြီဆိုတာ ငါဝန်ခံရမယ်။ ကံမကောင်းစွာပဲ၊ မင်းငါ့ကိုသတ်ဖို့မဖြစ်နိုင်သေးဘူး။ အခု မင်းမှာ နောက်ဆုံးတိုက်ခိုက်မှုတစ်ခုပဲ ကျန်တော့တယ်။ မင်း..."

အရှင်ရှောင်လော့၏အသံက ရုတ်ချည်း ရပ်တန့်သွားသည်။

အကြောင်းမှာ ယန်ယွဲ့ သည် သူ့ရှေ့တွင်
ပေါ်လာပြီး အခြားတိုက်ခိုက်မှုတစ်ခု
ကျဆင်းလာသောကြောင့်ဖြစ်သည်။

အရှင်ရှောင်လော့၏ ပါးစပ်ထောင့်တွင်
အေးစက်သော အပြုံးတစ်ခု
ပေါ်လာသည်။ သူ့ထံမှ
မရေမတွက်နိုင်သော
မရဏာစွမ်းအင်ကြိုးမျှင်များ

ပေါက်ကွဲထွက်လာသည်။ ထို့နောက်
သူ့အပေါ်တည့်တည့်သို့
ရောက်ရှိလာပြီး
မရဏစွမ်းအင်အလွှာကြီး
ဖြစ်ပေါ်လာသည်။ ပထမတိုက်ခိုက်မှု
နှစ်ကြိမ်က ယန်ယဲ့၏ ခွန်အားကို
အပြည့်အဝ နားလည်ထားသောကြောင့်
နောက်ဆုံးတိုက်ခိုက်မှုကိုလည်း
ခုခံနိုင်မည်ဟု ယုံကြည်နေသည်။ ယန်ယဲ့

သည့် သန်မာသော်လည်း သူ့အတွက်
ကြီးမားသော ခြိမ်းခြောက်မှုမဟုတ်ပေ။

ဤအချိန်မှာပဲ ယန်ယဲ့၏ဓားက
မရဏာစွမ်းအင်အလွှာပေါ်သို့
ပိုင်းချလိုက်လေသည်။

သို့သော်လည်း ယန်ယဲ့၏ဓားက
ရုတ်တရက် ရပ်တန့်သွားပြီးနောက်
သူ့မျက်နှာက အနည်းငယ်

ဖြိုဖျော့သွားခဲ့လေသည်။ ဤအချိန်တွင်
အရှင်ရှောင်လော့၏အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။
သူ့ခန္ဓာကိုယ်ထဲမှ မရေမတွက်နိုင်သော
မရဏာစွမ်းအင်များ
တဟုန်ထိုးမြင့်တက်လာကာ
အကာအကွယ်အလွှာထဲသို့
စီးဝင်သွားလေတော့သည်။ သို့ရာတွင်

သိသိသာသာကိုနောက်ကျသွားပြီဖြစ်သည်။

ယန်ယဲ့၏ဓားက မရဏစွမ်းအင်အလွှာကို ပိုင်းဖြတ်ကာ အရှင်ရှောင်လော့ ထံဆင်းသက်လာသည်။

ဆူး…

မရဏာစွမ်းအင်အလှာသည်

ချက်ချင်းပွင့်ထွက်သွားသည်။

အကာအကွယ်သည်

စာရွက်တစ်ရွက်နှင့်တူသည်။

တစ်ချိန်တည်းတွင် ဓားက

အရှင်ရှောင်လော့၏

ဦးခေါင်းပိုင်းမှ ခြေဖျားအထိ

ထက်ပိုင်းခြမ်းသွားခဲ့သည်။

ပတ်ဝန်းကျင် သည် တိတ်ဆိတ်သွားသည်။

ယန်ယဲ့ သည် ဓားကိုပြန်ရုတ်ပြီး မီတာ ၃၀၀ အကွာသို့ ပြန်ဆုတ်သွားသည်။

အရှင်ရှောင်လော့ က ယန်ယဲ့ကို စူးစိုက်ကြည့်နေရင်း "အဲဒါက နယ်မြေ ..."

နယ်မြေစွမ်းအားလား....

မှန်သည်၊ ယန်ယဲ့က ဓားနယ်မြေကို

ရုတ်တရက် အသက်သွင်းလိုက်တာပါ။

ဓားနယ်မြေ ။

ယန်ယဲ့၏ အကြီးမားဆုံး ဝှက်ဖဲပင်။

အစပိုင်းတွင်

ဓားနယ်မြေကိုထုတ်သုံးပါက

အရှင်ရှောင်လော့ကို

သတ်ရန်မဖြစ်နိုင်ကြောင်း သိထားလို့ပါ။

ဓားနယ်မြေကို အသက်သွင်းလိုက်ရုံဖြင့်

အရှင်ရှောင်လော့ ကို မသတ်နိုင်ပေ။

ထို့ကြောင့် သူ၏စိတ်ဆန္ဒနှစ်ခုကို

လောင်ကျွမ်းပစ်လိုက်သည်။

ထို့နောက်တွင် သူ၏ခွန်အားက

ကြောက်မက်ဖွယ်ရာ

မြင့်တက်လာခဲ့သည်။ သူသည်

အရှင်ရှောင်လော့ နှင့်တိုက်ခိုက်နေရင်း

သတိမပြုမိခင်မှာပဲ ဓားနယ်မြေကို

ထုတ်ဖော်လိုက်တော့သည်။

ဤတိုက်ပွဲသည်

ခွန်အားချင်းတိုက်ပွဲတစ်ခုသာမကဘဲ

စိတ်ပိုင်းဆိုင်ရာတိုက်ပွဲလည်းဖြစ်ခဲ့သည်

။ ရိုးရိုးရှင်းရှင်းပြောရရင်တော့

ဤတိုက်ခိုက်မှုဟာ

လှည့်စားမှုတိုက်ပွဲပင်။

အရှင်ရှောင်လော့ က ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ ခဏအကြာတွင် ရုတ်တရက် ရယ်မောလာသည်။ သူက "ပညာရှင်တစ်ပါးရဲ့လက်မှာ ငါသေမယ်လို့ မမျှော်လင့်ထားဘူး။ မင်းက အံ့သြစရာကောင်းပြီး အရမ်းထက်မြက်တယ်ဆိုတာ ပြောစရာမလိုပါဘူး။ မင်းရဲ့

ဓားနယ်မြေက အစွမ်းထက်တယ်၊
အရမ်းအစွမ်းထက်တယ်...”

သူ့အသံက ပိုပြီးတိုးညှင်းလာကာ
တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

အရှင်ရှောင်လော့၏ ခန္ဓာကိုယ်သည်
တဖြည်းဖြည်းကြည်လင်လာသည်။
ဒီအချိန်မှာ သိပ်သည်းသော
မရဏစွမ်းအင်များထွက်ပေါ်လာပြီး

သူ့ကိုယ်ပေါ်သို့ရောက်ရှိလာသည်။

သို့သော် မရဏစွမ်းအင်သည်

အရှင်ရှောင်လော့ကို

အသက်ကြြန်မသွင်းနိုင်ပေ။

သူ၏ရုပ်အလောင်းကို အပျက်စီးအောင်

ကာကွယ်ပေးထားရုံသာ။

အင်မော်တယ်မျိုးနွယ်သည်

အင်မော်တယ်ခန္ဓာကိုယ်ကို

ပိုင်ဆိုင်ထားသော်လည်း အခြေအနေပေါ်

မှုတည်ပါသည်။ ယန်ယဲ့၏
နောက်ဆုံးတိုက်ခိုက်မှုသည်
သူ့ခန္ဓာကိုယ်ထဲရှိ
အသက်စွမ်းအင်အားလုံးကို
တစ်စစီဖျက်ဆီးပစ်လိုက်သည်။
ထိုကဲ့သို့သော အခြေအနေမျိုးတွင်
အင်မော်တယ်ခန္ဓာကိုယ်ပိုင်ရှင်ကို
မပြောဘဲ ဖန်ဆင်းရှင်အထက်ဆင့်

ပညာရှင်ပင်လျှင်

မကယ်တင်နိုင်တော့ပါ။

အတိုချုပ်ပြောရရင်တော့

အရှင်ရှောင်လော့ သည်

အသက်ပြန်ရှင်လာတော့မည်မဟုတ်ပေ၊

ထာဝရသေဆုံးသွားပြီဖြစ်သည်။

သို့သော်လည်း ယန်ယဲ့ သည်
ကြီးမားသောတန်ကြေးကို
ပေးချခဲ့ရသည်။

သူ၏ခွန်အားကို မြှင့်တင်ရန်အတွက်
ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုကို
လောင်ကျွမ်းပစ်ခဲ့သည်။
ကျင့်ကြံမှုအဆင့် ဆုံးရှုံးသွားပါက
ပြန်ယူနိုင်ပါသေးသည်။ သို့ရာတွင်

ဆုံးရှုံးသွားသော စိတ်ဆန္ဒနှစ်ခုအား ပြန်ယူရန်မဖြစ်နိုင်တော့ပေ။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့ သည် စိတ်ပူပန်နေခြင်းမရှိပါ။ ၎င်းသည် ငွေ ၁၀ သန်းခန့် ပိုင်ဆိုင်ထားသည့် သူဌေးကြီးတစ်ယောက်လိုပင်ဖြစ်သည်။ သို့သော်လည်း လောင်းကစားလုပ်လိုက်ရာ ထိုငွေအားလုံး ဆုံးရှုံးသွားသည်။

ထို့နောက် သူဌေးကြီးက နောက်ထပ် ငွေ

၁၀ သန်း မရနိုင်တော့ကြောင်း

မဆိုလိုပေ။ ငွေများဆုံးရှုံးခြင်းသည်

ငွေရှာနိုင်စွမ်းဆုံးရှုံးသွားခြင်းမဟုတ်ပါ။

လက်ရှိ ယန်ယွဲ့နှင့် အတူတူပင်ဖြစ်သည်။

သူသည် ဓားတာအို နှင့်

သတ်ဖြတ်ခြင်းတာအို ကို

ရင်းနှီးနေလေရာ သူ၏စိတ်ဆန္ဒနှစ်ခုကို

ပြန်ယူရန်သိပ်ပြီးမခက်လှပေ။

သို့သော်လည်း ထူးခြားဆန်းကြယ်သော ဖြစ်စဉ်တစ်ခုကို မြင်တွေ့ဖို့တော့ လိုအပ်ပါသည်။

ယခုလောလောဆယ် ယန်ယွဲ့ သည် မတူညီသောပြဿနာတစ်ခုကို ရင်ဆိုင်နေရသည်။

သူသည် စိတ်ဆန္ဒလောင်ကျွမ်းခြင်းနှင့် ဓားနယ်မြေကို

အတင်းအကြပ်ထုတ်ဖော်လိုက်သော

ကြောင့်

တန်ပြန်ရိုက်ခတ်မှုခံနေရလေသည်။

တစ်စုံတစ်ယောက်သည်

မိမိကန့်သတ်ချက်ထက်ကျော်လွန်သော

ခွန်အားကို အသုံးပြုလျှင်

ပြန်ပေးရမည့်တန်ကြေးဟာ

သဘာဝအတိုင်းဖြစ်သည်။

ယန်ယဲ့၏မျက်နှာပေါ်က သွေးကြောများ

ပေါက်ထွက်စပြုလာသည်။ ထို့အပြင်

သူ၏အရေပြားအောက်ရှိ

သွေးကြောများမှာလည်း

တွန့်လိမ်လာသည်။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး

အောက်ကိုငုံ့ကြည့်လိုက်သည်။

ဤအချိန်တွင်

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်၏

ဝိညာဉ်စစ်တပ်နှင့်
အင်မော်တယ်မြင်းတပ်တို့ အသေအကြေ
တိုက်ပွဲဝင်နေကြသည်။ သူမြင်နေရသည့်
အခြေအနေမှာ သိပ်မကြာခင်မှာပဲ
တိုက်ပွဲရလာဒ်ကိုဆုံးဖြတ်တော့မည်ဖြစ်
သည်။

ယန်ယွဲ့က တစ်ဖက်ကို ကြည့်လိုက်သည်။
အန်နန်ကျင်းက လေးသမား အယောက်
၃၀ ကို တစ်ယောက်တည်းဖြင့်

ရင်ဆိုင်နေခဲ့ပါသည်။ ယခုအခါ

လေးသမား ၂၅ ယောက်သာ

ကျန်တော့သည်။

အန်နန်ကျင်း၏လက်ချက်ဖြင့်

လေးသမား ၅ ယောက်

အသတ်ခံထားရသည်။

သို့သော်လည်း ရလာဒ်အနေနဲ့
အန်နန်ကျင်းသည်
ဒဏ်ရာအပြင်းအထန်ရခဲ့ပါသည်။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။
ထို့နောက် အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲကာ လေးသမားများထံ
ခုန်ဝင်သွားသည်။

"သေစမ်း...." ယန်ယဲ့၏အသံသည်
မိုးချိန်းသံကဲ့သို့ ပဲ့တင်ထပ်နေသည်။

ယန်ယဲ့ သည် လေးသမားများရှေ့သို့
ရောက်လာပြီး ဓားကို
ညာဖက်လက်၌ပြောင်းကိုင်လျက်
ခုတ်ချလိုက်လေသည်။

ဓားနယ်မြေ ။

ယခုအချိန်တွင်

စိတ်ဆန္ဒလောင်ကျွမ်းခြင်းမှ

တိုးမြှင့်ထားသောခွန်အားက

မပျောက်ကွယ်သေးပေ။ ထို့ကြောင့်

ယန်ယဲ့၏ တိုက်ခိုက်မှုဟာ

လုံးကိုကြောက်စရာကောင်းလှသည်။

သူ့ရှေ့ရှိ အဝါရောင်ဝတ် လေးသမားက

တုံ့ပြန်နိုင်စွမ်းပင်မရှိဘဲ တစ်ခါတည်း

အသက်ပျောက်သွားသည် ။

ချက်ချင်း သတ်လိုက်တာလား ။

အန်နန်ကျင်း ကလည်း

ဤမြင်ကွင်းကြောင့်အံ့အားသင့်သွားခဲ့သ

ည်။

ယန်ယဲ့၏ခွန်အားက

တော်တော်ကိုကြောက်စရာကောင်းနေ

သောကြောင့်ပါ။

သို့သော်လည်း သိပ်မကြာခင်
သူမ၏မျက်နှာပေါ်တွင် မမြင်နိုင်သော
အမှုအရာတစ်ခု ပေါ်လာခဲ့သည်။
လက်ရှိယန်ယဲ့၏အခြေအနေကို
မြင်တွေ့လိုက်တာပါ။ ယန်ယဲ့သည်
လက်ရှိတွင်
တော်တော်ကိုပင်ပန်းနေပါပြီ။
ဓားတစ်ချက် လူတစ်ယောက်ကို
သတ်နိုင်သော်လည်း

အချိန်ပြည့်သွားတာနဲ့
တန်ကြေးကြီးကြီးမားမားပြန်ပေးရမည်
ဖြစ်သည်။

ဤအတောအတွင်း ယန်ယဲ့ သည်
ပထမတစ်ယောက်ကို
ချက်ချင်းသတ်ပြီးနောက်
အခြားတစ်ယောက်ထံ
ထပ်ပြီးခုန်ဝင်သွားသည်။ မြှား
အစင်းပေါင်း ၂၀ ကျော် သူ့ရှေ့တွင်

ရုတ်တရက် ပေါ်လာသော်လည်း ဓားတစ်ချက်ယမ်းရုံဖြင့် အားလုံးကို ဖျက်ဆီးပစ်လိုက်သည်။

ဆူး ..

ထို့နောက်တွင် နောက်ထပ် လေးသမားတစ်ယောက်ဟာ နှစ်ပိုင်းခွဲခံလိုက်ရသည်။ ၎င်း၏

သွေးများနှင့် ကိုယ်တွင်းအင်္ဂါများ

နေရာအနှံ့ ပြန့်ကျဲသွားသည်။

သို့သော်လည်း အဆုံးမဟုတ်ပေ။

ဓားအလင်းတန်းတစ်ခု

လင်းလက်သွားပြီးနောက်

လေးသမားတစ်ယောက်၏ ခေါင်းဟာ

လေထဲသို့ ပျံတက်သွားသည်။

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း ။

ဤအချိန်တွင် ယန်ယဲ့ သည်

အင်မော်တယ် လေးသမားများကို

အသာအယာပင်သတ်ဖြတ်နေခဲ့သည်။

ဒီအချိန်မှာ သူ၏ဓားတစ်ချက်က

ဘယ်သူမှ မခုခံနိုင်ပေ။

ခဏအကြာတွင်တော့ လေးသမား ၁၀

ယောက်သာ ကျန်ရှိတော့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

ရပ်တန့်သွားသည်။

သူသည် တန်ပြန်ရိုက်ခတ်မှုအား

ဆက်ပြီးမထိန်းထားနိုင်တော့ပေ။

သူ့ခန္ဓာကိုယ် ပေါက်ကွဲလုနီးနေပြီဟု

ခံစားလိုက်ရသည်။

မူလခရမ်းရောင်စွမ်းအင်သည်

သူ့ခန္ဓာကိုယ်ကို
အဆက်မပြတ်ကုသနေသည့်တိုင်
တန်ပြန်ရိုက်ခတ်မှုကို
တားဆီးနိုင်ခြင်းမရှိပေ။

ဝှစ်...

မြှားတစ်စင်းက ရုတ်တရက်
ပျံသန်းလာပြီး သူ့ရင်ဘတ်ထဲကို ထိုး
ဖောက်သွားသည်။ မူလချပ်ဝတ် က

၎င်းကို လုံးဝမတားဆီးနိုင်လိုက်ပေ။

သို့သော် မြှားတစ်စင်းက

အဆုံးဟုတ်ပုံမရပေ။ နောက်ထပ်

မြှားတစ်စင်း ပျံသန်းလာပြီး

ယန်ယဲ့၏နဖူးအလယ်သို့ဦးတည်လာသ

ည်။ သို့သော်လည်း လှံတစ်ချောင်းက

လေထုကိုဖြတ်ကာ

မြှားကိုရိုက်ထုတ်ပစ်လိုက်သည်။

ယန်ယဲ့ သည် ဓားကို မြေပေါ်

ထိုးစိုက်လျက် လက်နှစ်ဖက်ဖြင့်

တင်းဆင်းဆုပ်ကိုင်ထားသည်။

ခဏမျှအားတင်းလိုက်ပြီးနောက်

အသက်ပြင်းပြင်းရှူကာ “ဒီအချိန်မှာ

ဆက်ထိန်းထားနိုင်တော့မယ် မထင်ဘူး။

ကျင်းအာ၊ ထွက်သွားတော့..."

သူသည် အမှန်ပင်

အားကုန်သွားပြီဖြစ်သည်။

အန်နန်ကျင်းက ယန်ယွဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်နေခဲ့သည်။
ထို့နောက် ငုတ်တုတ်ထိုင်ချကာ
ယန်ယွဲ့၏နဖူးကို တစ်ချက်နမ်းလိုက်ပြီး
"ငါတို့ အတူတူသေမယ်"

ထိုစကားပြောပြီးနောက်တွင်
အန်နန်ကျင်း၏ ခန္ဓာကိုယ်ထဲမှ

မီးတောက်မီးလျှံများ

ထွက်ပေါ်လာခဲ့သည်။

မူလဝိညာဉ်ကို လောင်ကျွမ်းခြင်း...

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၇ - ငါ မ(Tay)ချင်သေးဘူး

ယန်ယဲ သည် လက်ဝါးကို

ရုတ်တရက်မြှောက်ပြီး

အန်နန်ကျင်း၏ပခုံးကို

ဖိချလိုက်ပြီးနောက်

"ငါမသေချင်သေးဘူး"

အန်နန်ကျင်း က ယန်ယဲ့ကို

လှည့်ကြည့်ကာ သူမ၏ခန္ဓာကိုယ်ထဲမှ

မီးတောက်များ ငြိမ်သက်သွားသည်။

ထိုစကားများကို ပြောလိုက်သူက

ယန်ယဲ့ဖြစ်နေတာကြောင့်ပါ။

နောက်ကို လှည့်ကြည့်လိုက်သောအခါ

ဖြူဖျော့ဖျော့မျက်နှာကို

တွေ့လိုက်ရသည်။

ယန်ယဲ့က အန်နန်ကျင်း၏လက်ကိုဆွဲကာ

ပြုံးလိုက်ပြီး "ကျင်းအာ၊

ဒီလိုမိုက်မဲတဲ့လုပ်ရပ်ကို မလုပ်နဲ့။

ငါမသေချင်ဘူး၊ အဆင်ပြေလား"

သူမက ယန်ယဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်နေပြီးနောက် ခေါင်းညိတ်ကာ

“ကောင်းပြီ”

ဤအချိန်တွင် လေတိုးသံ တရှိုးရှိုးနှင့်

အဝေးမှ မြှား ၁၀ ချောင်း

ပျံသန်းလာသည်။

အန်နန်ကျင်းက နောက်သို့
တစ်လှမ်းဆုတ်ပြီး
ဒေါသမီးတောက်လုံ့ကို မြှောက်ကာ
အလျားလိုက် ရိုက်ချလိုက်သည်။

ဘမ်း...

မြှား ၁၀ ချောင်းက
လမ်းကြောင်းရွေ့သွားသည်။

သို့သော်လည်း အန်နန်ကျင်း နှင့် ယန်ယဲ့

တို့နှစ်ယောက်စလုံး ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားကြသည်။

ဤအချိန်တွင် ယန်ယဲ့သည်

အန်နန်ကျင်းကို နောက်သို့ ရုတ်တရက်

ဆွဲခေါ်ကာ သူကိုယ်တိုင်

ရှေ့တက်လိုက်သည်။ တစ်ချိန်တည်းမှာပဲ

ဓားအူသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအခါ ကျန်နေသော လေးသမား ၁၀ ဦးသည် ခန္ဓာကိုယ်များ အနည်းငယ် တင်းမာလာသည်။

ယန်ယဲ့ သည် သူတို့၏အဖော် လေးသမားများအား မည်သို့မည်ပုံ သတ်ဖြတ်ခဲ့ကြောင်း မမေ့ခဲ့ကြပေ။

ယန်ယဲ့က သူ့လက်ကို ဖြည်းညှင်းစွာ

မြှောက်လိုက်ပြီး ဓားကို ထိုးချိန်လျက်

“မင်းသေချင်ရင် ဆက်ပြီးတိုက်ခိုက်ပါ...”

သို့ရာတွင် လေးသမားများက

တုန်လှုပ်သွားပုံမရပေ။

တချိန်တည်းမှာပင် လေးကြိုးများကို

ဆွဲတင်းပြီး မြှားများကို

ပစ်လွှတ်လိုက်ကြသည်။ မြှား ၁၀ စင်းက

ကြယ်တာရာများ ကြွေကျလာသကဲ့သို့
တပြိုင်နက် လင်းလက်သွားသည်။

ဤမြင်ကွင်းအား မြင်သောအခါ
ယန်ယဲ့၏ ဖြူဖျော့ဖျော့မျက်နှာတွင်
ရက်စက်သောအမူအရာပေါ်လာသည်။
သူ၏ညာခြေထောက်ကို မြှောက်ပြီး
အားကုန်ဆောင့်ချလိုက်သည်။

ဝုန်း…

သူ့အောက်ရှိ အာကာသသည်

ချက်ချင်းပြိုကျသွားသည်။

ဤအချိန်တွင် ယန်ယဲ့ သည်

တန်ပြန်အင်အားကို လွှဲယူကာ

ရှေ့သို့ခုန်ထွက်လိုက်သည်။ မြှား ၁၀

ချောင်းစလုံး အပိုင်းပိုင်းကြေမွသွားကာ

ယန်ယဲ့၏ပုံရိပ်က

လေးသမားတစ်ဦးရှေ့မှာ
ဆင်းလာခဲ့သည်။

ထို့နောက် သူ၏ဓားကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်လျက် ပိုင်းချလိုက်လေသည်။
တစ်ချိန်တည်းတွင် သူ၏ ပါးစပ်ထဲမှ
သွေးများ ဖျန်းခနဲ အန်ထွက်လာသည်။

ဓားနယ်မြေ ။

သူသည် ဓားနယ်မြေကို ထပ်ပြီး

အတင်းအကြပ် သုံးလိုက်တာကြောင့်ပါ။

ဆူး…

လေးသမားက

ခုခံရန်အခွင့်အရေးပင်မရှိဘဲ ချက်ချင်း

နှစ်ခြမ်းခွဲခံလိုက်ရလေသည်။ သို့သော်

ဤအချိန်တွင် မြှား အစင်းပေါင်းများစွာ

သည် ယန်ယွဲဆီသို့ ပျံသန်းလာသည်။

ယန်ယဲ့သည် သူ့ခေါင်းကို

ဘေးသို့စောင်းကာ

ကမန်းကတန်းရှောင်တိမ်းလိုက်သည်။

မြှား ၂ ချောင်းကို

ရှောင်လိုက်နိုင်သော်လည်း

ကျန်တစ်ချောင်းက သူ၏ရင်ဘတ်ကို

ထိုးဖောက်သွားခဲ့သည်။

ဘမ်း...

ယန်ယဲ့ သည် အဝေးသို့
လွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
မြှားအနည်းငယ်က သူ့အား
ပစ်ခတ်လိုက်ကြောင်း တွေ့ရသည်။

ဤအချိန်တွင် အန်နန်ကျင်း သည်
ယန်ယဲ့ရှေ့တွင် ပေါ်လာပြီး

ဒေါသမီးတောက်လုံကို အလျားလိုက် ရိုက်ထုတ်လိုက်သည်။

ဘမ်း... ဘမ်း...ဘမ်း....ဘမ်း...

ဒိုင်း! ဒိုင်း! ဒိုင်း! ဒိုင်း!

မြားအားလုံး ကြေမွသွားသော်လည်း အန်နန်ကျင်း သည် လွင့်ထွက်သွားပြီး ယန်ယဲ့နံဘေးသို့ ပြုတ်ကျလာသည်။

ကျန်သော လေးသမား ၉ ယောက်က

မရပ်တန့်ပေ။ လေးကြိုးများကို

ထပ်မံဆွဲတင်လိုက်ပြီး ယန်ယဲ့နှင့်

အန်နန်ကျင်းကို ချိန်ထားလေသည်။

ဤအခိုက်အတန့်တွင်

ကောင်းကင်ထက်မှ

အနက်ရောင်အရိပ်အချို့ ရုတ်တရက်

ဆင်းသက်လာသည်။

အခြားလူများမဟုတ်ပေ၊
နည်းပြချုပ်ထျန်နှင့် အသေခံစစ်သည် ၉ ယောက်တို့သာဖြစ်သည်။

ဤမြင်ကွင်းကြောင့်
အန်နန်ကျင်း၏မျက်နှာက
သိသိသာသာပင်ပျက်ယွင်းသွားခဲ့သည်။

သေချာသည်မှာ သူတို့နှစ် ယောက်အတွက်

အခွင့်အရေး ၁ % ပင် မရှိတော့ပေ။

ဤအချိန်တွင် သူတို့ရှေ့၌

အနက်ရောင်အရိပ်တစ်ခု ပေါ်လာသည်။

စကြာဝဠာဝိညာဉ်...

ယန်ယွဲ့ က အနက်ရောင်အရိပ်ကို

မော့ကြည့်လိုက်သည်။

စကြာဝဠာဝိညာဉ် က

သူမ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားပြီး "နှင်းပွင့်နဲ့

ဒီစကြာဝဠာကြီးရဲ့

ဝိညာဉ်ဘုရင်လေးတွေကို

ကောင်းကောင်းဂရုစိုက်ဖို့ သူ့ကိုပြောပါ။

မဟုတ်ရင် ငါသေတာတောင်

ခွင့်မလွှတ်ဘူး"

ထိုစကားပြောပြီးသည်နှင့်
သူမ၏လက်နှစ်ဖက်ကို ဖြည်းညှင်းစွာ
မြှောက်လိုက်သည်။

ဂျိန်း.... ဝုန်း.... ဝေါ.... ဝရော....

ဤနေရာသည် ရုတ်တရက်ကြီး
တုန်ခါလာသည်။ ထို့နောက်တွင်
စကြာဝဠာကြီးတစ်ခုလုံးမှ
မရေမတွက်နိုင်သော စွမ်းအင်များ

ဆုံစည်းလာကြသည်။ ဤနေရာတွင် စကြဝဠာကြီးတစ်ခုလုံးမှ ပြန့်ကျဲနေသော စွမ်းအင်စီးကြောင်းများ စုံစည်းကာ စီးဝင်သည့် ပင်လယ်သမုဒ္ဒရာကြီးကဲ့သို့ပင်ထင်ရလေ သည်။

ဤအခိုက်အတန့်တွင် စကြာဝဠာကြီး၏ အပြင်ဖက်မှ လှမ်းကြည့်နေမည်ဆိုလျှင် လောကသုံးပါးစကြာဝဠာသည်

မြင်သာသောအရှိန်ဖြင့်
ဖျက်ဆီးခံနေရသည်ကို
သတိထားမိပေမည်။

စကြာဝဠာဝိညာဉ်က စကြာဝဠာကြီး၏
နောက်ဆုံးလက်ကျန်ဝိညာဉ်စွမ်းအင်နှင့်
အရာခပ်သိမ်းစွမ်းအားကို
ထုတ်ယူနေတာဖြစ်သည်။

အန်နန်ကျင်း သည် စကြာဝဠာဝိညာဉ်ကို
အံ့အားသင့်စွာဖြင့် စိုက်ကြည့်ကာ “နင်...”

စကြာဝဠာဝိညာဉ် က
သူမ၏မျက်နှာဖုံးကို ဖြည်းညှင်းစွာ
ဖယ်ရှားလိုက်ရာ သာမာန်ရိုးရှင်းသော
မျက်နှာလေးတစ်ခုပေါ်လာသည်။
သို့သော် သူမ၏မျက်နှာပေါ်တွင်
ဆိုးယုတ်သောအပြုံးဖြင့်
“ဘယ်လိုပဲဖြစ်ဖြစ် ဒီစကြာဝဠာကြီး

သေဆုံးသွားပြီ။ ငါကိုယ်တိုင် ဖျက်ဆီးတော့မယ်။ အခုကစလို့ ဒီလောက မရှိတော့ဘူး”

ထိုစကားပြောပြီးသည်နှင့် သူမ၏ ခန္ဓာကိုယ်သည် ချက်ချင်းပင် ကြည်လင်လာတော့သည်။

ဘမ်း...

ခဏကြာတော့ စကြာဝဠာဝိညာဉ် ထံမှ

ကြောက်မက်ဖွယ်ကောင်းလှသော

စွမ်းအားလှိုင်းကြီးတစ်ခု

လွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင်

စကြာဝဠာဝိညာဉ်က

ပျောက်ကွယ်သွားပြီဖြစ်သည်။

စွမ်းအင်လှိုင်းများက နည်းပြချုပ်ထျန်

နှင့်အဖွဲ့ထံ ချက်ချင်း ပြန့်နှံ့သွားပြီး

ဖုံးလွှမ်းထားသည်။

ဘမ်း.... ဘမ်း....

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

စကြာဝဠာဝိညာဉ် သည်

သူမ၏ခန္ဓာကိုယ်ကို

ကြားခံအဖြစ်သုံးကာ စကြာဝဠာကြီး၏

နောက်ဆုံးလက်ကျန်

အရာခပ်သိမ်းစွမ်းအင်ကို

ထုတ်ယူခဲ့သည်။ ၎င်းသည်

စကြာဝဠာကြီး၏ သေဆုံးချိန်

(အဆုံးသတ်ချိန်)

ရောက်လာနေသည့်အရှိန်ကို ချက်ချင်း

အရှိန်မြှင့်လိုက်သည်ဟု ဆိုနိုင်သည်။

အမှန်တော့ အဆုံးသတ်ချိန်ကို

အရှိန်မြှင့်လိုက်ရုံတင်မကဘဲ

စကြဝဠာကြီးကို လုံးလုံးလျားလျား

သတ်ပစ်ခဲ့ခြင်းဖြစ်သည်။

စကြာဝဠာဝိညာဉ်သည်

အရာခပ်သိမ်းစွမ်းအင်ကို

ပေါင်းစပ်ပြီးနောက်

ပျက်သုဉ်းခြင်းစွမ်းအင်အဖြစ်ဖန်တီးခဲ့သ
ည်။

ပျက်သုဉ်းခြင်းစွမ်းအားက
ပြင်းထန်လွန်းသဖြင့် ကီလိုမီတာ
သောင်းချီကျယ်သော ဧရိယာသည်
သေမင်းချောက်နက်ကြီးအဖြစ်
ပြောင်းလဲသွားခဲ့သည်။

ထိုနေရာတွင် ဘာမှမကျန်ခဲ့ပေ၊

ပျက်စီးခြင်းသာ ဖြစ်ခဲ့သည်။

သို့သော် နည်းပြချုပ်ထျန်၏အဖွဲ့သည်

တစ်ယောက်မှ သေသွားခြင်းမရှိပေ။

လေးသမား ၉ ဦး သေဆုံးသွားသည်။

နည်းပြချုပ်ထျန် နှင့် အသေခံစစ်သည် ၉

ယောက်သာ

အသက်ရှင်လျက်ကျန်ခဲ့သည်။

သို့ရာတွင် အားလုံး ဒဏ်ရာအပြင်းအထန်
ရခဲ့ကြသည်။

စကြာဝဠာဝိညာဉ်၏ တိုက်ခိုက်မှုသည်
မိမိကိုယ်ကို ဖောက်ခွဲခြင်းနှင့် မတူပါ။

နည်းပြချုပ်ထျန် သည်
သူ့ပါးစပ်ထောင့်က သွေးများကို
သုတ်လိုက်ပြီး ယန်ယွဲ့ နှင့်

အန်နန်ကျင်းကို မော့ကြည့်ကာ "ယန်ယဲ့၊ မင်းလက်ချက်နဲ့ အရှင်ရှောင်လော့ သေမယ်လို့ မမျှော်လင့်ထားဘူး"

ဤအချိန်တွင် ယန်ယဲ့ သည် အန်နန်ကျင်း၏နောက်တွင် ရပ်နေခဲ့ပြီး ဘာမှပြန်မပြောပေ။ ယခုအချိန်တွင် မူလခရမ်းရောင်စွမ်းအင်ဖြင့် သူ့ကိုယ်သူ တတ်နိုင်သလောက် အမြန်ကုသနေသည်။

နည်းပြချုပ်ထျန် က သူတို့အနားကို

တိုးကပ်လာပြီး "ဒီတစ်ခါ မင်းတို့ကို

ဘယ်သူက ကယ်နိုင်မှာလဲ"

ဘမ်း...

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ

မီးတောက်တစ်ခု ထွက်ပေါ်လာသည်။

နည်းပြချုပ်ထျန်၏ အမူအရာသည်
အနည်းငယ်ပြောင်းလဲသွားပြီး ၃
ကီလိုမီတာအကွာကို ချက်ချင်း
ပြန်ဆုတ်သွားခဲ့သည်။

မီးတောက်တစ်ခုက ယန်ယွဲ့နှင့်
မလှမ်းမကမ်း၌ လွင့်မျောနေသည်။

၎င်းက သံသရာမီးလျှံဖြစ်သည် ။

နည်းပြချုပ်ထျန် က သံသရာမီးလျှံ ကို

စိုက်ကြည့်ရင်း သူ့မျက်လုံးများတွင်

ကြောက်ရွံ့မှု အရိပ်အယောင်များ

ရှိနေသည်။ ယန်ယွဲ့ သည် ယခင်က

ထိုထူးဆန်းသော

မီးတောက်ကိုအသုံးပြုခဲ့သော်လည်း

၎င်း၏စွမ်းအားသာဖြစ်သည်။

သို့သော်လည်း ယခုထွက်ပေါ်လာသော

မီးတောက်က သူ့အတွက်ပင်
အန္တရာယ်များကြောင်း ခံစားမိခဲ့သည်။

သံသရာမီးလျှံက
သက်လတ်ပိုင်းအရွယ်အမျိုးသားတစ်ဦး
အဖြစ် ပုံစံပြောင်းသွားသည်။
သူ့ခန္ဓာကိုယ်တစ်ဝိုက်မှာ မီးတောက်များ
တမြည့်မြည့်လောင်ကျွမ်းနေပါသည်။
သူက ယန်ယဲ့ကို စိုက်ကြည့်ပြီး
"ငါထွက်သွားတော့မယ်"

ယန်ယဲ့ က သံသရာမီးလျှံ ကို
စိုက်ကြည့်ရင်း ခဏလောက်
လေးလေးနက်နက် စဉ်းစားကာ
“ဒီလိုဖြစ်လာမယ်လို့သာ
ကြိုသိခဲ့မယ်ဆိုရင် ပေးရတဲ့တန်ကြေးကို
ငါစိတ်မဝင်စားဘူး။ ကံမကောင်းစွာပဲ...”

သို့သော် သံသရာမီးလျှံက
ခေါင်းယမ်းကာ မီးတန်းတစ်ခုအဖြစ်

ပြောင်းလဲ၍ အာကာသထဲသို့
ပျောက်ကွယ်သွားခဲ့သည်။

သံသရာမီးလျှံက ကတိအတိုင်းမဟုတ်ဘဲ
အရေးကြီးအခိုက်အတန့်မှာ
ထွက်သွားရန် ရွေးချယ်ခဲ့တာပါ။

ယန်ယွဲ့က သံသရာမီးလျှံ
ထွက်သွားသည်ကို မတားလိုက်သလို
နှုတ်ဆိတ်နေခဲ့သည်။

၎င်းက သူ့နောက်ကို

နှစ်အနည်းငယ်ကြာအထိ လိုက်ပါရန်

သဘောတူညီမှု ရရှိထားခဲ့သည်။

ယခုတော့ ထွက်သွားခဲ့ပြီဖြစ်သည်။

သို့ရာတွင် သံသရာမီးလျှံကို

အပြစ်မဆိုနိုင်ပေ။

မည်သို့ပင်ဖြစ်စေကာမူ သံသရာမီးလျှံ

ကဲ့သို့

သဘာဝတရား၏နတ်ဆိုးရတနာတစ်ပါး

က သူနှင့်တူသေဆုံးမည်လော။
မဖြစ်နိုင်ပေ။

လက်ရှိ သူ့ဘေးနားတွင်
အန်နန်ကျင်းသာကျန်ခဲ့သည်။

မှန်သည်၊ သူ့အနားတွင် နှင်းပွင့်လေး၊
စုချင်းရှီ နှင့် မူလစေတီထဲမှ လူတိုင်း
ရှိနေတုန်းပါ။

ယန်ယဲ့က ပတ်ဝန်းကျင်ကို

ကြည့်လိုက်ပြီးနောက် အန်နန်ကျင်းကို

စိုက်ကြည့်နေသည်။ သူ့စိတ်ထဲတွင်

ကူကယ်ရာမဲ့ပြီး လုံးဝ အားကိုးရာမဲ့သလို

ခံစားရသည်။

အန်နန်ကျင်းက

ထွက်သွားနိုင်သော်လည်း သူ့အနားမှာ

နေဖို့သာ ရွေးချယ်ခဲ့သည်။ ယခုတော့

သူတို့နှစ်ယောက်

အတူတူသေဆုံးခါနီးဖြစ်နေပါပြီ။

သို့သော် သူ တတ်နိုင်သမျှတော့

အင်မော်တယ်မျိုးနွယ်ကို

တိုက်ခိုက်ရန်ဆုံးဖြတ်ထားသည်။

“သတ်ကြ....” ဤအချိန်တွင် အဝေးမှ

ဒေါသတကြီးအော်သံများ ရုတ်တရက်

ထွက်ပေါ်လာသည်။

နှစ်ယောက်လုံး လှမ်းကြည့်လိုက်ရာ
နည်းပြချုပ်ထျန် နှင့်အဖွဲ့ဆီသို့
ပြေးတက်လာနေသည့် ရာထောင်ချီသော
လူအုပ်ကြီးကိုမြင်လိုက်လေသည်။

သို့သော် နည်းပြချုပ်ထျန်၏
မျက်လုံးထဲမှ အေးစက်စက်
အလင်းရောင်တစ်ခု တောက်ပလာကာ
"ပုရွက်ဆိတ်တွေပဲ..."

စကားပြောပြီးသည်နှင့်

တိုက်ခိုက်ရန်ပြင်လိုက်စဉ်

သူ့ရှေ့ရောက်လာသော ကျင့်ကြံသူ၏

ဝမ်းဗိုက်က

ရုတ်တရက်ဖောင်းကားလာသည်။

ဘမ်း...

ထို့နောက်တွင် ကြောက်စရာကောင်းသော စွမ်းအင်လှိုင်းလုံးကြီးက နည်းပြချုပ်ထျန် ကို ဖုံးလွှမ်းသွားသည်။

ကိုယ့်ကိုယ်ကို ဖောက်ခွဲလိုက်တာလား ။

ထိုကျင့်ကြံသူက သူ့ကိုယ်သူ ဖောက်ခွဲရန် မမျှော်လင့်ထားပေ။ သို့သော် ခဏအကြာတွင် နည်းပြချုပ်ထျန်၏ နှုတ်ခမ်းထောင့်စွန်း၌ အေးစက်သော

အပြုံးတစ်ခု ပေါ်လာသည်။

"ကိုယ့်ကိုယ်ကို ဖောက်ခွဲနေတာလား"

သူ့စိတ်ထဲမှာ အထက်အမြင်သေးမှုများ

ပေါ်လာသည်။ လူတိုင်းဟာ

သူတို့ကိုယ်သူတို့ ဖောက်ခွဲလိုက်လျှင်ပင်

ပုရွက်ဆိတ်များသာဖြစ်နေတုန်းပါ။

သို့သော်လည်း နောက်မှ

ပြေးတက်လာသော

လူပေါင်းထောင်ချီဟာ သူတို့ကိုယ်သူတို့ ဖောက်ခွဲပစ်လိုက်ကြသည်။

ဤမြင်ကွင်းကြောင့် နည်းပြချုပ်ထျန် ပင် အံ့အားသင့်သွားသည်။

ဤအချိန်မှာ မရေမတွက်နိုင်သော စွမ်းအားလှိုင်းများက မီးတောင်များကဲ့သို့ ပေါက်ကွဲလာကာ နည်းပြချုပ်ထျန် နှင့်အဖွဲ့ကို ဖုံးလွှမ်းသွားသည်။

ဤမြင်ကွင်းကြောင့် ယန်ယဲ့နှင့်

အန်နန်ကျင်း တို့ပင်

ထိတ်လန့်သွားခဲ့သည်။

လူတိုင်းက သူတို့ကိုယ်သူတို့ ဖောက်ခွဲဖို့

ရွေးချယ်လိုက်တာလား....

တစ်ယောက်စ၊ နှစ်ယောက်စ

ဖောက်ခွဲခြင်းသည်

နည်းပြချုပ်ထျန်၏အဖွဲ့အား

ခြိမ်းခြောက်နိုင်စွမ်းမရှိပေ။

နောက်ဆုံးတွင်

စကြာဝဠာကြီးတစ်ခုလုံး၏

အရာခပ်သိမ်းစွမ်းအင်ကို

ပေါင်းစည်းခဲ့သော စကြာဝဠာဝိညာဉ်

ပင်မတတ်နိုင်ခဲ့ပါ။ သို့သော်

ထောင်သောင်းချီသော ကျင့်ကြံသူများ

ဖောက်ခွဲလိုက်လေရာ....

နည်းပြချုပ်ထျန် ပင်လျှင်
ဤမြင်ကွင်းကြောင့် သိသိသာသာ
တုန်လှုပ်သွားသည်။
လက်ရှိအနေအထားကို မပြောဘဲ
သူ့ခွန်အား နဂိုအတိုင်းရှိနေရင်တောင်
ခုခံဖို့ ခက်ပါလိမ့်မည်။

ဤအချိန်တွင် အသေခံစစ်သည် ၉
ယောက်က နည်းပြချုပ်ထျန် ရှေ့တွင်
ပေါ်လာကြသည်။ ထို့နောက် ရှေ့သို့

ခြေတစ်လှမ်းစီတိုးကာ

၎င်းတို့၏ခြေဓားများကို

ပြိုင်တူမြှောက်လိုက်လေသည်။

ဆူး ....ဆူး ....ဆူး ...ဆူး...

ဓား ၉ ချောင်းကနေ ဓားစွမ်းအင်များ

ပုံစံအမျိုးမျိုးဖြာထွက်သွားသည်။

သို့သော်လည်း ထောင်သောင်းချီသော

ကျင့်ကြံသူများ

ဖောက်ခွဲလိုက်သောစွမ်းအားကို
ဖျက်ဆီးနိုင်လိုက်ခြင်းမရှိပေ။

ထိုခဏမှာပဲ
နည်းပြချုပ်ထျန်၏အဖွဲ့သည်
ထောင်ချီသောကျင့်ကြံသူများမှ
ပေါက်ကွဲလာသော
စွမ်းအားလှိုင်းများကြားတွင်
နစ်မြုပ်သွားခဲ့သည်။

ဘမ်း... ဘမ်း...

ပေါက်ကွဲသံများ
အဆက်မပြတ်ထွက်ပေါ်လာခဲ့သည်။

သို့ရာတွင် ပေါက်ကွဲသံများက
မပြီးဆုံးသေးဘဲ အဆက်မပြတ်ပင်။
တစ်ယောက်ပြီးတစ်ယောက်
ရှေ့သို့ပြေးတက်လာကြသည်။

ဤအချိန်တွင်

စကြာဝဠာကြီးအနှံ့ပေါက်ကွဲသံများ

ကျယ်လောင်စွာ ပဲ့တင်ထပ်နေပါသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၈ - ငါ့ကို မနှောင့်ယှက်နဲ့

ဤအတိုင်းပင်၊ ပေါက်ကွဲမှုများသည်
နှစ်နာရီနီးပါးကြာအောင်
ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ဤအချိန် ၂ နာရီက လူတိုင်း ယန်ယဲ့နှင့်
အန်နန်ကျင်း တို့အတွက်
အချိန်ဆွဲပေးကြတာဖြစ်သည်။

ဤအချိန်တွင် အန်နန်ကျင်း သည်

မူလခရမ်းရောင်စွမ်းအင်၏

အကူအညီဖြင့်

၉၀ % နီးပါး

ပြန်လည်ကောင်းမွန်လာသည်။

ယန်ယဲ့ ကတော့

အခြေအနေသိပ်မကောင်းလှပေ။

သူ့အခြေအနေက အန်နန်ကျင်း ထက်

ပိုဆိုးသောကြောင့် နဂိုခွန်အား ၃၀ %

အောက်သာ ပြန်ရခဲ့သည်။

ဤအချိန်တွင် ပတ်ဝန်းကျင်သည်

အနည်းငယ်ငြိမ်သက်သွားသည်။

နည်းပြချုပ်ထျန် နှင့် အသေခံစစ်သည် ၉

ယောက်သည် ထိုနေရာတွင်

ရှိနေဆဲဖြစ်သည် ။

နည်းပြချုပ်ထျန် က ယန်ယဲ့ကို
စိုက်ကြည့်နေရင်း စကားပြောရန်
ပါးစပ်ဟလိုက်သည်။ သို့သော်လည်း
သူ၏ခန္ဓာကိုယ်က ကြည်လင်လာပြီး
လျှင်မြန်စွာပင် ပျောက်ကွယ်သွားသည်။

အကယ်၍ စကြာဝဠာဝိညာဉ် သာ
သူ့ကိုယ်သူ ဖောက်ခွဲခြင်းမရှိပါက
နည်းပြချုပ်ထျန်ဟာ
ယခုလက်ရှိအခြေအနေကို

ထိန်းထားနိုင်ပါသေးသည်။ သူသည်

စကြာဝဠာဝိညာဉ်၏

ပေါက်ကွဲစွမ်းအားကိုခုခံနိုင်လိုက်သည့်

တိုင် ဒဏ်ရာပြင်းထန်စွာ ရရှိထားခဲ့သည်။

ထို့ကြောင့် ထောင်သောင်းချီသော

ကျင့်ကြံသူများစွာ၏

နောက်ထပ်ဖောက်ခွဲမှုများကို

ခုခံနိုင်စွမ်းမရှိတော့ပေ။

နည်းပြချုပ်ထျန် ပျောက်ကွယ်သွားသော်လည်း အသေခံစစ်သည် ၉ ယောက်သည် ကျန်ရှိနေဆဲပင်။

သို့ရာတွင် ၎င်းတို့သော်လည်း အကောင်းတိုင်းမဟုတ်ပေ။ လက်ထဲမှာကိုင်ထားသော ဓားများကို မြေပြင်ပေါ်ထောက်ထားရင်း ခန္ဓာကိုယ်များ တုန်ယင်နေကြသည်။

ယန်ယဲ့ သည် အသေခံစစ်သည် ၉ ဦးကို ခဏကြာအောင် စိုက်ကြည့်နေသည်။ သူသည် ဓားနယ်မြေကို မသုံးဘဲ ဓားတစ်ချက်တည်းနဲ့ အသေခံစစ်သည် တစ်ယောက်ကိုပင် သတ်ပစ်နိုင်မည်မဟုတ်ပေ။

ယန်ယဲ့က အန်နန်ကျင်း၏လက်ကို ကိုင်ကာ "ကျင်းအာ၊ သွားရအောင်"

အသေခံစစ်သည် ၉ ဦးသည်

တားဆီးမည့်ပုံမရပေ။

အမှန်တော့ သူတို့ မတားတာက ပုံမှန်ပါ။

အကြောင်းမှာ

လက်ရှိသူတို့အခြေအနေဟာ ယန်ယွဲ့ နှင့်

အန်နန်ကျင်း တို့ထက်ပင်

ပိုဆိုးနေလို့ဖြစ်သည်။

ယခုနေ ယန်ယဲ့နှင့် အန်နန်ကျင်း ကို
တားဆီးလိုက်ပါက ရလာဒ်ဟာ
တစ်ခုတည်းသာ ရှိသည်။ နှစ်ဖက်စလုံး
အတူတကွ သေဆုံးရမည်ဖြစ်သည်။

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့နှစ်ယောက်
ထွက်ခွာသွားသောအခါ
အသေခံစစ်သည် ၉ ဦးလည်း
မြေပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ
ဒဏ်ရာများကို ကုသရန်ပြင်ကြသည်။

ဤအခိုက်အတန့်တွင်

အထင်မှတ်ထားသောအရာတစ်ခု

ရုတ်တရက်ဖြစ်ပျက်သွားသည်။ အဝေးမှ

ပုံရိပ်တစ်ခု

လျင်မြန်စွာရောက်ရှိလာခြင်းပင်။

အသေခံစစ်သည် ၉ ဦး၏ တုံ့ပြန်မှု သည်

အလွန်မြန်ဆန်ပါသည်။ ၉ ယောက်စလုံး

ဓား ၉ လက်ကို

ပြိုင်တူမြှောက်ပြီးပိုင်းချလိုက်ကြသည်။

ဆူး...

ဓားအလင်းတန်း ၉ စင်း

လင်းလက်လာသည်။

ဤအချိန်မှာ ဓားစွမ်းအင် ၉ စင်းက

အရင်ကထက် အများကြီး

အားနည်းနေခဲ့သည်။ သို့ရာတွင်

သုံးစားမရလောက်အောင်တော့မဟုတ်

သေးပါ။ သို့သော် အမည်မသိပုံရိပ်က

ဓားစွမ်းအင်ကို ၉ စင်းကို လစ်လျူရှုကာ

အာကာသထဲသို့ ခုန်ဆုတ်သွားသည်။

ဆူး... ဆူး... ဆူး... ဆူး

တစ်ချိန်တည်းမှာပဲ ခေါင်းပြတ် ၄ လုံးက

လေထဲသို့ ရုတ်တရက်

ပျံတက်သွားသည်။

ချက်ချင်းအသတ်ခံရခြင်း....

အသေခံစစ်သည် ၄ ဦးသည်
တိုက်ခိုက်မှုတစ်ခုတည်းနဲ့
အသတ်ခံလိုက်ရသည်။

ပုံရိပ်က ထပ်ပြီးတိုက်ခိုက်ရန်
ပြင်လိုက်စဉ် အာကာသအနက်ပိုင်းထဲမှ
အနက်ရောင်လက်ချောင်းတစ်ချောင်း
ရုတ်တရက်ထွက်ပေါ်လာပြီး

ပုံရိပ်အထက်ကို

ချက်ချင်းဆင်းသက်လာခဲ့သည်။

ဤအချိန်တွင် ပုံရိပ်က အနည်းငယ်

တုန်လှုပ်သွားပြီး

ပျောက်ကွယ်သွားသည်။

အနက်ရောင်လက်ချောင်းက

လေထုကလွဲလို့ ဘာမှ မထိလိုက်ပေ။

"နောက်ဆုတ်ကြ..." ဤအချိန်တွင် အသံတစ်သံ ထွက်ပေါ်လာသည်။

၎င်းက အခြားသူမဟုတ်ဘဲ အင်မော်တယ်မျိုးနွယ်၏ဘိုးဘေး ဖုန့်ရှီဟာန်၏အသံပါ။

ကျန်နေသေးသော အသေခံစစ်သည် ၅ ဦးသည် ကောင်းကင်ထက်သို့

ဦးညွှတ်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားကြသည်။

ဤအတောအတွင်း အောက်ဖက်ရှိ
စစ်မြေပြင်တွင်
အင်မော်တယ်မြင်းတပ်သား ၆၀၀ အနက်
၃၀၀ ခန့်သာ ကျန်ရှိတော့သည်။
ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်၏
ဝိညာဉ်စစ်သည်များ နှင့်

ပတ်သက်၍တော့ အားလုံး
ပျောက်ကွယ်သွားခဲ့သည်။

အင်မော်တယ်မြင်းတပ်သည် တိုက်ပွဲတွင်
အနိုင်ရခဲ့သည်။

ဖုန့်ရှီဟန်၏ အသံကို ကြားလိုက်သည်နှင့်
တုကူးသွဲ့ရှန် က လက်ကိုမြှောက်ကာ
အင်မော်တယ်မြင်းတပ်ကို
တပ်ပြန်ဆုတ်ခိုင်းလိုက်သည်။

ခဏလေးအတွင်းမှာပဲ

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီး သည်

လုံးဝတိတ်ဆိတ်သွားသည့်နေရာတစ်ခု

ဖြစ်လာခဲ့သည်။

သို့သော်လည်း အာကာသထဲရှိ

တိုက်ပွဲသည် မပြီးဆုံးသေးဘဲ

ဆက်ပြီးဖြစ်နေတုန်းပင်။

...

ယန်ယဲ့နှင့် အန်နန်ကျင်း တို့သည် အဆုံးမဲ့

အာကာသတွင်းနက်များကြားသို့

ဝင်ရောက်လာကြသည်။ သို့သော်

ထိုနေရာသို့ ရောက်လာသည်နှင့်

တပြိုင်နက် သူတို့ရှေ့တွင်

မှုန်ဝါးဝါးပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

အန်နန်ကျင်း၏ အမူအရာသည်
ပြောင်းသွားပြီး ဒေါ်သမီးတောက်လုံ့ကို
ရိုက်ချလိုက်သည် ။

အုန်း…

အန်နန်ကျင်းက ချက်ချင်း
နောက်ပြန်လွင့်ထွက်သွားသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
သူ့လည်ပင်းအား

အေးစက်စက်စွမ်းအင်လှိုင်း

ရိုက်ခတ်လာသဖြင့်

တုန်လှုပ်သွားခဲ့သည်။ သူသည်

ဓားနယ်မြေကို အတင်းအကြပ်

အသက်သွင်းခါနီးတွင်

ပေါက်ကွဲသံများ

ဆက်တိုက်ပဲ့တင်ထပ်လာခဲ့သည်။

ခဏအကြာတွင် မှုန်ဝါးဝါးပုံရိပ် က ၃
ကီလိုမီတာကျော်အကွာထိ
ပြန်ဆုတ်သွားခဲ့သည်။

ဤအချိန်တွင် အာကာသထဲမှ
အနက်ရောင်အလင်းတန်းတစ်စင်း
ရုတ်တရက်လင်းလက်သွားပြီး
ပုံရိပ်အပေါ်သို့ ဆင်းသက်လာသည်။

ဘမ်း....

ထိုနေရာသည် ချက်ချင်းပင် ဖျက်ဆီးခံလိုက်ရသည်။ မှုန်ဝါးဝါးပုံရိပ်သည်လည်း ပျောက်ကွယ် သွားခဲ့သည်။

ယန်ယွဲ့ သည် အာကာသထဲကို မော့ကြည့်လိုက်သည်။ သူ့အား ကူညီခဲ့သူမှာ တျန်းရှူဖြစ်မှန်းသိသာပါသည်။

ဒီအချိန်မှာ သူ့ခေါင်းထဲ၌

တျန်းရှု၏အသံထွက်ပေါ်လာသည်

"သတိထားပါ..."

"သတိထားပါ။ ဘာကိုပြောချင်တာလဲ..."

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ခဏမျှငြိမ်သက်သွားပြီးမှ အန်နန်ကျင်း

အနားကို လျှောက်သွားလိုက်သည်။

အန်နန်ကျင်းက “အဲဒါ ဘာလဲ”

ယန်ယဲ့က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
“ငါမသိဘူး။ ဒါပေမဲ့
အင်မော်တယ်မျိုးနွယ် မဟုတ်တာတော့
သေချာတယ်"

အဲဒါဘယ်သူလဲ...

ဤလောကတွင် မည်သူက ထိုသို့သော ခွန်အားကို ပိုင်ဆိုင်ထားသနည်း။

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး သူ့အတွေးများကို ထိန်းကာ "အဲဒီလူကို မေ့ထားလိုက်ပါ။ သွားကြရအောင်..."

ထို့နောက်တွင် နှစ်ယောက်သား အလင်းတံခါးထဲကို

ဝင်ရောက်သွားကြသည်။

သူတို့နှစ်ယောက်က

ပေါ်တယ်မှတစ်ဆင့်ထွက်သွားတာမဟု

တ်ပေ။ အင်မော်တယ်နယ်မြေသို့

သွားနေကြတာဖြစ်သည်။

အင်မော်တယ်မျိုးနွယ်၏

နေထိုင်ရာကမ္ဘာ ။

အချိန်တော်တော်ကြာပြီးနောက်တွင်

နှစ်ယောက်သား

အင်မော်တယ်နယ်မြေသို့

ရောက်ရှိလာခဲ့ကြသည်။

ဤအခိုက်အတန့်တွင်

အင်မော်တယ်နယ်မြေသည်

သုသာန်တစ်စပြင်ကဲ့သို့

တိတ်ဆိတ်နေခဲ့၏။ ဝိညာဉ်စွမ်းအင်

သဲလွန်စပင်မရှိပေ။ စကြာဝဠာကြီး

ပျက်သုဉ်းသွားပြီဖြစ်ရာ သဘာဝအတိုင်း
အင်မော်တယ်နယ်မြေလည်း
သက်ရောက်ခံရသည်။

ယန်ယဲ့ သည်
သူ၏မျက်လုံးများကိုမှိတ်ထားပြီး
နတ်ဘုရားစိတ်အာရုံအသိကို
ဖြန့်ကျက်လိုက်သည်။ ခဏအကြာတွင်ပဲ
ပတ်ဝန်းကျင်တစ်ခုလုံးအား
လွှမ်းခြုံထားသည်။

ထို့နောက်

သူ၏နတ်ဘုရားစိတ်အာရုံအသိကို

ရုတ်လိုက်ပြီး “ဒီနေရာပဲ။

သွားကြရအောင်"

စကားပြောပြီးသည်နှင့် နှစ်ယောက်သား

ထွက်သွားခါနီးတွင် ဘေးဖက်သို့

ရုတ်တရက် ကြည့်လိုက်ကြသည်။

ထိုနေရာသော် တုန်ခါသွားပြီးနောက်
လူတစ်စုထွက်ပေါ်လာကြသည်။

ဦးဆောင်လာသူက
အင်မော်တယ်မျိုးနွယ်၏
အသေခံစစ်သည် ၅ ဦးပင်။
သူတို့နောက်ကွယ်တွင် တုကူးသွဲ့ရှန် နှင့်
အင်မော်တယ်မြင်းတပ်ကြီး
ရှိနေကြသည်။

ယန်ယွဲ့ သည် သူ၏လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

သို့သော် တုကျူးသွဲ့ရှန် တို့အဖွဲ့ဟာ

သူတို့နှစ်ယောက်ကို

တိုက်ခိုက်ရန်အသာထား

လှည့်ပင်မကြည့်ခဲ့ပေ။

အနားကိုဖြတ်သွားမှသာ ယန်ယွဲ့ကို

တစ်ချက်လှည့်ကြည့်လိုက်ပြီး

မျက်လုံးထဲကနေ

လူသတ်လိုစိတ်များထွက်ပေါ်လာသည်။

သို့ရာတွင် မတိုက်ခိုက်ခဲ့ပေ။

တစ်ခဏလေးအတွင်း သူတို့တစ်ဖွဲ့လုံး

လျင်မြန်စွာ ပျောက်ကွယ်သွားကြသည်။

ယန်ယဲ့က

အနည်းငယ်မျက်မှောင်ကြုတ်လာကာ

“ဘာဖြစ်နေတာလဲ” ဟု လေးနက်စွာ

ပြောလိုက်သည်။

အန်နန်ကျင်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "သူတို့က

အလျင်လိုနေပုံရတယ်။ ပြီးတော့

အသေခံစစ်သည် အရေအတွက်တောင်မှ

နည်းသွားပြီ။

ငါးယောက်ပဲကျန်တော့တယ်"

ယန်ယဲ့က စကားပြန်ပြောရန် လုပ်နေစဉ်

ဘေးနားကို

ရုတ်တရက်လှည့်ကြည့်လိုက်သည်။
ထိုအခါ သူတို့နှင့် ၃ ကီလိုမီတာအကွာ၌
သရဲတစ္ဆေကဲ့သို့ အဆက်မပြတ်
တုန်ခါနေသော မှုန်ဝါးဝါးပုံရိပ်ကို
လှမ်းမြင်လိုက်သည်။

နှစ်ယောက်စလုံး တစ်ခုခုကို
တွေးမိသွားသည့်အလား
မျက်နှာထက်တွင်

လေးနက်သောအမှုအရာများပေါ်လာကြသည်။

ထိုပုံရိပ်က အစောပိုင်းကပင်
တိုက်ခိုက်ခဲ့သော မှုန်ဝါးဝါးပုံရိပ်ပါ။
လက်ရှိအခြေအနေအပေါ်
ထောက်ရှုရလျှင်
တစ္ဆေကဲ့သို့မှုန်ဝါးဝါးပုံရိပ်က
အင်မော်တယ်မျိုးနွယ်ကို
လိုက်လံတိုက်ခိုက်နေမှန်းသိသာပါသည်။

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့လည်း

အကြည့်ချင်းဖလှယ်ကြပြီး

နှစ်ယောက်စလုံး

အလွန်ထိတ်လန့်သွားကြသည်။

ယန်ယဲ့ က “အဲဒါကိုမေ့ထားလိုက်ပါ။

သွားကြရအောင်"

စကားပြောပြီးနောက်

အန်နန်ကျင်း၏လက်ကိုဆွဲကာ အဝေးကို

ပြေးထွက်သွားခဲ့သည်။

ဤအချိန်တွင် မှုန်ဝါးဝါးပုံရိပ်က

ထွက်မသွားသေးဘဲ ယန်ယဲ့နှင့်

အန်နန်ကျင်းတို့နှစ်ယောက်အား

စောင့်ကြည့်နေခဲ့သည်။

ခဏအကြာတွင်တော့

နေရာမှာတင်ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့နှင့် အန်နန်ကျင်း တို့သည်

မြေအောက်ခန်းမတစ်ခုဆီသို့

ရောက်ရှိလာခဲ့သည်။

ခန်းမပတ်ပတ်လည်ဟာ အုံ့မှိုင်းနေပြီး

မြင်ရသူတိုင်းကို

စိတ်မသက်မသာဖြစ်စေသည်။

ခန်းမ၏ထိပ်ဆုံး၌...

"နတ်ဘုရားသချိုင်းဂူ..." ဟူ၍

ရေးထိုးထားခဲ့သည်။

သေချာသည်မှာ ထိုခန်းမသည်

အင်မော်တယ်မျိုးနွယ်က သို့ပန်းများကို

အကျဉ်းချသည့်နေရာဖြစ်သည်။

ယန်ယွဲ့၏မျက်လုံးများသည်

အရောင်တောက်ပလာသည်။

သူ့ရည်ရွယ်ချက်က
နတ်ဘုရားသင်္ချိုင်းနယ်မြေထဲသို့
ဝင်ရောက်ပြီး ယန်ဝုဒီကို
ရှာဖွေရန်ပင်ဖြစ်သည်။

ယခင်က ဤနေရာသည်
အင်မော်တယ်မျိုးနွယ်၏
အဆင့်မြင့်ကျင့်ကြံသူများ
စောင့်ကြပ်ခဲ့သည်။
နတ်ဘုရားသင်္ချိုင်းနယ်မြေ၏

အစောင့်အကြပ်များကားသာမန်မဟုတ်

ကြပေ။

အသေခံစစ်သည်များပင်ဖြစ်သည်။

လက်ရှိမှာတော့

အစောင့်အကြပ်တစ်ယောက်တစ်လေပင်

မရှိခဲ့ပေ။

နှစ်ယောက်သား

သက်တောင့်သက်သာနှင့်

ရှေ့ကို လျှောက်သွားလိုက်ကြသည်။

အချိန်အတော်ကြာမှ ရုတ်တရက်

ရပ်တန့်သွားကြသည်။ သူတို့၏

ဘယ်ဖက်တွင် ပြောင်လက်နေသော

ခေါင်းတလားတစ်လုံးရှိနေသည်။

ခေါင်းတလားထဲ၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး၏ရုပ်

အလောင်းရှိနေခဲ့သည်။ ထူးခြားသည်မှာ

၎င်း၏မျက်နှာအနေအထားက

သာမန်အတိုင်း အိပ်စက်နေသကဲ့သို့
အေးချမ်းသောအမူအရာရှိသည်။

ထိုလူက ယန်ဝုဒီ မဟုတ်ပေ။
သို့သော်လည်း ယန်ယွဲ့
ရပ်တန့်လိုက်သည့်အကြောင်းမှာ
ထိုလူထံမှ ဓားစိတ်ဆန္ဒကို
အာရုံခံမိလိုက်သောကြောင့်ဖြစ်သည်။
ထို့အပြင် ထိုလူ၏လက်ထဲ၌
ဓားတစ်ချောင်းကိုင်ထားခဲ့သည်။

ယန်ယဲ့ သည် ခဏတုံ့ဆိုင်းသွားပြီး

အနားကို လျှောက်သွားလိုက်သည်။

ခေါင်းတလားအဖုံးပေါ်တွင်

"အင်မော်တယ်မျိုးနွယ်၏ဘိုးဘေး

"အင်မော်တယ်သချိုင်းစောင့်"

ဓားတာအိုတွင်

နတ်ဘုရားနယ်ပယ်အဆင့်ထိ

ခြေလှမ်းတစ်ဝက်ဝင်ရောက်နိုင်ခဲ့သည်။

ဓားတစ်ချက်လှုပ်ရုံဖြင့်

အင်မော်တယ်များကို

သတ်နိုင်စွမ်းရှိသည်" ဟူသော

စကားလုံးအချို့ ရေးသားထားသည်။

"နတ်ဘုရားနယ်ပယ်... "

ယန်ယွဲ့သည် ထိုစာလုံးများကို

မြင်သောအခါ

မျက်မှောင်ကြုတ်သွားသည်။

လူနည်းစုသာလျှင်

ထိုဂုဏ်ပုဒ်ကိုခံယူရဲကြသည်။

အနည်းဆုံးတော့ လက်ရှိသူကိုယ်တိုင်ပင်

မလုပ်နိုင်သေးပါ။

ယန်ယဲ့ က သူ့အကြည့်ကို ဆုတ်လိုက်ပြီး

တစ်ဖက်သို့ လှမ်းကြည့်လိုက်သည်။

ထိုနေရာတွင်

အခြားသောခေါင်းတလားတစ်လုံး

ချထားခဲ့သည်။ အထဲတွင်တော့

အမျိုးသမီးတစ်ဦး လဲလျောင်းနေ၏။

ခေါင်းတလားအဖုံးပေါ်၌

"တောင်ပိုင်းသံစဉ်စကြာဝဠာရဲ့

(ဖုန့်ထျန်းယင်)၊ ဇီသာတစ်လက်ဖြင့်

တာအိုအားလုံးကိုဖျက်ဆီးပစ်နိုင်သည်"

ဟူ၍ပင်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို

ကြည့်လိုက်ရာ နောက်ထပ် ခေါင်းတလား

အချို့ကို တွေ့လိုက်ရသည်။

ခေါင်းတလားအဖုံးပေါ်တွင်

သူတို့အကြောင်း မိတ်ဆက်စာများ

ရှိကြသည်။

ဤအချိန်တွင် ယန်ယဲ့ သည်

ခေါင်းတလားထဲမှာ

လဲလျောင်းနေသူများ၏စွမ်းအားအဆင့်

ကို အကြမ်းဖျင်း ခန့်မှန်းမိလိုက်သည်။

အားလုံးက

မူလတာအိုအဆင့်များဖြစ်ကြသည်။

သို့ရာတွင်

၎င်းတို့၏တိုက်ခိုက်ရေးစွမ်းအားကတော့

အင်မော်တယ်ဘိုးဘေး နှင့်

ဟင်းလင်းပြင်ဝိညာဉ်ကောရီ တို့ထက်

နိမ့်ကျနေပေမည်။ သူတို့ကြားက

ကွာဟချက်ကတော့

သိပ်ပြီးကြီးကြီးမားမား မရှိနိုင်ပေ။

ထို့အပြင် ခေါင်းတလားအသီးသီးမှ
လူများဟာ အခြားသော စကြဝဠာများ၏
အထွတ်အမြတ်ပုဂ္ဂိုလ်များ
ဖြစ်ခဲ့ကြသည် ။

ကြောက်စရာအကောင်းဆုံးမှာ
အင်မော်တယ်မျိုးနွယ်ပင် ။

အင်မော်တယ်မျိုးနွယ်သည်
စကြဝဠာများစွာကို သိမ်းပိုက်ခဲ့သည်။

ထို့နောက် ရှုံးနိမ့်ခဲ့သည့်

စွမ်းအားရှင်တိုင်းကို ခေါ်ဆောင်လာကာ

နတ်ဘုရားသင်္ချိုင်းဂူ၌

အကျဉ်းချထားခဲ့သည်။

ယန်ယဲ့က သူ့အတွေးများကို

ထိန်းလိုက်ပြီး ခေါင်းခါလိုက်ကာ

"သွားရအောင်"

နှစ်ယောက်သား ရှေ့သို့

ဆက်သွားခဲ့သည်။ သို့သော်

သိပ်မကြာလိုက်ဘဲ

ရပ်တန့်သွားကြသည်။ သူတို့နှင့်

သိပ်မဝေးသောနေရာတွင်

ခေါင်းတလားတစ်လုံးရှိနေခဲ့သည်။

အထဲမှာ လူတစ်ယောက်

လဲလျောင်းနေ၏။ အခြားသူမဟုတ်ပေ၊

ယန်ယွဲ့၏အဖေ ယန်ဝုဒီ ပင်ဖြစ်သည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး

အန်နန်ကျင်း နှင့်အတူ ခေါင်းတလား

ဆီသို့ လျှောက်သွားလိုက်သည်။

ထို့နောက် သူ၏ညာလက်ကို

ခေါင်းတလားအဖုံးပေါ်တင်ပြီး

မူလခရမ်းရောင်စွမ်းအင်ကို

ပို့လွှတ်လိုက်သည်။ ခဏအကြာတွင်

ခေါင်းတလားက ဖန်ခေါင်းတလားကဲ့သို့

ကြည်လင်သွားခဲ့သည်။

"သူ့အထဲမှာ မရဏာစွမ်းအင်ရှိတယ်"

ဤအချိန်တွင် အန်နန်ကျင်း က

ရုတ်တရက် ပြောခဲ့သည်

"မရဏာစွမ်းအင်က သူ့ခန္ဓာကိုယ်ထဲမှာ

တိုက်စားနေတော့

မျောနေသလိုဖြစ်သွားတယ်"

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး

သူ့ညာလက်ဝါးကို ဖြန့်ကာ

ယန်ဝုဒီ၏ရင်ဘတ်ပေါ်

လက်တင်လိုက်သည်။ ထို့နောက်တွင်

သူ့လက်ဝါးမှ

မူလခရမ်းရောင်စွမ်းအင်များ

ထွက်လာပြီး ယန်ဝုဒီ၏ခန္ဓာကိုယ်ထဲသို့

အဆက်မပြတ် တိုးဝင်လာသည်။

မူလခရမ်းရောင်စွမ်းအင် သည်

မရဏစွမ်းအင်ကို တန်ပြန်နိုင်၏။

အကယ်၍ သူ့မှာ

မူလခရမ်းရောင်စွမ်းအင်မရှိရင်တော့

ယန်ဝုဒီကို

ကယ်တင်ဖို့ဖြစ်နိုင်တော့မည်မဟုတ်ပေ။

ထိုအတိုင်းပင်၊ ယန်ဝုဒီ၏ခန္ဓာကိုယ်ထဲရှိ

မရဏာစွမ်းအင်သည် တဖြည်းဖြည်း

ပြိုကွဲသွားခဲ့သည်။

သို့တိုင် ယန်ဝုဒီ က ယခုအချိန်ထိ

နိုးထမည့်ပုံမရသေးပေ။

"ဘာတွေဖြစ်နေတာလဲ" ယန်ယဲ့က

အန်နန်ကျင်းကို စိုက်ကြည့်နေသည်။

အန်နန်ကျင်းကလည်း

မျက်မှောင်ကြုတ်နေပါသည်။ နှစ်ယော

က်စလုံး ဘာမှားနေမှန်း မသိကြပေ။

အန်နန်ကျင်း က ရုတ်တရက်

"သူ့ရင်ဘတ်ကိုကြည့်လိုက်...."

ယန်ယဲ့က တစ်ချက်ငုံ့ကြည့်လိုက်ရာ
ယန်ဝုဒီ၏ရင်ဘတ်ပေါ်၌ စာတစ်စောင်ကို
သတိထားမိလိုက်သည်။ ဒီအချိန်မှာ
စာရွက်က သူ့ရှေ့ကို ကျလာသည်။

ယန်ယဲ့က စာရွက်ကိုဖြန့်ပြီး
သေချာဖတ်ကြည့်လိုက်ရာ
သူ့မျက်နှာပေါ်တွင်
အနည်းငယ်ပြုံးယောင်သမ်းသွားသည်။

စာရွက်ထဲမှာပါသော စကားလုံးများက...

"ငါ့ကို မနှောင့်ယှက်နဲ့။ ငါမင်းအမေနဲ့ အတူရှိနေတယ်"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၃၉ - မင်းတို့အားလုံး

(Tay)ရလိမ့်မယ်

ယန်ယဲ့ သည် နေရာမှာတင်

အံ့အားသင့်ပြီး

အသက်ဆုံးရှုံးသွားသလိုပင်။

ဤအခိုက်အတန့်တွင် သူ၏အဖေက

ဘာ့ကြောင့် အသက်ပြန်ဝင်မလာသည်ကို

နားလည်သွား၏။

ယန်ဝုဒီ က သေခြင်းတရားကို

သူ့ဘာသာသူ ရှာဖွေခဲ့တာပါ။

တစ်နည်းအားဖြင့် သူသည် သေဆုံးရန်

ရွေးချယ်ခဲ့တာဖြစ်သည်။

သေချင်နေသော လူတစ်ယောက်ကို

ဘယ်လိုလူမျိုးကမှ မကယ်တင်နိုင်ပေ။

မှန်သည်၊
ယန်ယဲ့ကြောင့်သာမဟုတ်ရင်တော့
ယန်ဝုဒီ သေဆုံးသည်မှာ
အချိန်တော်တော်ကြာပြီဖြစ်သည်။

ယခုအချိန်ထိ အသက်ရှင်နေသော
အကြောင်းအရင်းမှာ သားဖြစ်သူ
ယန်ယဲ့အား စိတ်မချသောကြောင့်ပင်။
တစ်ချိန်တည်းတွင် ယန်ယဲ့
ကြီးပြင်းလာသည်ကို မြင်သောအခါ

သဘောကျကျေနပ်သွားသည်။ ထို့နောက်
သေဆုံးရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ထို့အပြင် အင်မော်တယ်မျိုးနွယ်၏
အကျဉ်းချခြင်းကို ခံလိုက်ရသည်နှင့်
ယန်ယဲ့ လာကယ်မည်မှန်း
သိထားသည့်အလား ထိုစာကို
ချန်ထားခဲ့ပုံရသည်။

အမှန်တော့ အင်မော်တယ်မျိုးနွယ်
မရှိလျှင်ပင် ယန်ဝုဒီက
အလိုလိုသေဆုံးမည်ဖြစ်သည်။

ယန်ယဲ့ သည်
ခေါင်းတလားရှေ့တွင်ဖြည်းညှင်းစွာ
ဒူးထောက်ထိုင်ချလိုက်သည်။
သူ့မျက်နှာတွင် မျက်ရည်များ
ရုတ်တရက် စီးကျလာခဲ့သည်။

ယခင်ကဆိုလျှင် သူ တစ်ခါမှ

မတွေ့ဖူးသော အဖေဖြစ်သူကို

အလွန်မုန်းတီးခဲ့မိသည်။ သူ၏အဖေ

ဖြစ်သူကြောင့်သာမဟုတ်လျှင်

သူ့အမေဖန်းယုအသက်ရှင်နေနိုင်ပါသေး

သည်။ ထို့ကြောင့်

သူတစ်ခါမှမတွေ့ဖူးသော

အဖေဖြစ်သူအား

လုံးဝကိုမုန်းတီးခဲ့သည်။

သို့သော်လည်း တကယ်တမ်း

လက်တွေ့မှာတော့ သူမှားသွားခဲ့သည်။

အမှားကြီးမှားသွားသည်ဟုပင်

ဆိုသင့်သည်။

အဖေဖြစ်သူ၏ အနှိုင်းမရသော

ချစ်ခြင်းမေတ္တာတရားကို သူ

မမြင်နိုင်ခဲ့ပေ။

တစ်ခါမှ မမြင်ဖူးသော

သူ၏အဖေဖြစ်သူက

ဘာအကြောင်းပြချက်မှပင်မပေးဘဲ

သူ့ဘဝတစ်လျှောက်လုံး နောက်ကွယ်မှ

အကာအကွယ်ပေးနေခဲ့သည်။

ထိုအဖေက သူနှင့်သူ၏အဖေကို

အလွန်ချစ်မြတ်နိုးခဲ့သည်။

အန်နန်ကျင်း က ယန်ဝုဒီ၏အလောင်းကို

ငှံ့ကြည့်ကာ ခေါင်းတလားထဲရှိ

သက်လတ်ပိုင်းအမျိုးသားကို

စိတ်ရင်းမှန်ဖြင့် လေးစားမှု

ခံစားလိုက်ရသည်။

ခေါင်းတလားထဲရှိ လူက

ထောင်ချီသောဘဝသက်တမ်းကို

ပိုင်ဆိုင်ခဲ့သည်။

သို့ရာတွင် အသက်ရှင်နေထိုင်ရန် မရွေးချယ်ခဲ့ပေ။ သူ့ အချစ်ဆုံးသော ဇနီးသည်က သေဆုံးသွားပြီဖြစ်သောကြောင့်ပြင်။ ထို့နောက် သူသည်လည်း လိုက်ပါသေဆုံးခဲ့သည်။

ဤလောကတွင် ယန်ဝုဒီ ကဲ့သို့ လူဘယ်နှယောက်လောက် လုပ်နိုင်မည်နည်း။

ယန်ဝုဒီ၏ခွန်အားက

အနှောင်အဖွဲ့ကင်းမဲ့သူထက်

အနည်းငယ်သာနိမ့်ကျခဲ့သည်။

သို့သော်လည်း သူသည်

အနှောင်အဖွဲ့ကင်းမဲ့သူ ကိုယ်တိုင်ကပင်

လေးစားရဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။

သူသာ် ယန်ဝုဒီကို သတ်နိုင်သော်လည်း

မသတ်ခဲ့ပေ။ ထို့အပြင်

သူ၏ဓားစွမ်းအင်ကို သုံးပြီး ယန်ဝုဒီ၏

ရုပ်အလောင်းကိုပင်
အကာအကွယ်ပေးထားခဲ့သည်။

အနှောင်အဖွဲ့ကင်းမဲ့သူက
စစ်မှန်သောလူသားတစ်ဦးဖြစ်ခဲ့သည်။

ယန်ယွဲ့ သည် အချိန်တော်တော်ကြာ
တိတ်ဆိတ်နေပြီးနောက် ဖြည်းညင်းစွာ
မတ်တတ်ထရပ်လိုက်သည်။
တစ်ဆက်တည်းပင်

ယန်ဝုဒီ၏ရုပ်အလောင်းကို

မူလစေတီထဲသို့ ပို့ဆောင်လိုက်သည်။

အန်နန်ကျင်း က "သူ့ကိုစိတ်မဆိုးပါနဲ့"

ယန်ယဲ့က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"အဖေ့ရဲ့ရွေးချယ်မှုက သူ့အတွက်

လွတ်မြောက်မှုနဲ့ပျော်ရွှင်မှုပုံစံတစ်ခုပါ။

ဒီအတွက် ဘာမှမတတ်နိုင်လို့ ငါ စိတ်မကောင်းပါဘူး"

ယန်ယဲ့က အန်နန်ကျင်း၏လက်ကို ရုတ်တရက် ဆွဲကိုင်လိုက်ပြီး "မင်းတို့အားလုံးမရှိရင် ငါ့ဘဝလည်း အဓိပ္ပါယ်မဲ့သွားလိမ့်မယ်"

အန်နန်ကျင်းက ယန်ယဲ့အား စိုက်ကြည့်နေသည်။ ဘာစကားမှတော့ ပြန်မပြောပေ။

"သွားကြရအောင်" စကားပြောပြီးနောက် နှစ်ယောက်လုံး ထွက်သွားရန်ပြင်လိုက်ကြသည်။ ဤအချိန်တွင် ရုတ်တရက် "မင်းရဲ့ မူလခရမ်းရောင်စွမ်းအင်ကို သုံးပြီး ဒီမှာရှိတဲ့ ပညာရှင်တွေကို

အသက်ပြန်သွင်းဖို့ကြိုးစားနေတာလား။
ပြီးရင် အင်မော်တယ်မျိုးနွယ်ကို
ဖျက်ဆီးဖို့အသုံးချမယ်ပေါ့"
ဟူသောအသံ ထွက်ပေါ်လာသည်။

ထိုစကားကိုကြားသောအခါ
နှစ်ယောက်စလုံး၏အမူအရာများသည်
ပြောင်းလဲသွားသည်။
သူတို့နှစ်ယောက်သား နေရာမှာတင်
ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက်နတ်ဘုရားသင်္ချိုင်

အပြင်ဖက်သို့ ပြန်ရောက်လာကြသည်။

ဤအချိန်တွင် အထက်မှ

ရောမလက်ဝါးကြီးတစ်ဖက် ပေါ်လာပြီး

နတ်ဘုရားဂူဗိမာန်ပေါ်သို့

ဆင်းသက်လာသည်။

ဘောင်း...

နတ်ဘုရားဂူဗိမာန်တစ်ခုလုံးနှင့်

ခန်းမထဲ၌ အကျဉ်းချထားသော

ပညာရှင်များအားလုံးကို

ဖျက်ဆီးပစ်ခဲ့သည်။

ယန်ယဲ့ သည် ကောင်းကင်ကို

တစ်ချက်ကြည့်လိုက်သည်။

တစ်စုံတစ်ယောက်ဟာ

နတ်ဘုရားသင်္ချိုင်းထဲမှ

ပညာရှင်များအား

အသက်ပြန်သွင်းမည်ကို

မလိုလားမှန်းသိသာပါသည်။

အကြောင်းမှာ

ခေါင်းတလားများအားလုံးရှိ

ပညာရှင်များကို

အသက်ပြန်သွင်းနိုင်ပါက

အင်မော်တယ်မျိုးနွယ်ကို ဖျက်ဆီးရန်

သိပ်ပြီးခက်ခဲတော့မည်မဟုတ်ပေ။

ကံမကောင်းစွာပဲ၊ အမည်မသိပညာရှင်က

အရင်လက်ဦးသွားသဖြင့် သူလုပ်ဖို့
အခွင့်အရေးမရှိတော့ပါ။

တကယ့်ကို သနားစရာပဲ ။

ယန်ယွဲ့ သည်
ခေါင်းယမ်းလိုက်သော်လည်း
သိပ်တော့ သနားစရာမကောင်းလှဟု
ခံစားမိလိုက်သည်။ ခေါင်းတလားထဲရှိ
လူများက နှစ်ပေါင်းထောင်နဲ့ချီ

အကျဉ်းချခံထားရသည်။ ၎င်းတို့အား

အသက်ပြန်သွင်းပြီး

အသက်ပြန်ရှင်လာလျှင်ပင်

ယခင်ခွန်အားများ

ပိုင်ဆိုင်ထားတော့မည်မဟုတ်ပေ။

ရသည်မှာ ကြာသွားသည်မဟုတ်ပေ။

ထို့အပြင် သူ့အပေါ်

ဘယ်လိုတုံ့ပြန်မလဲကိုပင် မသိနိုင်ပေ။

ထိုလူများ အသက်ပြန်ရှင်လာပြီးနောက်

သူသည် အရင်ဦးဆုံး အသတ်ခံရသူ

ဖြစ်ကောင်းဖြစ်သွားနိုင်သည်။

နောက်ဆုံးတွင် သူသည်

သဘာဝတရား၏မူလစေတီ ကဲ့သို့

နတ်ဘုရားရတနာနှင့်

မူလခရမ်းရောင်စွမ်းအင်လိုမျိုး

သဘာဝချီစွမ်းအင်ကို

ပိုင်ဆိုင်ထားသည်။

ဤအချိန်တွင် အန်နန်ကျင်း က ရုတ်တရက် မေးလိုက်သည် "အခု ဘယ်သွားမှာလဲ"

ငါတို့ အခု ဘယ်သွားမလဲ....

ယန်ယွဲ့ က ကောင်းကင်ကို မော့ကြည့်လိုက်သည်။ တျန်းရှူ နှင့် ဖုန့်ရီဟာန် တို့၏တိုက်ပွဲသည် ယခုထက်ထိ မပြီးဆုံးကြသေးပေ။

ကူညီရမလား ။

လက်ရှိယန်ယဲ့ သည်

ထိုအဆင့်တိုက်ပွဲတွင်

လုံးဝမကူညီနိုင်ခဲ့ပေ။

သူ၏လက်ရှိအနေအထားကို မပြောဘဲ

မူလအထွတ်အထိပ်ဖြစ်နေရင်တောင်မှ

ဝင်စွက်ဖက်နိုင်မည်မဟုတ်ပါ။

တိုက်ပွဲအား အဝေးနေ

စောင့်ကြည့်နေရှိသာတတ်နိုင်ခဲ့သည်။

အန်နန်ကျင်းက ရုတ်တရက် "ငါတို့ ထွက်

သွားရမယ်"

"ထွက်သွားမလား..." ယန်ယဲ့က

သူ့ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး

“အဲလောက်မလွယ်ဘူး။ ငါတို့

မလုပ်နိုင်ဘူး"

ပေါ်တယ်စနစ်ကို

ပိတ်ပစ်လိုက်သောကြောင့် အာကာသကို

ဖြတ်ကျော်လိုပါက

တစ်ခုတည်းသောနည်းလမ်းမှာ

ပေါ်တယ်စနစ်ကို

အသက်ပြန်သွင်းရပါမည်။

သို့သော်လည်း လက်ရှိယန်ယဲ့က

လုပ်နိုင်စွမ်းမရှိခဲ့ပေ။ ဤနေရာ၌

ဝိညာဉ်စွမ်းအင်များ

မရှိတော့သောကြောင့်

စကြဝဠာကြီးတစ်ခုလုံး

ပေါင်းစည်းထားရင်တောင်မှ

မဖြစ်နိုင်တော့ပါ။

ပေါ်တယ်စနစ်ကို

အသုံးမပြုနိုင်သောကြောင့် အာကာသကို

ဆုတ်ဖြဲ၍ ထွက်သွားရမည်လား။

သူတို့နှစ်ယောက်စလုံး

ထိုအတိုင်းလုပ်ဆောင်ဖို့
ခွန်အားမရှိကြပေ။

အန်နန်ကျင်း လည်း
တိတ်ဆိတ်သွားသည်။

လက်ရှိတွင် သူတို့နှစ်ယောက်ဟာ
ရှေ့ဆက်သွားမည့်လမ်း မရှိတော့သလို
နောက်ပြန်ဆုတ်လို့လည်း မရတော့ပေ။

ဘမ်း...

ကောင်းကင်ယံ၌ ကျယ်လောင်သော

ပေါက်ကွဲသံတစ်ခု

ရုတ်တရက်ထွက်ပေါ်လာပြီးနောက်

တစ်မြို့လုံး တုန်လှုပ်သွားတော့သည်။

"မင်းဘယ်လိုလုပ်ရဲသလဲ" ဒေါသတကြီး

အော်ဟစ်သံ ထွက်ပေါ်လာပြီးနောက်

ကောင်းကင်ယံမှ အနက်ရောင် စွမ်းအင်

ကြိုးတစ်ချောင်း ထွက်ပေါ်လာသည်။

ဤအချိန်တွင်

အနက်ရောင်ကြာပွတ်ရှည်ချောင်းက

ကောင်းကင်ထက်သို့ လွင့်ပျံလာပြီး

၎င်းကို ထိမှန်သွားသည်။

ဘမ်း...

ကြာပွတ်ရှည်က ထိုနေရာတစ်ခုလုံးကို

ဖြိုချပစ်ကာ

အနက်ရောင်စွမ်းအင်များအားလုံး
ချေဖျက်ခံလိုက်ရသည်။

ယန်ယဲ့နှင့် အန်နန်ကျင်း တို့လည်း
အကြည့်ချင်းဖလှယ်ကြသည်။ ယန်ယဲ့က
“ငါတို့တွေ ဒီနေရာက
အမြန်ဆုံးထွက်သွားရမယ်”

ထိုစကားပြောပြီးသည်နှင့်
နှစ်ယောက်သား နေရာမှာတင်

ပျောက်သွားခဲ့သည်။ သို့သော်လည်း

သူတို့ထွက်ခွာခါနီးတွင်

စကြဝဠာကြီးဆီသို့ သွားရာ

အလင်းတံခါးပေါက်သည်

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည်

ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

သူ့နောက်ကို လှည့်ကြည့်လိုက်သောအခါ

မြို့ထဲ၌ ပေါက်ကွဲသံများ

အဆက်မပြတ်ထွက်ပေါ်လာသည်။

မြို့ထဲတွင် တိုက်ပွဲများ ဖြစ်နေပုံရ၏။

အန်နန်ကျင်းက “သူတို့က ငါတို့ကြောင့်

ပိတ်ပစ်လိုက်တယ်လို့ မထင်ဘူး။

ခုဏလေးတင် ငါတို့တွေ့လိုက်တဲ့

ပုံရိပ်ကြောင့်ဖြစ်မယ်”

ယန်ယဲ့က အံ့ဩသွားပြီး "ဘာလို့လဲ"

အန်နန်ကျင်းက “အဲဒါက ငါတို့သာဆိုရင် သူတို့က ဒီလိုလုပ်မှာမဟုတ်ဘူး။ သူတို့ရဲ့ ခွန်အားနဲ့ဆို ငါတို့ကို အသာလေးသတ်ပစ်နိုင်သေးတယ်။ တကယ်တော့ သူတို့ရဲ့ စစ်မှန်တဲ့ ပစ်မှတ်က အဲဒီမှုန်ဝါးဝါးပုံရိပ်ပဲ။ ဒါပေမဲ့ အဲဒီတစ္ဆေလိုလိုဘာလိုလိုအရိပ်က ဘယ်သူလဲ။ ဘာ့ကြောင့်များ

အင်မော်တယ်မျိုးနွယ်နဲ့ငါတို့ကိုတိုက်ခို

က်ရတာလဲ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ဒါကို

ငါလည်း

စဉ်းစားရတော်တော်ခက်နေတယ်"ဟုပြန်

ပြောသည်။

မှုန်ဝါးဝါးပုံရိပ်က

အင်မော်တယ်မျိုးနွယ်အပြင်

သူတို့နှစ်ယောက်ကိုလည်း

တိုက်ခိုက်ခဲ့သည်။ တစ်နည်းဆိုရသော်

ငင်းသည် သူတို့အဖွဲ့နှင့်

အင်မော်တယ်မျိုးနွယ်ကို

ဖျက်ဆီးပစ်ချင်နေပုံပါ။

အဲဒါဘယ်သူလဲ...

ယန်ယွဲ့ သည် အဖြေရှာမရပေ။

သူက ခေါင်းယမ်းလိုက်ကာ "လာ၊
သွားကြည့်ရအောင်"

အန်နန်ကျင်း က ယန်ယွဲ့ကို
စူးစိုက်ကြည့်ပြီး တိုးတိုးလေးပြောခဲ့သည်
"ဒါဘယ်သူလဲ ကြည့်ရအောင်။
ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က
အခုလောလောဆယ်
ထွက်မသွားနိုင်သေးဘူးမဟုတ်လား"

ထို့နောက်တွင် နှစ်ယောက်သား

နေရာမှာတင်ပျောက်သွားကြ၏။

သိပ်မကြာလိုက်ဘဲ

အင်မော်တယ်မျှော်စင်ရှေ့သို့ရောက်လာ

ခဲ့သည်။

ဤအခိုက်အတန့်တွင် အသေခံစစ်သည်

၅ ဦးသည် အနက်ရောင်ဓားရှည်များကို

ကိုင်ဆောင်လျက် ရက်နေကြသည်။

၎င်းတို့နောက်တွင်

အင်မော်တယ်မြင်းတပ်သားများ

ရှိနေလေသည်။ သို့သော် ယခုအခါတွင်

အင်မော်တယ်မြင်းတပ်သား

အရေအတွက် ၂၀၀ ထက်မနည်းသာ

ကျန်ရှိတော့သည်။

မျှော်စင်ရှေ့တွင်လည်း အလောင်း ၆၀

နီးပါး ရှိနေပြီဖြစ်သည်။

ထို့အပြင် ယန်ယွဲ့ သည်

အင်မော်တယ်စစ်တပ်အောက်ရှိ

မြေပြင်တွင် အစီအရင်ကို

သတိပြုမိလိုက်သည်။ ထိုနေရာမှ

သိပ်သည်းပြင်းထန်သော

မရဏစွမ်းအင်များ ထွက်ပေါ်လာသည်။

အဆိုပါ အစီအရင်သည်

မရဏစွမ်းအင်ကို

အဆက်မပြတ်ထုတ်လွှတ်နေကာ

အသေခံစစ်သည် ၅ ဦး ဆီသို့

စီးဝင်သွားသည်။ ဒီအချိန်မှာ

အသေခံစစ်သည်များ၏ ဒဏ်ရာများနှင့်
အရှိန်အဝါသည်
သိသိသာသာတိုးတက်လာပါသည်။

သို့သော် နဂိုအတိုင်းတော့
ပြန်မရောက်ကြသေးပါ။

ယန်ယဲ့ သည် အဝေးမှ လှမ်းကြည့်ရင်း
ခဏမျှ တွေးလိုက်မိသည်။
မှုန်ဝါးဝါးပုံရိပ်၏စွမ်းအားကို

သံသယမရှိသော်လည်း

အသေခံစစ်သည်များသာ

နဂိုအတိုင်းပြန်ဖြစ်သွားရင်တော့

သက်ရန်ခက်ခဲပါလိမ့်မည်။

အသေခံစစ်သည်များကို မပြောဘဲ

သူ၏မူလခွန်အား ရှိနေပါက

ထိုမှုန်ဝါးဝါးပုံရိပ်ကို

ကြောက်နေမည်မဟုတ်ပေ။

ယခုလက်ရှိမှာတော့

အင်မော်တယ်ဘိုးဘေးနှင့်

ဟင်းလင်းပြင်ဝိညာဉ်ကောရီ တို့သာလျှင်

တစ္ဆေကဲ့သို့မှုန်ဝါးဝါးပုံရိပ်ကို

ရင်ဆိုင်နိုင်ပေမည်။

ဤအချိန်တွင် မှုန်ဝါးဝါးပုံရိပ်ကို

ဖျတ်ခနဲမြင်လိုက်ရသည်။

သူ၏လက်ထဲ၌

အနက်ရောင်ကြာပွတ်ရှည်တစ်ချောင်း

ကိုင်ထားခဲ့သည်။

ဝှစ်...

လေထုပွင့်ထွက်သွားသည့်အသံ

ရုတ်တရက် ထွက်ပေါ်လာသည်။

ထို့နောက်

အနက်ရောင်ကြာပွတ်ရှည်တစ်ချောင်းက

အာကာသကို ဆုတ်ဖြဲ၍

အသေခံစစ်သည် ၅ ဦးထံ

ရိုက်ချလိုက်လေသည်။

"ခုတ်ပိုင်းလိုက်စမ်း..." အသံတစ်သံ

ထွက်ပေါ်လာပြီးနောက် အသေခံစစ်သည်

၅ ဦးစလုံး ဓားများကို ပြိုင်တူမြှောက်ကာ

ခုတ်ပိုင်းလိုက်ကြသည်။

ဆူး...

ဓား ၅ လက်မှ ဓားအလင်းတန်း ၅

စင်းထွက်ပေါ်လာသော်လည်း

ဓားစွမ်းအင်တစ်စင်းတည်းအဖြစ်ပေါင်း

စပ်သွားသည်။ ထို့နောက်တွင်

လျှပ်စီးတန်းကြီးအလား

ရှေ့သို့ ပြေးထွက်လာခဲ့သည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက်
ဓားစွမ်းအင်များသည်
အပိုင်းပိုင်းကွဲထွက်သွားသည်။ သို့သော်
ကြာပွတ်ရှည်က ပျောက်မသွားဘဲ
အသေခံစစ်သည် ၅
ယောက်ဆီသို့ရိုက်ချလိုက်သည်။

"ချိုးဖျက်လိုက်စမ်း..."
အင်မော်တယ်မြင်းတပ်ခေါင်းဆောင်

တုကူးသွဲ့ရှုန်၏ဒေါသတကြီးအော်သံ
ရုတ်တရက်ထွက်ပေါ်လာသည်။
ထို့နောက်တွင် လှံ အစင်း ၂၀၀
ကျော်သည် မြောက်တက်လာပြီး
လေထုကိုဆုတ်ဖြဲကာ ကြာပွတ်ရှည် နှင့်
မှုန်ဝါးဝါးပုံရိပ်ကို ထိုးချလိုက်လေသည်။

လှံသွားများက
မုန်တိုင်းတစ်ခုကဲ့သို့ပင်၊အလွန်ကြောက်စ
ရာကောင်းလှသည်။

မှုန်ဝါးဝါးပုံရိပ်က

၎င်း၏ညာဖက်လက်ကို

အနည်းငယ်မြှောက်ပြီး ကြာပွတ်ရှည်အား

အလျားလိုက် ယမ်းလိုက်သည်။ ထိုအခါ

ကြာပွတ်က နဂါးတစ်ကောင်ကဲ့သို့

မြင့်တက်လာပြီး လေထဲတွင်

မရေမတွက်နိုင်သော

ကြာပွတ်ပုံရိပ်များစွာ

ပေါ်လာတော့သည်။

ကောင်းကင်ယံ၌ နဂါးများ

ကခုန်နေသလိုပင်ထင်ရလေသည်။

ကြာပွတ်ပုံရိပ်များက အထက်သို့

ထိုးလာသော လှံသွားများကို

ရိုက်ချလိုက်သည်။ တစ်ချိန်တည်းမှာပင်

ဧရာမကြာပွတ်ရှည်ကြီးတစ်ချောင်း

ပေါ်လာပြီး အောက်ကို

ရိုက်ချလိုက်လေသည်။

၎င်း၏ပစ်မှတ်က

အင်မော်တယ်မြင်းတပ်ဖြစ်သည်။

သို့သော်လည်း အသေခံစစ်သည် ၅

ဦးသည် လေထဲတွင်

ရုတ်တရက်ပေါ်လာကြသည်။ ထို့နောက်

ဓားများကို ပြိုင်တူမြှောက်ကာ

ပိုင်းချလိုက်ပြန်သည်။

ဤအတောအတွင်း အောက်မြေပြင်ရှိ

အစီအရင်ထဲမှ သိပ်သည်းသော

မရဏစွမ်းအင်များ

အဆက်မပြတ်ထွက်ပေါ်လာပြီး

၎င်းတို့ဆီသို့

ဆက်တိုက်စီးဝင်သွားသည်။

ဆူး... ဆူး... ဆူး.... ဆူး.... ဆူး...

ဓားစွမ်းအင် ၅ စင်းသည် လေထုကို

ဆုတ်ဖြဲ၍ ကြာပွတ်ရှည်ကို

အဆက်မပြတ် ထိမှန်သွားသည်။

ဘမ်း... ဘမ်း....ဘမ်း ဘမ်း ...

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်

မှုန်ဝါးဝါးပုံရိပ်သည် နေရာမှာတင်

ပျောက်ကွယ်သွားသည်။ ထို့နောက်တွင်

လေထဲ၌ ကြာပွတ်တစ်ချောင်း

ပေါ်လာပြီး ဓားစွမ်းအင် ၅ စင်းကို

ရိုက်ချလိုက်ရာ အသေခံစစ်သည်များထံ

ပြန်ရိုက်ခတ်သွားလေသည်။

ဘမ်း... ဘမ်း....

အသေခံစစ်သည် ၅ ယောက်စလုံး
ခုခံနိုင်လိုက်ခြင်းမရှိဘဲ
ပြုတ်ကျသွားသည်။

အနက်ရောင်ကြာပွတ်ရှည်ကြီးက
အောက်သို့ ဆင်းလာသည်။

ဝုန်း...

မြေပြင်ပေါ်ရှိ
မရဏာစွမ်းအင်အစီအရင်သည်
ကွဲထွက်ပြီး ဖုန်မှုန့်အဖြစ်သို့
ပြောင်းလဲသွားသည်။

တုကူးသွဲ့ရှန် က မှုန်ဝါးဝါးပုံရိပ်ကို
စိုက်ကြည့်ရင်း "နင်က ဘယ်သူလဲ"

မှုန်ဝါးဝါးပုံရိပ်က သူ့ညာဖက်လက်ဝါးကို
လှန်လိုက်ရာ ကြာပွတ်က

သူ့ဆီကိုပြန်ရောက်သွားသည်။ ထို့နောက်

တုကူးသွဲ့ရှန် နှင့် အခြားသူများကို

စူးစိုက်ကြည့်နေသည်။ ထို့နောက်

သူ့ဆီကနေ

အလွန်တရာမှအေးစက်လှသော

အသံတစ်သံထွက်ပေါ်လာသည်

"ဟိုဖက်ကမ်းမှာ မင်းတို့ကိုမကြိုဆိုဘူး။

ရောက်လာခဲ့ရင် မင်းတို့အားလုံး

အကုန်သေရမယ်"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၀ - သူတို့ (Tay)ကုန်ပြီ။

သူတို့အားလုံး..

ဟိုဖက်ကမ်းကနေ မကြိုဆိုဘူးလား ။

ယန်ယဲ့သည်

မှုန်ဝါးဝါးပုံရိပ်၏စကားသံကိုကြားလိုက်

သောအခါ

ချက်ချင်းမျက်မှောင်ကြုတ်သွားသည်။

သို့သော်လည်း သိပ်မကြာခင်

မှုန်ဝါးဝါးပုံရိပ်၏ ဆိုလိုရင်း

နားလည်လိုက်သည်။

ဟိုဖက်ကမ်း...

ဒါဆို မူလမျိုးနွယ် ပေါ့...

စကြာဝဠာကြီးမှ မျိုးနွယ်များနှင့်

အင်မော်တယ်မျိုးနွယ်၏ရည်ရွယ်ချက်

မှာ မူလမျိုးနွယ်

နေထိုင်ရာစကြာဝဠာဆီသို့ဖြစ်သည်။

သို့သော် မှုန်ဝါးဝါးပုံရိပ်က

ရောက်ရှိလာသည်ကို

မကြိုဆိုဟုပြောနေခဲ့သည်။

ဆိုလိုသည်မှာ မူလမျိုးနွယ်က

ဤနေရာရှိအခြေအနေများကို

သတိပြုမိတာသေချာပါသည်။

မူလမျိုးနွယ်၏ သဘောထားက

တိုက်ရိုက်ငြင်းဆန်ခဲ့သည်။

ဤစကြာဝဠာမှ လူတိုင်း

ရောက်လာတာနှင့်ပတ်သက်၍

လက်မခံကြပေ။

ယန်ယဲ့ သည် တစ်ခုခုကို

တွေးမိသွားပုံရပြီးခဏအကြာတွင်

သူ၏မူအရာက အလွန်ကို

ဆိုးရွားသွားသည် ။

အကြီးအကဲယွမ် နှင့် အခြားလူတိုင်း

ပေါ်တယ်စနစ်ကို

ဖြတ်သွားခဲ့ကြပြီဖြစ်သည်။

ဆိုလိုသည်မှာ ထိုလူတိုင်း

အန္တရာယ်ရှိနေလေပြီ။

တစ်ချိန်တည်းတွင် တုက္ကူးသွဲ့ရှန် နှင့်

အခြားလူများ၏

အမူအရာများသည်လည်း

အတော်လေးကို ဆိုးရွားလှသည်။

နည်းပြဂူ က

အင်မော်တယ်မျိုးနွယ်၏အဖွဲ့ဝင်များကို

ဦးဆောင်၍

ပေါ်တယ်စနစ်ကိုဖြတ်ကျော်သွားခဲ့သည်။
စကြဝဠာကြီးတွင် ကျန်ရှိနေသော
အင်မော်တယ်မျိုးနွယ်၏အဆင့်မြင့်အာ
ဏာပိုင်များသာ ဟိုဖက်ကမ်းကို
အချိန်မှီမကူးနိုင်လျှင် အရင်ဆုံး
သွားနှင့်သူတိုင်း
ရင်ဆိုင်ရမည့်ကံကြမ္မာသည်
သိသာပါသည်။

အင်မော်တယ်မျိုးနွယ်၏

အဆင့်မြင့်အာဏာပိုင်များသည်

ဤနေရာတွင် အလုပ်ရှုပ်နေသဖြင့်

မူလမျိုးနွယ်၏ စကြဝဠာသို့

အချိန်မှီမသွားနိုင်တော့ပေ။

တစ်နည်းအားဖြင့် ဟိုဖက်ကမ်းရှိ

မူလမျိုးနွယ်ဝင်များသည်

မျှော်လင့်ချက်မဲ့သော အခြေအနေနှင့်

ရင်ဆိုင်နေရပြီဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့ သာမကဘဲ
အင်မော်တယ်မျိုးနွယ် ပင်လျှင်
မျှော်လင့်ချက်ကင်းမဲ့သောအခြေအနေ
သို့ ရောက်သွားခဲ့သည်။

ရုတ်တရက်ဆိုသလိုပင် မှုန်ဝါးဝါးပုံရိပ်က
အသေခံစစ်သည်များရှေ့တွင်
ပေါ်လာပြန်သည်။ ထို့နောက်တွင်တော့
မရေမတွက်နိုင်သော ကြာပွတ်ပုံရိပ်များ

ဖြာထွက်လာတော့သည်။
အသေခံစစ်သည်များ ထံမှ
ဓားစွမ်းအင်များ
တဖျပ်ဖျပ်ခတ်လာသည်။

သို့သော် အသေခံစစ်သည်များက
မှုန်ဝါးဝါးပုံရိပ်ကို မယှဉ်နိုင်ခဲ့ပေ။
အသေခံစစ်သည် ၅ ယောက်က
အပြင်းအထန် တိုက်ခိုက်ပြီးသည်နှင့်
တစ်ချိန်တည်း ဆုတ်ခွာသွားကြသည်။

အင်မော်တယ်ဘိုးဘေး၏

အကူအညီကြောင့်မဟုတ်လျှင်

အသေခံစစ်သည် ယောက်စလုံး

အသတ်ခံနေရလောက်ပါပြီ။

ကျန် အင်မော်တယ်မြင်းတပ်နှင့်

ပတ်သက်လျှင် ၎င်းတို့သည်

မှုန်ဝါးဝါးပုံရိပ်ကို ဘယ်လိုမှ

မယှဉ်သာပေ။

ယန်ယဲ့ သည် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

တျန်းရှု လား...

လက်ရှိ သူ့အတွက်ကား တျန်းရှု

ရောက်အလာကို စောင့်ဆိုင်းနေရန်သာ

တတ်နိုင်ခဲ့သည်။ အလားတူပင်၊

အင်မော်တယ်မျိုးနွယ်၏

အဖွဲ့ဝင်များသည်လည်း

အင်မော်တယ်ဘိုးဘေး အလာကို စောင့်ဆိုင်းနေကြသည်။ သူတို့ရှေ့က မှုန်ဝါးဝါးပုံရိပ်ကို ထိန်းထားနိုင်သူဟူ၍ ဤလောကတွင် အင်မော်တယ်ဘိုးဘေး နှင့် ဟင်းလင်းပြင်ဝိညာဉ်ဧကရီ တို့သာလျှင် ရှိခဲ့သည်။

မှန်သည်၊ ဤအတောအတွင်း ယန်ယဲ့ သည်

မူလမျိုးနွယ်၏ နေထိုင်ရာ စကြဝဠာကို
ရောက်သွားသော
အကြီးအကဲယွမ်တို့အဖွဲ့အား
ပိုပြီးစိုးရိမ်နေပါသည်။

အာကာသအမြင့်တစ်နေရာတွင်.... ။

ဤအခိုက်အတန့်တွင်
တိုက်ပွဲမြေပြင်သည်
သေမင်းချောက်ကမ်းပါးကြီးကဲ့သို့ပင်

ထင်ရလေတော့သည်။
အကျယ်အဝန်းနှင့်တူသည်။

ဤနေရာတွင် လေထု၊ အာကာသ
သို့မဟုတ် ဘာစွမ်းအင်မှ မရှိတော့ပေ။

အရာအားလုံး ပျက်စီးသွားပြီဖြစ်သည်။

သို့သော် ဤနေရာတွင်
လူနှစ်ယောက်ရှိနေခဲ့သည်။

ထိုလူနှစ်ယောက်မှာ

အင်မော်တယ်ဘိုးဘေး ဖုန့်ရီဟာန် နှင့်

ဟင်းလင်းပြင်ဝိညာဉ်ကေရီ

တျန်းရှုတို့ပင်ဖြစ်ကြသည်။

အင်မော်တယ်ဘိုးဘေး ဖုန့်ရီဟာန် က

တိုက်ခိုက်နေရာကနေ

ရုတ်ချည်းရပ်တန့်လိုက်သည်။ တျန်းရှု

လည်း အလားတူပင်ဖြစ်သည်။

သူတို့လိုအဆင့်ရှိ ပညာရှင်များကြား

အနိုင်ရသူကို ဆုံးဖြတ်လိုပါက

ရက်ပေါင်းများစွာတိုင် ကြာမြင့်ပေမည်။

ထို့အပြင် သေခြင်းနှင့် ရှင်ခြင်းကိုပါ

ဆုံးဖြတ်လိုပါက

ထိုထက်အချိန်ပိုကြာမည်ဖြစ်သည်။

ဖုန့်ရီဟာန် က အောက်ကိုငုံ့ကြည့်ရင်း

"ဟင်းလင်းပြင်ဧကရီ၊ မင်းက ယန်ယွဲ့နဲ့

အဲဒီအမျိုးသမီးကို သေစေချင်တာလား"

တျန်းရှူက အောက်ဖက်ရှိ ယန်ယဲ့နှင့်
အန်နန်ကျင်း တို့နှစ်ယောက်ကို
ငုံ့ကြည့်လိုက်ပြီး ငြိမ်သွားသည်။

ဖုန့်ရီဟာန် က ဆက်ပြောသည်
"ဟင်းလင်းပြင်ဝိညာဉ်ဧကရီ၊ ငါတို့
ဒီအတိုင်းဆက်လုပ်နေရင် သူတို့
အပါအဝင် ငါတို့အားလုံး

သေကြလိမ့်မယ်။

မင်းသေချာဆုံးဖြတ်ပါ"

စကားပြောပြီးသည်နှင့်

မျက်လုံးမှိတ်ထားလိုက်သည်။

အကယ်၍ သူတို့နှစ်ယောက်သာ

ဆက်ပြီးတိုက်ခိုက်နေလျှင်

ဖုန့်ရှီဟာန်အနေဖြင့်

သူ၏အင်မော်တယ်မျိုးနွယ်ကို

ကယ်တင်နိုင်တော့မှာမဟုတ်ပေ။

အောက်ဖက်ရှိ

အင်မော်တယ်မျိုးနွယ်ဝင်အားလုံး

အကုန်အသတ်ခံရပေမည်။

အလားတူပင်၊

ဟင်းလင်းပြင်ဝိညာဉ်ကေရီ သည်လည်း

ယန်ယဲ့နှင့်

အန်နန်ကျင်းတို့နှစ်ယောက်ကိုကယ်တင်နို

င်မည်မဟုတ်ပါ။ တစ်နည်းအားဖြင့်တော့

သူတို့နှစ်ယောက်ကြားက တိုက်ပွဲဟာ
မရေမတွက်နိုင်သော

ကံကြမ္မာများကို
အဆုံးအဖြတ်ပေးပါလိမ့်မည်။

တျန်းရှုက
သူမ၏မျက်လုံးများကိုမှိတ်ပြီး
ငြိမ်သက်သွားသည်။

အချိန်တော်တော်ကြာမှ

မျက်လုံးပြန်ဖွင့်ကာ

ဟင်းလင်းပြင်ဝိညာဉ်တိုက်ကြီး၏

အပျက်အစီးများကို ငုံ့ကြည့်ပြီး

"ငါ့တိုက်ကြီးတစ်ခုလုံးမှာရှိတဲ့

သက်ရှိသတ္တဝါတွေ အကုန်လုံး

အလဟာသမသေနိုင်ဘူး။ ဒါပေမဲ့... ..."

တျန်းရှူက မှုန်ဝါးဝါးပုံရိပ်နှင့်

အခြားအရာများကို ငုံ့ကြည့်ကာ

"ငါတို့ကြားက ရန်ငြိုးကို နောက်မှ ရှင်းမယ်။ အခုတော့ အဲဒီလူကို အရင်သတ်ရအောင်”

ဖုန့်ရှိဟာန် က တျန်းရှူကို တစ်ချက်ကြည့်လိုက်ပြီး "ကောင်းပြီလေ..."

နှစ်ယောက်စလုံး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် မှုန်ဝါးဝါးပုံရိပ်က အပေါ်
မော့ကြည့်လိုက်ပြီးနောက်
သူ၏ကြာပွတ်ကို လေထဲသို့
ပစ်လွှတ်လိုက်သည်။
ထိုခဏလေးအတွင်း
အထက်ကောင်းကင်ယံဟာ
ကြာပွတ်ရိပ်များစွာဖြင့်
ဖုံးလွှမ်းသွားသော်။ သို့သော်လည်း
အာကာသထဲမှ

ဖရိုဖရဲဆန်သောအလင်းတန်းတစ်ခုနှင့်

အနက်ရောင်အလင်းတန်းတစ်ခု

ရုတ်တရက်ဆင်းသက်လာကာ

ကြာပွတ်ရိုပ်များကို

ဖျက်ဆီးပစ်လိုက်သည်။ သို့သော်

မှုန်ဝါးဝါးပုံရိပ်က သဲလွန်စမရှိဘဲ

ပျောက်ကွယ်သွားခဲ့သည်။

၎င်းက ထွက်ပြေးသွားတာဖြစ်သည်။

အစောပိုင်းက

ကောင်းကင်အပြည့်ဖုံးလွှမ်းထားသော

ကြာပွတ်ရိုပ်များဟာ

တိုက်ခိုက်တာမဟုတ်ပေ၊

သူထွက်ပြေးဖို့အချိန်ရအောင်လုပ်လိုက်

တာပါ။

ဟင်းလင်းပြင်ဝိညာဉ်ဧကရီ နှင့် ဖုန့်ရှီဟန်

တို့နှစ်ယောက်ပေါင်းထားသဖြင့်

သူ့အတွက်

ချက်ချင်းထွက်ပြေးသင့်ကြောင်း

သိလိုက်သည်။

အကြောင်းမှာ ထိုနှစ်ယောက်ထဲမှ

တစ်ယောက်ကပင် သူ့ကို

သတ်နိုင်လေသည်။

ယခုကဲ့သို့

နှစ်ယောက်ပေါင်းထားလျှင်တော့

ပြောနေစရာကိုမလိုတော့ပေ။

သို့သော်လည်း တျန်းရှူ နှင့် ဖုန့်ရီဟာန်

တို့က မရပ်တန့်ခဲ့ကြပေ။

အမှောင်အလင်းတန်းတစ်ခုနှင့်

မရဏာစွမ်းအင်ကြိုးမျှင်သည် လေထုကို

ဆုတ်ဖြဲ၍ မှုန်ဝါးဝါးပုံရိပ် နောက်သို့

ပစ်လွှတ်လိုက်သည်။

ဘမ်း... ဘမ်း...

အဝေးရှိ အာကာသထဲမှ

ကျယ်လောင်သော ပေါက်ကွဲသံနှစ်ခု

ပဲ့တင်ထပ်လာကာ

အာသာအတွင်းပိုင်းသို့

ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုနေရာမှ

မရေမတွက်နိုင်သော

ကြယ်တာရာအလင်းတန်းများ ချက်ချင်း

ဝါးမျိုခံလိုက်ရသည်။ ရောမ
တွင်းနက်ကြီး ဖြစ်ပေါ်လာသည်။

ထိုကဲ့သို့ပင်
အချိန်အတော်ကြာပြီးနောက်မှသာ
ထိုနေရာသည် ငြိမ်သက်သွားခဲ့သည်။

ဤအချိန်တွင် တျန်းရှူက ယန်ယဲ့နှင့်
အန်နန်ကျင်း တို့ရှေ့တွင် ပေါ်လာသည်။

ယန်ယဲ့ပြောခါနီးတွင် တျန်းရှုက သူမ၏

ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

သူတို့ပြန်ချိန်ပင်မရလိုက်ဘဲ

သုံးယောက်စလုံး နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

သူတို့အဖွဲ့ ထွပ်သွားပြီးနောက်တွင်

ဖုန့်ရှီဟာန်က အင်မော်တယ်စစ်တပ်ရှေ့၌

ပေါ်လာခဲ့သည်။ အားလုံးက ဖုန့်ရှီဟာန် ကို ဦးညွှတ်ကြသည်။

ဖုန့်ရှီဟာန် က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ကျန်တဲ့သူတွေ ဒုက္ခရောက်နေပြီ။ မင်းတို့ တတ်နိုင်သမျှ မြန်မြန်သွားပြီး လက်ငှားကြပါ။ ငါတို့လူတွေကို တတ်နိုင်သမျှ ကာကွယ်နိုင်အောင် ကြိုးစားပါ”

တုကူးသွဲ့ရှန်က ရုတ်တရက်

မေးလိုက်သည် "ဘိုးဘေးအရှင်က

ဘာဖြစ်လို့လဲ"

ဖုန့်ရှီဟန် က သူ့ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ငါအခုထွက်သွားလို့မရဘူး။

လွန်ခဲ့တဲ့နှစ်တွေက ရန်ငြိုးတွေ

မပြီးသတ်သေးဘူးလေ"

တုကူးသွဲ့ရှန် က ချက်ချင်း
ဒူးထောက်လိုက်ပြီး “ငါတို့
ကျေကျေနပ်နပ်ကြီး…”

"လူမိုက်တွေ…" ဖုန့်ရှီဟာန်၏
မျက်နှာသည် အေးစက်သွားကာ
"မင်းတို့အားလုံး ဒီမှာဆက်နေကြရင်
ငါ့အတွက် အထောက်အကူဖြစ်မှာ
မဟုတ်ဘူး။ ဒါပေမဲ့ တခြားသူတွေက
မင်းတို့ရဲ့အကူအညီကို အခု

လိုအပ်နေပြီ။ သူတို့တွေဟာ

မူလမျိုးနွယ်ရဲ့ စကြဝဠာကို

အောင်အောင်မြင်မြင်နဲ့

ရောက်ခဲ့ရင်တောင် မင်းတို့မပါဘဲ

ရှင်သန်နိုင်မှာမဟုတ်ဘူး။ ကောင်းပြီ၊

ငါတို့မျိုးနွယ်စုရဲ့

လူငယ်မျိုးဆက်ခေါင်းဆောင်

နာမိုချန်းယန် (Namo Qianyan) အဲဒီမှာ

ငါ့အင်မော်တယ်မျိုးနွယ်ရဲ့

ဘိုးဘေးဖြစ်လာမယ်ဆိုတာ

မှတ်ထားကြ။ အားလုံးက သူ့ကို ကူညီဖို့

အစွမ်းကုန် ကြိုးစားရမယ်။ ဒါ့အပြင်

ငါတို့အင်မော်တယ်မျိုးနွယ်က

အတိတ်ကပ်ဘေးနဲ့ အခုလက်ရှိအ

ခြေအနေကြောင့်

တော်တော်လေးအားနည်းနေပြီ။

ဒါကြောင့် အားလုံးပဲ

အသက်ရှင်သန်ချင်တယ်ဆိုရင်

လုံခြုံတဲ့နေရာတစ်ခုကို အမြန်ရှာ။ ပြီးတော့

အေးအေးချမ်းချမ်း ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်းဆုံးကြိုးစားပါ”

"ဘိုးဘေးအရှင်..." အားလုံးက ဒူးထောက်နေကြပြီဖြစ်သည်။

ဖုန့်ရှီဟာန် က ကောင်းကင်ကို မော့ကြည့်ရင်း “ဘယ်မျိုးနွယ်စုကမှ

ထာဝရ အင်အားကြီးနိုင်မှာ မဟုတ်ဘူး။

ဒါဟာ

ငါတို့အင်မော်တယ်မျိုးနွယ်အတွက်

စိန်ခေါ်မှုတစ်ခုပါ၊ ဒါပေမဲ့လည်း

အခွင့်အရေးတစ်ခုပါပဲ။

မြန်မြန်သွားကြတော့၊

ဟိုဖက်ကမ်းမှာရှိတဲ့ တခြားသူတွေက

မင်းတို့ကိုစောင့်နေတယ်”

တုကူးသွဲ့ရှုန် နှင့် အသေခံစစ်သည်များ အပါအဝင် အခြားလူတိုင်း ဖုန့်ရှီဟာန် အား တလေးတစားဦးညွှတ်ကြသည်။

ဤအတောအတွင်း တုကူးသွဲ့ရှုန် က ခဏမျှ တုံ့ဆိုင်းသွားပြီး “ဘိုးဘေးအရှင်၊ ပေါ်တယ်စနစ်က ပိတ်သွားပြီ။ ငါတို့...”

"မူလတိုက်ကြီးကို သွားပါ" ဖုန့်ရှီဟာန် က ရုတ်တရက်ပြောလိုက်သည် "အဲဒီမှာ

နောက်ထပ် ပေါ်တယ်စနစ် တစ်ခုရှိတယ်။

ဒါဟာ မူလမျိုးနွယ်က ချန်ထားခဲ့တဲ့

အရန်အစီအစဉ်တစ်ခုပဲ။ ဒါပေမဲ့

သူတို့နေတဲ့စကြာဝဠာအသစ်ကနေ

အသက်သွင်းထားတာဖြစ်လို့

ဝိညာဉ်စွမ်းအင်မလိုအပ်ဘူး။

ခုဏလေးက ထွက်ပြေးသွားတဲ့

တစ္ဆေလိုကောင် ထွက်မသွားသရွေ့တော့

အဲဒီပေါ်တယ်စနစ်ကို

ပိတ်ပစ်မှာမဟုတ်သေးဘူး။

ဒါပေမဲ့ ဟင်းလင်းပြင်ဝိညာဉ်ကောရီ နဲ့

ငါက အဲဒီလူကို ပေါ်တယ်စနစ်ဆီ

ပြန်သွားခွင့်မပေးဘူး”

တုကူးသွဲ့ရှန် က ဖုန့်ရီဟာန် ကို ထပ်မံ

ဦးညွှတ်ကာ "ဂရုစိုက်ပါ၊

ဘိုးဘေးအရှင်... "

ထိုအတိုင်းပြောပြီးသည်နှင့်

နောက်လှည့်၍ အခြားသူများ နှင့်အတူ

ပျောက်ကွယ်သွားခဲ့သည်။

ဖုန့်ရှီဟာန် က

အဆုံးမဲ့ကြယ်တာရာကောင်းကင်ကို

မျှော်ကြည့်ကာ "ဘယ်သူမှ

အနိုင်မရပါဘူး"

အနိုင်မရခဲ့ဘူး...

အင်မော်တယ်မျိုးနွယ်သည်

စကြာဝဠာကြီးကို ကျူးလာပြီးနောက်

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်ကို

ဖျက်ဆီးပစ်ခဲ့သည်။ သို့သော်လည်း

ပြန်ပေးလိုက်ရသော တန်ကြေးဟာ

မည်သို့နည်း။

အင်မော်တယ်မျိုးနွယ်သည် လုံးဝကို

ဆုံးရှုံးမှုကြီးမားခဲ့သည်။ မျိုးနွယ်စု၏

အဆင့်မြင့်ပညာရှင် အများအပြား

ဆုံးရှုံးခဲ့ရသည်။ ထို့အပြင် လူဦးရေ

ထက်ဝက်နီးပါး ဆုံးရှုံးသွားခဲ့သည်။

ကျန်တစ်ဝက်ကို

အားနည်းသောအခြေအနေသို့

ရောက်ရှိသွားစေခဲ့သည်။

အင်မော်တယ်မျိုးနွယ်သည် ထိုတိုက်ပွဲကို

အနိုင်မရခဲ့ဟု ဆိုနိုင်ပါသည်။ မှန်သည်၊

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်ကလည်း

အနိုင်မရခဲ့ပေ။ နှစ်ဖက်စလုံး
ရှုံးနိမ့်ခဲ့ကြသည်။

နောက်ဆုံးတွင် အကျိုးဆက်မှာ
အင်မော်တယ်မျိုးနွယ် သည်
အထွတ်အထိပ်မှ ပြုတ်ကျခဲ့သည်။
သူကိုယ်တိုင်လည်း နှစ်ပေါင်း
ထောင်နှင့်ချီပြီး အိပ်စက်သွားခဲ့ရသည်။
လက်ရှိတွင် သူ၏ခွန်အားက
အတိတ်ကလိုမျိုး မဟုတ်တော့ပေ။

အတိတ်ကခွန်အားနှင့် ယှဉ်ပါက

များစွာနိမ့်ကျခဲ့သည်။

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်

နှင့်ပတ်သက်၍တော့ မျိုးနွယ်စု

ပျက်သုဉ်းသွားခဲ့ပြီဖြစ်သည်။

သို့သော်လည်း

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ် သည်

အသက်ရှင်ကျန်နေခဲ့၏။

တစ်နည်းအားဖြင့် သူတို့ကြားက ရန်ငြိုး
အဆုံးမသတ်သေးပါ။

ဟင်းလင်းပြင်ဝိညာဉ်ဧကရီ သည်
ယန်ယဲ့အတွက်ကြောင့်
အပေးအယူလုပ်ခဲ့သည်။

သို့ရာတွင် သူတို့ကြားက ရန်ငြိုးများ
မပြီးဆုံးသေးမှန်း သူလည်း
ကောင်းကောင်းသိထားသည်။

ဤရန်ငြိုးက တစ်ဖက်ဖက်မှ
သေဆုံးခြင်းနှင့်သာ
အဆုံးသတ်ရပါလိမ့်မည်။

ဖုန့်ရှီဟာန် က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

သူ၏ခွန်အားဖြင့်ဆိုပါက
ထွက်သွားရန်ဆုံးဖြတ်လိုက်လျှင်
ဟင်းလင်းပြင်ဝိညာဉ်ကောရှီ အနေဖြင့်

တားဆီးနိုင်မည်မဟုတ်ပါ။

သို့သော်လည်း သူ၏

အင်မော်တယ်မျိုးနွယ်ဝင်အားလုံး

အသတ်ခံရမည်ဖြစ်သည်။

ထို့အတွက်ကြောင့် ဖုန့်ရှီဟန်က

ထွက်သွားလို့မရတော့ပေ။

...

အဆုံးမဲ့အာကာသတွင်းနက်များကြားရှိ

အလင်းတံခါး ...။

ဤအခိုက်အတန့်တွင် အလင်းတံခါးရှေ့၌ ပုံရိပ် ၃ ခုပေါ်လာကြသည်။ တျန်းရှု၊ ယန်ယဲ့နှင့် အန်နန်ကျင်းတို့ပါ။

တျန်းရှုက ယန်ယဲ့ကို စိုက်ကြည့်ပြီး "မူလတိုက်ကြီးကို သွားပါ၊ အဲဒီမှာ နောက်ထပ် ပေါ်တယ်စနစ်နစ်ခု

ရှိသေးတယ်။ အဲဒီကနေတဆင့်

တခြားစကြဝဠာကို သွားလို့ရတယ်”

"မင်းက...." ယန်ယွဲ့က တျန်းရှု ဆီကို

လျှောက်သွားပြီး "မင်း

ထွက်မသွားဘူးလား"

တျန်းရှုက ခေါင်းခါလိုက်သည်။

ယန်ယဲ့ သည်

ထပ်ပြောချင်နေသော်လည်း တျန်းရှူက

သူ့အားစိုက်ကြည့်ကာ

"အသက်ရှင်ချင်တယ်၊ လူတိုင်းက

အသက်ရှင်ချင်ကြတယ်။ ဒါပေမဲ့

ငါ့ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်အတွက်

ကော....။  ငါ အဲဒါကို

မေ့ထားသင့်သလား။ နင့်မှာ

ကိုယ်ပိုင်ရွေးချယ်မှုနဲ့

နင့်ကိုဆက်ရှိနေစေတဲ့အရာတွေ ရှိသလို

ငါ့လည်းအတူတူပဲ။

ရည်ရွယ်ချက်တစ်ခုတည်းနဲ့

ငါအသက်ရှင်တယ်၊ အဲဒါက

လက်စားချေဖို့ပါ”

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး

"တျန်းရှူ... "

"ယန်ယဲ...."

ဒီအချိန်မှာ တျန်းရှူ က ရုတ်တရက်
ဒေါသတကြီးအော်လိုက်ပြီး
နီရဲနေသောမျက်လုံးတစ်စုံဖြင့်
သူ့ကိုကြည့်ကာ
"အင်မော်တယ်မျိုးနွယ်ကို နင့်အတွက်နဲ့
အပေးအယူလုပ်လိုက်ရတယ်ဆိုတာ
နင်သိလား။ မဟုတ်ရင် ဒီနေ့
သူတို့အားလုံးကို

သတ်ပစ်နိုင်တယ်။ဒါပေမဲ့ နင့်အတွက်

သူတို့ရဲ့ဘိုးဘေးနဲ့

ငါအပေးအယူလုပ်ပြီး

သူတို့ကိုလွှတ်လိုက်ရတယ်။ နင် ငါ့ဆီက

နောက်ထပ် ဘာလိုချင်သေးလဲ"

ယန်ယွဲ့ သည် ထိုစကားကြောင့်

အံ့ဩသွားသည်။

တျန်းရှူက သူမ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"ထွက်သွားပါ။ မူလမျိုးနွယ်က

သူတို့နေတဲ့နေရာမှာ ဒီလောကရဲ့

သက်ရှိသတ္တဝါတွေကို မကြိုဆိုဘူး။

ဒါ့ကြောင့် ငါတို့အားလုံးကို

သတ်ဖို့အတွက် ပညာရှင်တစ်ယောက်

ပို့လိုက်တာပဲ။ အဲဒီကိုရောက်ရင်

သူတို့တွေ အန္တရာယ်တွေ့မှာ

သေချာပါတယ်။ အခုနေ နောက်ကျရင်
ကယ်တင်ဖို့အချိန်လွန်သွားလိမ့်မယ်။
ဟိုဖက်ကမ်းကကိစ္စနဲ့ ပတ်သက်ပြီးတော့
နင်က...”

ယန်ယဲ့က ရုတ်တရက် တိုးတိုးလေး
ပြောလိုက်သည် "ရှုအာ၊
ငါမင်းကိုအသက်ရှင်နေစေချင်တယ်"

တျန်းရှူ၏ခန္ဓာကိုယ်လေးက

အနည်းငယ်တုန်ခါသွားပြီး

ကောင်းကင်သို့မျှော်ကြည့်ကာ

“ငါ့မျိုးနွယ်ထဲက လူအားလုံး သေကုန်ပြီ၊

သူတို့အားလုံး ငါ့ရှေ့မှာတင် သေကုန်ပြီ"

ထိုစကားပြောပြီးသည်နှင့် နေရာမှာတင်

ပျောက်ကွယ်သွားခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၁ -

(လောကသုံးပါးစကြာဝဠာ၏အဆုံးသတ်

) ပြင်ပစကြာဝဠာသို့ ထွက်ခွာခြင်း

တျန်းရှု ထွက်သွားပြီ ။

ယန်ယဲ့နှင့် အန်နန်ကျင်း တို့နှစ်ယောက်၏

အကြည့်များအောက်မှာပင် တျန်း‌ရှူက

အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သည် အန်နန်ကျင်း၏လက်ကို

တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ဒီအချိန်မှာ သူ့နှလုံးသားက

နာကျင်မှုအပြည့်ပါ။

သို့သော် အန်နန်ကျင်း က သူ့ကို ခေါင်းယမ်းပြပြီး "အဲဒါက သူမရဲ့ ရွေးချယ်မှုပဲလေ။ ငါတို့သွားရအောင်"

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး အန်နန်ကျင်း၏လက်ကိုဆွဲကာ ထွက်သွားသည် ။

သူတို့ထွက်သွားပြီးနောက်တွင် တျန်းရှူက ထိုနေရာမှာ ပြန်ပေါ်လာသည်။

ယန်ယဲ့ ထွက်သွားတာကို

ငေးကြည့်နေရင်း

တျန်းရှုသည် အတွေးထဲမှာ

ပျောက်ကွယ်သွားပုံရသည်။

"နှင်းခဲလေး၊ အစ်ကိုကြီးယန်..."

လက်ရှိမှာတော့ သူမ နှင့်ရင်းနှီးသူဟူ၍

ယန်ယဲ့၊ နှင်းပွင့်လေးတို့သာဖြစ်သည်။

တျန်းရှူက ခေါင်းကို

အနည်းငယ်ခါယမ်းကာ

တိုးတိုးလေးပြောလိုက်ပါသည်

“ငါတို့ပြန်ဆုံနိုင်ပါ့မလား။

ဖြစ်ကောင်းဖြစ်နိုင်မှာပါ"

ထို့နောက် အာကာသထဲသို့

ပျောက်ကွယ်သွားခဲ့သည်။

...

မူလတိုက်ကြီး။

ယန်ယွဲ့နှင့် အန်နန်ကျင်း တို့သည်

မူလတိုက်ကြီးသို့ ရောက်ရှိလာခဲ့သည်။

သူတို့ရောက်လာချိန်တွင် မြို့ပျက်ထဲ၌

အလင်းတိုင်တစ်တိုင်ကို

လှမ်းမြင်လိုက်ရသည်။ သေချာသည်မှာ

ထိုအလင်းတိုင်က မူလမျိုးနွယ်

ချန်ထားခဲ့သော

ပေါ်တယ်စနစ်ဖြစ်လေသည်။

မှုန်ဝါးဝါးပုံရိပ်ဟာ

ထိုပေါ်တယ်စနစ်မှတဆင့်

စကြဝဠာကြီးထဲသို့

ဝင်ရောက်လာခဲ့သည်။

ယန်ယဲ့ သည် ရှေ့ဆက်မသွားသေးဘဲ

သူ့နောက်ကို

တစ်ချက်လှည့်ကြည့်လိုက်သည်။

ဤအချိန်တွင် စကြာဝဠာကြီးသည်

ဆိတ်သုဉ်းကာ သေဆုံးခြင်းချီများ

ဖုံးလွှမ်းနေခဲ့သည်။ ၎င်းသည်

အတိတ်တစ်ချိန်က သူ သိခဲ့ဖူးသော

စကြာဝဠာကြီးမဟုတ်တော့ပေ။

စကြာဝဠာကြီးတွင်

သက်ရှိသတ္တဝါအချို့ကျန်ရှိနေသော်လ

ည်း ၎င်းတို့အတွက် သေခြင်းတရားသာ

ကျန်ရှိတော့သည်။

ယန်ယဲ့ သည် ခဏမျှ

ငြိမ်သက်သွားပြီးနောက် သူ၏ဓားကို

ရုတ်တရက်မြှောက်ပြီး  ကောင်းကင်ကို

ထိုးချိန်လိုက်သည်။

အထက်ကောင်းကင်ယံ၌ ဓားအူသံကြီး

ကျယ်လောင်စွာ ပွဲတင်ထပ်လာပြီးနောက်

စကြာဝဠာကြီးတစ်ခုလုံးသို့

ပြန့်နှံ့သွားသည်။ တစ်ချိန်တည်းမှာပင်
"ဒီကိုလာခဲ့ကြ..."

ဒီကိုလိုက်လာခဲ့ကြ...

စကားလုံးနှစ်လုံးတည်းပင်။

ထိုစကားပြောပြီးသည်နှင့်
အန်နန်ကျင်း၏

လက်ကိုဆွဲကာ မြို့ပျက်ထဲရှိ
အလင်းတိုင်ဆီသို့
လျှောက်သွားလိုက်သည်။

စကားသံသည် စကြာဝဠာကြီးအနှံ့
ပြန့်နှံ့သွားပြီးနောက်တွင်
ကြားလိုက်သူတိုင်းသည်
မူလတိုက်ကြီးဆီသို့ ရှူးသွပ်စွာ
ပြေးလာကြတော့သည်။

ပေါ်တယ်စနစ်ထဲတွင် ။

ယန်ယဲ့ နှင့် အန်နန်ကျင်းတို့ဟာ

တစ်ယောက်လက်ကို

တစ်ယောက်ကဆုပ်ကိုင်ထားကြသည်။

သူတို့ပတ်ပတ်လည်၌ အဖြူရောင်

အလင်းတန်းများ နှင့်

လျှပ်စီးကြောင်းများ ရောယှက်နေကာ

ပတ်ဝန်းကျင် တစ်ခုလုံး တုန်ခါသွားသည်

။

ဤအချိန်တွင် သူတို့နှစ်ယောက်လုံး၏
စိတ်အခြေအနေက
လုံးဝကိုကြည်လင်နေပါသည်။
သူတို့ပတ်ဝန်းကျင်က အရာရာတိုင်းကို
ရှင်းရှင်းလင်းလင်း သိနိုင်ပါသည်။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်ပါသည်
"အစ်ကိုကြီးယွမ် နဲ့ တခြားသူတွေ
အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်"

အန်နန်ကျင်းက “သူတို့...” ဟုသာ
လေးနက်စွာ ပြောလိုက်သည်။

ယန်ယဲ့က အန်နန်ကျင်းကိုစိုက်ကြည့်ရင်း
တိုးတိုးလေးပြောခဲ့သည်
“မူလမျိုးနွယ်က ဒီလောကမှာ
ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို
ကောင်းကောင်းသိနေတာသေချာတယ်။
ဒါ့ကြောင့် အင်မော်တယ်မျိုးနွယ်နဲ့

ငါတို့စကြာဝဠာကြားက
တိုက်ပွဲဖြစ်နေတဲ့အချိန်မှာ
သူတို့ရဲ့တပ်ဖွဲ့တွေကို
စေလွှတ်လိုက်တာပဲ။ ဒါ့ပြင်
မှုန်ဝါးဝါးပုံရိပ်ပြောခဲ့တဲ့စကားအရ
ငါတို့တွေကို
ဟိုဖက်ကမ်းမှာမကြိုဆိုလောက်ဘူး။
ဒီတော့...”

ယန်ယဲ့က တိုးတိုးလေးပြောလိုက်ပါသည်
"ဒါဆို သူတို့ သေသွားလောက်ပြီ
မဟုတ်လား"

အန်နန်ကျင်းက ဘာမှ ပြန်မပြောခဲ့ပေ။

ယန်ယဲ့က မော့ကြည့်လိုက်သည်။ သူ၏
အမြင်အာရုံအဆုံးထိ
လျှပ်စီးကြောင်းများနှင့်
အဖြူရောင်အလင်းရောင်များသာ

ပြည့်နှက်နေသေးသည်။

ပေါ်တယ်စနစ်၏

အဆုံးကို လုံးဝ မမြင်နိုင်ပါ။

ဤအချိန်တွင် အန်နန်ကျင်း က

ရုတ်တရက်ပြောခဲ့သည်

“တခြားစကြာဝဠာက

ဘယ်လိုမျိုးလဲဆိုတာ ငါ သိချင်နေတယ်”

ယန်ယဲ့က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “မသိဘူး၊

ဒါပေမဲ့ မကြာခင်မှာ ငါတို့

သိလာလိမ့်မယ်”

ထိုကဲ့သို့ပင်၊

ရက်အနည်းငယ်ခန့်ကြာသွားပြီးနောက်

သူတို့၏ အမြင်အာရုံထဲတွင်

အရာအားလုံးသည်

ပုံမှန်မြင်နေကျအတိုင်းဖြစ်လာသည်။

အဖြူရောင်အလင်းများနှင့်
လျှပ်စီးကြောင်းများသည် တဖြည်းဖြည်း
ရှားပါးလာပြီး
ကြယ်တာရာအမှုန်အမွှားများဖြင့်
အစားထိုးလာကြသည်။

သေချာသည်မှာ သူတို့နှစ်ယောက်လုံး
အခြားတစ်ဖက်ကမ်းကို
ရောက်တော့မည်မှန်းသိလိုက်ကြသည်။

ယန်ယဲ့ သည် ဤအချိန်တစ်လျှောက်လုံး

အရှူးတစ်ယောက်လိုမျိုး

သူ၏ဒဏ်ရာများကို

အဆက်မပြတ်ကုသခဲ့သည်။

မူလခရမ်းရောင်စွမ်းအင်၏

အကူအညီဖြင့်

သူရခဲ့သောဒဏ်ရာများအားလုံး

ပျောက်ကင်းသွားခဲ့ပါပြီ။ သို့သော် သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ဓားစိတ်ဆန္ဒကိုတော့ ပြန်မယူနိုင်သေးပါ။

သူ့အနေဖြင့် အချိန်တစ်ခုထိ

စောင့်ဆိုင်းရုံသာရှိသည်။

။

ထို့အပြင် လက်ရှိသူက

ကျင့်ကြံမှုအဆင့်ကို

အဓိကအာရုံစိုက်ထားလေသည်။

အကြောင်းမှာ ယခင်တိုက်ပွဲအပြီးတွင်
သူ၏ကျင့်ကြံမှုအဆင့်က
ဖန်ဆင်းရှင်အဆင့်
သို့တက်လှမ်းခါနီးနေကြောင်း
ခံစားမိလို့ပါ။

ထိုနောက်ဆုံးအဆင့်ကို
လှမ်းလိုက်နိုင်သရွေ့ သူ၏ခွန်အားက
သေချာပေါက်မြင့်တက်သွားပေမည်။

ဤအချိန်တွင် အန်နန်ကျင်း က
"ဟိုမှာကြည့်လိုက်..."

ယန်ယဲ့ သည် မော့ကြည့်လိုက်ရာ
သူ့အမြင်အာရုံအဆုံးတွင် ပုံရိပ်နှစ်ခုကို
လှမ်းမြင်လိုက်ရသည်။

အဲဒီမှာ လူတွေရှိတယ်. ..

ထို့အပြင် ထိုလူနှစ်ယောက်က
သူတို့ရှိရာကို  အပြေးအလွှား
လာနေကြသည်။

အချိန် သိပ်မကြာလိုက်ပေ၊ ယန်ယဲ့နှင့်
အန်နန်ကျင်း တို့ရှေ့ကို
ရောက်လာကြတော့သည်။
သက်လတ်ပိုင်းအမျိုးသား
နှစ်ယောက်ပင်။ သူတို့က
သိပ်ပြီးသန်မာတာမျိုးမဟုတ်သော်လည်း

အားမနည်းကြပေ။ နှစ်ယောက်လုံး

ပညာရှင်များဖြစ်ကြသည်။

သို့သော် သူတို့၏အော်ရာများက

နက်ရှိုင်းလှသည်။ သေချာသည်မှာ

ကိုယ်တိုင် အပြင်းအထန်ကြိုးစားပြီး

ပညာရှင်အဆင့်ကို တက်လှမ်းခဲ့သော

ကျင့်ကြံသူများပင်ဖြစ်သည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးက

ရုတ်တရက် ရပ်တန့်ကာ

သူတို့နှစ်ယောက်ကို စိုက်ကြည့်နေရင်း

“မင်းတို့နှစ်ယောက်လုံး

စကြဝဠာကြီးထဲက လာတာလား"

နှစ်ယောက်စလုံး

ခေါင်းညိတ်လိုက်သည်။

"သိပ်ကိုကောင်းတယ်..."

သက်လတ်ပိုင်းအမျိုးသားက “ဒါဆို မင်းတို့က ယန်ယွဲ့ကို သိသလား” ဟု ထပ်မေးသည်။

ယန်ယွဲ့ လား...

ယန်ယွဲ့နှင့် အန်နန်ကျင်း တို့လည်း အံ့အားသင့်သွားသည်။ ယန်ယွဲ့က သက်လတ်ပိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး "ယန်ယဲ့ကို
သိနေတာလား"

သက်လတ်ပိုင်းအမျိုးသားက
အနည်းငယ် မျက်မှောင်ကြုတ်ကာ
“ငါမေးတာပဲ မင်းဖြေရမယ်။
နားလည်လား"

ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်သည်။ ဒီအချိန်မှာ အန်နန်ကျင်းက "ယန်ယွဲ့ကို ဘာလို့ရှာနေတာလဲ"

သက်လတ်ပိုင်းအမျိုးသားက အန်နန်ကျင်းကို စူးစိုက်ကြည့်ကာ “မင်းကို စကားပြောခွင့်ပေးခဲ့သလား”

အန်နန်ကျင်းက အနည်းငယ် မျက်မှောင်ကြုတ်ကာ

ညာလက်ကိုအနည်းငယ်လှုပ်လိုက်သည်။
လှံတစ်ချောင်းက လေထုကို
တစ်စစီဆုတ်ဖြဲသွားသည်။

သက်လတ်ပိုင်းအမျိုးသား၏အမူအရာ
သည် ပြောင်းလဲသွားသည်။
သူ့လက်ကိုလှုပ်လိုက်သည်နှင့်
လက်ထဲမှာ လှံတစ်ချောင်းပေါ်လာသည်။
ထို့နောက် ဒေါသမီးတောက်လှံကို
ပင့်ထိုးလိုက်လေသည်။

ဘမ်း...

ဒေါသမီးတောက်လုံက
သက်လတ်ပိုင်းအမျိုးသား၏ လုံကို
ဖျက်ဆီးပစ်လိုက်ပြီးနောက်
သူ၏ရင်ဘတ်ကို
ချက်ချင်းဖောက်ဝင်သွားသည်။

ဆူး...

သက်လတ်ပိုင်းအမျိုးသား၏

ခန္ဓာကိုယ်က

ချက်ချင်းပင် တောင့်တင်းသွားသည်။

ယန်ယဲ့က အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်သည်။

"ဒီမိန်းကလေးက

ဒေါသကိုတကယ်မထိန်းနိုင်ဘူးပဲ"

“မင်း…” ဤအချိန်တွင်
အခြားသက်လတ်ပိုင်းအမျိုးသားက
အန်နန်ကျင်းကို အံ့သြစွာ
စိုက်ကြည့်နေသည်။
ဤအခိုက်အတန့်တွင် သူသည်
အတော်လေးထိတ်လန့်သွားပုံရသည်။

တစ်ချက်တည်းနဲ့
သတ်ပစ်လိုက်တာလား။

သူ့ရှေ့ရှိ အမျိုးသမီးငယ်က

ပညာရှင်တစ်ပါးကို တစ်ချက်တည်းနဲ့

သတ်ပစ်လိုက်သည်။ ထို့ကြောင့်ပင်

သူက ထွက်မပြေးတော့တာပါ။

သူ့ခွန်အားဖြင့် မလွတ်မြောက်နိုင်မှန်း

သိထားလို့ပါ။

အန်နန်ကျင်းက ငေးကြောင်နေသော

သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ကာ "ပြောစမ်း။ ယန်ယဲ့ကို ဘာလို့ ရှာနေတာလဲ"

ယန်ယဲ့ လည်း သိချင်စိတ်များဖြင့် ထိုလူကို စူးစိုက်ကြည့်နေသည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့နှင့် အန်နန်ကျင်း တို့အား တစ်ချက်ကြည့်လိုက်ပြီး “သူ့လက်ထဲမှာ

ငါ့မူလမျိုးနွယ်ရဲ့ ရတနာတွေရှိတယ်” ဟု တိုးတိုးလေးပြောလိုက်ပါသည်။

"မင်းတို့ မူလမျိုးနွယ်ရဲ့ ရတနာတွေလား" ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "ဘာဖြစ်နေတာလဲ။ ယန်ယဲ့က မင်းတို့မူလမျိုးနွယ်ရဲ့ ရတနာတွေကို ဘယ်တုန်းက လုယက်ထားတာလဲ”

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့ကို စိုက်ကြည့်ကာ တိတ်ဆိတ်နေ၏။

အန်နန်ကျင်း က ရုတ်တရက် အေးစက်စက်နဲ့ "နင်သေချင်လား"

သက်လတ်ပိုင်းအမျိုးသားက အန်နန်ကျင်းကို အနည်းငယ် ကြောက်ရွံ့သော မျက်လုံးများဖြင့် စိုက်ကြည့်ကာ

"သဘာဝတရားရဲ့မူလစေတီ၊

ကံကြမ္မာဗောဓိပင်၊

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်..."

အန်နန်ကျင်း၏မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားပြီး "သူ့မှာ

ဒီရတနာတွေ ရှိတယ်ဆိုတာ

ဘယ်လိုသိတာလဲ"

သက်လတ်ပိုင်းအမျိုးသားက

"အထက်က အကြီးအကဲတွေ

ပြောကြတာပဲ” ဟု ပြန်ဖြေသည်။

အန်နန်ကျင်း က “ဒါနဲ့ သူတို့

ဘယ်လိုသိလဲ” ဟု ထပ်မေးပါသည်။

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါပြီး “အဲဒါငါမသိဘူး”

အန်နန်ကျင်း က ထပ်မေးချင်သော်လည်း ယန်ယွဲ့က ခေါင်းခါလိုက်ပြီး "သူတို့ ဘယ်လိုသိသွားလဲဆိုတာ ငါသိတယ်"

ထို့နောက် အန်နန်ကျင်းကို အသံလှိုင်းဖြင့်ဆက်ပြောလိုက်သည် “ငါ မူလတိုက်ကြီးကိုသွားပြီးတော့ သံသရာမီးလျှံကိုယူလာတယ်။ အဲဒီမှာ မူလမျိုးနွယ်က တစ်စုံတစ်ယောက်နဲ့ တွေ့ခဲ့သေးတယ်။ သူက ငါ့မှာ မူလစေတီ၊

ဗောဓိပင်နဲ့ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

ရှိနေတာကို မြင်တယ်"

အန်နန်ကျင်းက နောက်တစ်ကြိမ်

မျက်မှောင်ကြုတ်လိုက်သည်။

ဤအတိုင်းဆိုရင်တော့

မူလစကြာဝဠာသို့မရောက်ခင်မှာပဲ

ယန်ယဲ့အတွက်

ကပ်ဘေးကျပြီဖြစ်သည်။ ထို့အပြင်

ထိုနေရာသို့ရောက်သွားသည်နှင့် ပို၍ပင်ပြဿနာရှိလာနိုင်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က ထိုလူကိုစိုက်ကြည့်ကာ ရုတ်တရက်မေးလိုက်သည်

"အင်မော်တယ်မျိုးနွယ်အကြောင်းမင်းသိလား"

သက်လတ်ပိုင်းအမျိုးသား က

ခေါင်းညိတ်ပြသည် “ငါတို့သိတယ်”

ယန်ယဲ့က "မူလမျိုးနွယ်ရဲ့

ပညာရှင်တွေက

အင်မော်တယ်မျိုးနွယ်ကို ဖျက်ဆီးဖို့

လာနေပြီမဟုတ်လား"

သက်လတ်ပိုင်းအမျိုးသားက ခဏတာ

တုံ့ဆိုင်းသွားပြီး

“အင်မော်တယ်မျိုးနွယ်အတွက်တင်မဟုတ်ဘူး၊ ယန်ယဲ့အတွက်ပါရောက်လာတာ” ဟု ပြောပါသည်။

"ယန်ယဲ့ အတွက်လည်း ရောက်လာတာလား။ ဘာ့ကြောင့်လဲ" ယန်ယဲ့က အံ့သြသွားပြီး "မင်းရဲ့ မူလမျိုးနွယ်က သူ့ကို ကြောက်နေတာလား"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါပြပြီး "ဟုတ်ပါတယ်။ ဒါပေမဲ့

ငါတို့က သူပိုင်ဆိုင်တဲ့

နတ်ရတနာသုံးပါးကို ကြောက်နေတာပါ။

အထူးသဖြင့်တော့

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ပဲ။

တကယ်တော့

ငါ့မူလမျိုးနွယ်တင်မဟုတ်ဘူး၊

မဟာဂိုဏ်းကြီး ၃ ဂိုဏ်းနဲ့ မျိုးနွယ်စုကြီး

၆ ခုပါ ဒါကိုသတိထားမိတယ်။ သူတို့ရဲ့ တပ်ဖွဲ့တွေလည်း အခုလောက်ဆို ထွက်လာကြလောက်ပြီ”

ယန်ယဲ့ က စိတ်ထဲတွင် တော်တော်လေးတုန်လှုပ်သွားမိသည်။

"မူလမျိုးနွယ်က မင်းတို့နှစ်ယောက်ကို လွှတ်လိုက်တာလား" အန်နန်ကျင်းက ရုတ်တရက် ပြောလိုက်သည် "

ရိုးရိုးသားသား ပြောခွင့်ပြုပါ။ နင်တို့နှစ်ယောက်ဆိုရင်တော့ အရမ်းအားနည်းတယ်"

သက်လတ်ပိုင်းအမျိုးသား၏မျက်နှာက မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

ဒီမိန်းကလေးက လူတွေကို နည်းနည်းလေး ထောက်ထားပြီး မပြောတတ်တာများလား... ။

သက်လတ်ပိုင်းအမျိုးသား

ဒေါသတော်တော်ထွက်နေနေသော်လည်း

ဘာမှပြန်မပြောရဲပေ။ သူက

အန်နန်ကျင်းကို  တစ်ချက်ကြည့်လိုက်ပြီး

" ငါတို့က ရှေ့ပြေးအနေနဲ့ပဲ

အရင်ဆုံးလာခဲ့တာ။

အချက်အလက်တချို့ကို

စုဆောင်းထားပေမယ့် ငါတို့

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး…”

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်

"မင်းတို့ မူလမျိုးနွယ်ရဲ့ ဘိုးဘေးတွေက အရမ်းသန်မာလား"

သက်လတ်ပိုင်းအမျိုးသားက မျက်နှာပေါ်တွင် မောက်မာဟန်အပြည့်ဖြင့် “ဟုတ်ပါတယ်၊ ငါတို့ဘိုးဘေးက မူလတာအိုအထွတ်အထိပ်အဆင့်

ပညာရှင်ပဲ။ မူလတာအိုအဆင့် ဆိုတာ

ကြားဖူးသလား။

မင်းတို့ကြည့်ရတာမသိလောက်ပါဘူး။

မင်းတို့နေတဲ့ စကြာဝဠာမှာ ဒီလိုမျိုး

ပညာရှင်တွေ ရှိမှမရှိတာ။

မူလတာအိုအဆင့် ရှိတယ်ဆိုတာ

မင်းတို့သိမှာမဟုတ်လောက်ဘူး"

ယန်ယဲ့နှင့် အန်နန်ကျင်း

တို့နှစ်ယောက်စလုံး

အကြည့်ချင်းဖလှယ်လိုက်သည်။ ယန်ယဲ့က "မင်းတို့မှာ ဖန်ဆင်းရှင်တွေ အများကြီးရှိသလား။ မင်းရဲ့ မူလမျိုးနွယ်မှာ ဖန်ဆင်းရှင် ဘယ်လောက်များများရှိလဲ"

သက်လတ်ပိုင်းအမျိုးသား၏ မျက်လုံးများထဲမှတဆင့် သတိထားဟန်များပေါ်လာပြီး “ဘာလို့ ဒါတွေမေးနေတာလဲ”

ဤအချိန်တွင် အန်နန်ကျင်း၏လက်ထဲမှ

ဒေါသမီးတောက်လုံက

ရုတ်တရက်တုန်ခါသွားလေရာ ထိုလူ၏

အမူအရာသည် ပြောင်းလဲသွားခဲ့သည်။

သူက ခဏလောက် တုံ့ဆိုင်းသွားပြီး

“အရေအတွက်အတိအကျတော့

မသိဘူး။ ဒါပေမဲ့

တစ်ဒါဇင်ကျော်လောက် ရှိသင့်တယ်”

ဖန်ဆင်းရှင် တစ်ဒါဇင်ကျော်လား...

ယန်ယဲ့က သက်သာရာရသွားသည်။

ဤအခိုက်အတန့်တွင် သူသည်

မူလမျိုးနွယ်၏အင်အားကို

အကြမ်းဖျင်းနားလည်ခဲ့သည်။

မူလမျိုးနွယ်တွင် ဖန်ဆင်းရှင် နှင့်

မူလတာအိုသခင် အများအပြားမရှိပေ။

အတိအကျပြောရလျှင်

မူလမျိုးနွယ်သည်

အင်မော်တယ်မျိုးနွယ်ထက်

အများကြီးအားကောင်းနေတာမျိုးမဟု

တ်ပါ။ ထို့အပြင်

အင်မော်တယ်မျိုးနွယ်သာ နဂိုအတိုင်း

ရှိနေလျှင် မူလမျိုးနွယ်တောင်မှ

သူတို့ထက် အားနည်းသွားနိုင်သည်။

ဤအချိန်တွင် သက်လတ်ပိုင်းအမျိုးသား
က အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲ၍ အဝေးသို့
ထွက်ပြေးသွားခဲ့သည်။

အန်နန်ကျင်းက
တိုက်ခိုက်တော့မည်ဖြစ်သော်လည်း
ပြင်းထန်သောအော်ရာတစ်ခု
ပျံ့လွင့်လာသည်။ တစ်ချိန်တည်းမှာပင်
အာကာသလျှောက်လမ်းတစ်ခုလုံးသည်

ဖိအားကြောင့်

မတည်မငြိမ်ဖြစ်သွားသည်။

ခဏအကြာတွင် သူတို့ရှေ့မှာ လူတစ်ဦး

ပေါ်လာသည်။

ထိုလူကိုမြင်သောအခါ

ယန်ယဲ့၏အမူအရာက

ပြောင်းလဲသွားသည်။

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၄၂ - ဘ၀တွင်

အခက်ခဲဆုံးအရာ၊ ရှင်သန်ခြင်း

ယန်ယဲ့ သည် ထိုလူနှင့်တွေ့ဆုံဖူး၏။

ထိုနေ့က မူလတိုက်ကြီးတွင် တွေ့ဖူးသော မူလမျိုးနွယ်ဝင်ဖြစ်သည်။ ၎င်းသည် သူ့ထံမှ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်အကြောင်းပါ ထုတ်ပြောခဲ့သူဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့သည် သတိအပြည့်ရှိလာသည်။

သူ့ရှေ့ရှိလူက သူ၏ခွန်အားကို ကောင်းကောင်းသိထားသည်မဟုတ်ပါလား။

ထိုလူက ယန်ယဲ့ကို စိုက်ကြည့်နေရင်း မျက်လုံးထဲကနေ လောဘအရိပ်အယောင်များ တောက်ပလာသည်။

သို့သော် စကားမပြောဖြစ်ကြသေး၊ ဤနေရာတွင် အငွေ့အသက်များက အတော်လေးပြင်းထန်လှသည်။

ခဏအကြာတွင် ထိုလူက “ဒီမှာ မင်းနဲ့တွေ့ဖို့ ငါမမျှော်လင့်ထားဘူး” ဟုပြောလိုက်သည်။

ယန်ယဲ့က "ငါထင်တာမမှားရင်

မင်းငါ့ကိုရှာဖို့

ဒီကိုရောက်နေတာမဟျု်လား"

“မင်းမှန်ပါတယ်” ထိုလူက

ဖုံးကွယ်မထားဘဲ ခေါင်းညိတ်ကာ

“ရိုးရိုးသားသား ဝန်ခံပါရစေ။

ကံကြမ္မာဗောဓိပင်၊ မူလစေတီနဲ့

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်က

ငါ့မူလမျိုးနွယ်အပိုင်တွေပဲ။ ဒါဆို မင်း

သူတို့ကို ပြန်ပေးနိုင်မလား"

သူတို့ကို ပြန်ပေးရမလား...

ယန်ယွဲ့က တဟားဟား ရယ်မောလိုက်ပြီး

"ငါ့အသိအရ

အဲဒီနတ်ရတနာသုံးပါးလုံးက

မူလမျိုးနွယ်နဲ့

မသက်ဆိုင်ဘူးမဟုတ်လား"

ထိုလူက မျက်လုံးများ
အနည်းငယ်မှိတ်သွားကာ "ဒါဆို မင်းက
ဒါတွေကို အတင်း ထိန်ချုပ်ထားဖို့
ကြံနေတာလား"

ယန်ယွဲ့က ထိုလူကို
တည့်တည့်စိုက်ကြည့်ကာ
"ငါလည်းမေးပါဦးမယ်။ မင်း သူတို့ကို
အတင်းလုယက်ဖို့ စီစဉ်နေတာလား"

ထိုလူက လစ်လျူရှုကာ “သူတို့ကို

ပြန်ပေးဖို့ အကြံပေးချင်တယ်။

မဟုတ်ရင် မင်းတို့ နှစ်ယောက်စလုံး

ဒီလမ်းက ထွက်သွားနိုင်မှာ မဟုတ်ဘူး”

သို့သော်လည်း

သူပြန်ရလိုက်သည်မှာကား…

ဓားအသွား ရှတ်တရက် မြည်လာပြီးနောက်

ဓားအလင်းတန်းတစ်ခုက

ထိုလူ၏ခေါင်းပေါ်သို့

တည့်တည့်ဆင်းသက်လာသည်။

ဘမ်း..

သူသည် ခုခံလိုက်နိုင်ခြင်းမရှိပေ၊

ချက်ချင်းပင် အဝေးသို့

လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

လက်နှစ်ဖက်လုံး ကွဲထွက်သွားသည်။

ယခုလေးတင်

သူ၏လက်နှစ်ဖက်ကိုသုံးပြီး

ယန်ယွဲ့၏ဓားစွမ်းအင်ကို

ခုခံလိုက်တာကြောင့်ပါ။

ဤအချိန်တွင် ယန်ယွဲ့သည် ရှေ့သို့

ခြေတစ်လှမ်းတိုးကာ

ထိုလူ၏မျက်လုံးများကို
တည့်တည့်စိုက်ကြည့်ပြီး "မင်းငါ့ကို
ခြိမ်းခြောက်နေတာလား"

ထိုလူ၏မျက်လုံးများသည်
အနည်းငယ်မှေးကျဉ်းသွားကာ "ယန်ယဲ့၊
မင်းက မောက်မာတယ်၊
မာနထောင်လွှားနေတာ ငါသိပါတယ်။
ဒါပေမဲ့ မင်းသာ ဒါတွေကို ပြန်မအပ်ရင်
ဒီမှာပဲသေသွားလိမ့်မယ်။

မင်းတင်မကဘူး၊ မင်းနဲ့အတူ
လိုက်လာတဲ့သူတွေတောင်
အကုန်အသတ်ခံရလိမ့်မယ်...”

ဒီအချိန်မှာ ယန်ယဲ့က နေရာမှာတင်
ဖျတ်ခနဲပျောက်ကွယ်သွားသည်။

ထိုခဏလေးအတွင်း ထိုလူ၏အထက်မှာ
ပေါ်လာပြီးနောက် သူ့ဓားဖြင့်
ပိုင်းချလိုက်သည်။

ဓားနယ်မြေ ။

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့် ယန်ယဲ့

သည် အာကာသလျှောက်လမ်းမှ

သီးခြားခွဲထွက်ကာ

ကိုယ်ပိုင်နယ်မြေတစ်ခုကိုထိန်းချုပ်ထား

လေသည်။

ထိုလူက ဤအချက်ကို
သတိပြုမိသောအခါ မျက်လုံးများ
ပြူးကျယ်လာပြီး “ဒါ.... ဒါ
မဖြစ်နိုင်ပါဘူး...”

ဆူး...

စကားပြောနေစဉ်မှာပဲ
သူ၏ခန္ဓာကိုယ်သည် ချက်ချင်းပင်
နှစ်ခြမ်းကွဲသွားသည်။

သေွးများနှင့် ကိုယ်တွင်းအင်္ဂါများ
မြေပြင်တစ်ခုလုံး
ပြန့်ကျဲသွားပါတော့သည်။

အန်နန်ကျင်း က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး “နင်...”

ယန်ယဲ့က သူ၏မျက်လုံးတွေကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ကျင်းအာ၊

ဒီလောကဟာ ရက်စက်လွန်းတယ်။

ကူကယ်ရာမဲ့မှုတွေ၊ အားကိုးရာမဲ့

အခြေအနေတွေနဲ့ ပြည့်နေတယ်။

အားနည်းရင် သေမယ်။ မင်းမှာ

ရတနာတွေရှိတယ်၊

မင်းအားနည်းနေတာဆိုရင်

တခြားသူတွေ မင်းကိုသတ်ပြီး

လုယက်လိမ့်မယ်။ တကယ်တော့

ငါအဖြစ်ချင်ဆုံးဆန္ဒဟာ ဘဝမှာ

ကိုယ်ချစ်ရတဲ့သူတွေနဲ့
ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ချင်တာလေးရ
ယ်ပါ။ ဒါပေမဲ့ ဒီလောကဟာ ငါ့ကို
ခွင့်မပြုဘူး။ ကျင်းအာ၊ မင်းသိလား...
ဒီအချိန်မှာ ဒီလောကမှာ
အခက်ခဲဆုံးအရာက
ရှင်သန်ခြင်းဆိုတာကို
ငါသတိထားမိတယ်။ ရှင်သန်ဖို့က
ခက်ခဲလွန်းတယ်”

အန်နန်ကျင်းက စကားမပြောဘဲ

တိတ်ဆိတ်နေခဲ့သည်။

လောကတွင် ရှင်သန်ခြင်းက

အခက်ခဲဆုံးအရာဖြစ်သည်။

သူ(ယန်ယွဲ့)သည်

ဆန်းကြယ်တိုက်ကြီးမှစတင်၍ လူပေါင်း

မည်မျှသေဆုံးခဲ့သနည်း။

များပြားလွန်းလှသည်၊ ယခုအခါ

စကြာဝဠာကြီးတစ်ခုလုံးသည်
ပျက်သုဉ်းသွားခဲ့ပြီဖြစ်သည်။ ထို့အတူ
မရေမတွက်နိုင်သော သက်ရှိသတ္တဝါများ
ပျောက်ကွယ်သွားခဲ့လေပြီ။

သေချာသည်မှာ လောကတွင်
ရှင်သန်ခြင်းသည်
အခက်ခဲဆုံးသောအရာဖြစ်သည်။

ဤအတောအတွင်း ယန်ယွဲ့က
အသက်ပြင်းပြင်းရှူရင်း “အဲဒါကို
ငါသိသွားပြီ။ ဒီလောကမှာ နေချင်တယ်၊
အားလုံးကိုလည်း
အန္တရာယ်ကင်းစေချင်တယ်။ ဒါဆို
ဘာလုပ်ရမလဲဆိုတော့
ငါတို့ကိုသတ်ဖို့ကြိုးစားတဲ့သူတိုင်းကို
ငါအကုန်သတ်ပစ်ရမယ်"

ထိုစကားပြောပြီးသည်နှင့်

အန်နန်ကျင်း၏လက်ကို ဆွဲကာ အဝေးသို့

ပျောက်ကွယ်သွားခဲ့သည်။

လောကသုံးပါးစကြာဝဠာကြီး ....။

ဤအချိန်တွင် စကြဝဠာကြီးသည်

သေဆုံးခြင်းအငွေ့အသက်များ

ပျံ့လွင့်လျက် မြင်နိုင်သောအရှိန်ဖြင့်

လျင်မြန်စွာ သေဆုံးလာခဲ့သည်။

သို့သော်လည်း ပျက်သုဉ်းနေသော
စကြာဝဠာအထက် အာကာသထဲ၌
ထူးခြားဆန်းကြယ်သောပညာရှင်နှစ်ဦး
တိုက်ခိုက်နေကြသည်။

အခြားမဟုတ်ပေ၊ တျန်းရှူ နှင့်
အင်မော်တယ်ဘိုးဘေး ဖုန့်ရီဟာန်
တို့ပင်ဖြစ်သည်။

သူတို့နှစ်ယောက်ဟာ ဤလောကတွင်
နောက်ဆုံး အသက်ရှင်နေခဲ့သူ
နှစ်ဦးဖြစ်သည်ဟု ဆိုနိုင်သည်။

မဟုတ်ပါ၊ အခြားတစ်ယောက်လည်း
ရှိနေခဲ့သည်။

မှုန်ဝါးဝါးပုံရိပ်တစ်ခုက
အောက်ဖက်တစ်နေရာတွင်
တိတ်တိတ်ဆိတ်ဆိတ် ရပ်နေသည်။

သူသည် အထက်အာကာသထဲမှ
တိုက်ပွဲမြေပြင်ကို တိတ်ဆိတ်စွာ
စောင့်ကြည့်နေခဲ့သည်။

၎င်းသည် မူလမျိုးနွယ်မှ
စေလွှတ်လိုက်သော
အထောက်တော်ပင်ဖြစ်သည်။

အမှန်တော့ သူသည်
ပြန်ထွက်သွားချင်နေပြီဖြစ်သည်။

သို့ရာတွင် ထွက်မသွားရဲပေ။ အခုနေ
ထွက်သွားပါက
အပေါ်ဖက်တွင်တိုက်ခိုက်နေသောပညာရှ
င်နှစ်ဦးက
သူ့အားသတ်ပစ်မှာသေချာပါသည်။

တချန်းရှူ နှင့် အင်မော်တယ်ဘိုးဘေး
တို့နှစ်ယောက်စလုံးကလည်း
မှုန်ဝါးဝါးပုံရိပ်ကို

ထွက်ခွာခွင့်မပြုခဲ့ပေ။ အကြောင်းမှာ

ထိုလူ ထွက်သွားပြီးနောက် ယန်ယဲ့

သို့မဟုတ် တုကူးသွဲ့ရှန် တို့အဖွဲ့ကို

ဖမ်းမိသွားပါက အကုန်လုံး

မသာပေါ်သွားနိုင်လေသည်။

ထို့ကြောင့်၊ နှစ်ယောက်သား

တိုက်ခိုက်နေသော်လည်း

မှုန်ဝါးဝါးပုံရိပ်က အမြဲမပြတ်

အာရုံစိုက်ထားခဲ့ကြသည်။

မှုန်ဝါးဝါးပုံရိပ် ကလည်း အခြေအနေကို

သတိပြုမိသောကြောင့်

ထွက်မသွားရဲပေ။

သူတတ်နိုင်တာက တိုက်ပွဲရလာဒ်ကို

အဆုံးအဖြတ်ပေးသည့်အချိန်အထိ

စောင့်ဆိုင်းရုံသာ။

အချိန်အတော်ကြာပြီးနောက်

မှုန်ဝါးဝါးပုံရိပ်၏နံဘေးတွင်

ဆံပင်ဖြူအဘိုးကြီးတစ်ဦး ရုတ်တရက်ပေါ်လာသည်။ အဘိုးကြီးက မှုန်ဝါးဝါးပုံရိပ်ကို ငုံ့ကြည့်ကာ "မူလမျိုးနွယ်ရဲ့ တမန်တော် လင်းရှု..."

သူ့အသံက အနည်းငယ်လေးနက်သော အရိပ်အယောင်ကို သယ်ဆောင်လာသည်။

မှုန်ဝါးဝါးပုံရိပ် တစ်ဖြစ်လည်း လင်းရှုက

အဘိုးအိုကြီးကို

တစ်ချက်သာကြည့်လိုက်ပြီး

တိတ်ဆိတ်နေခဲ့သည်။

အဘိုးကြီးက “မူလမျိုးနွယ်က မင်းကို

စေလွှတ်ဖို့ ငါ မမျှော်လင့်ထားဘူး”

လင်းရှူက ရုတ်တရက်

"သိုင်းနတ်ဘုရားဂိုဏ်းရဲ့

မဟာအကြီးအကဲ က သူကိုယ်တိုင်

ရောက်လာမယ်လို့

ငါတောင်မမျှော်လင့်ထားဘူး"

ဟုပြန်ပြောပါသည်။

ဆံပင်ဖြူအဘိုးကြီးက ရယ်မောရင်း

“ငါတို့ သဘောတူညီချက်

ရပြီးကတည်းက သဘာဝအတိုင်း ငါ့ရဲ့

သိုင်းနတ်ဘုရားဂိုဏ်းက အကောင်းဆုံး

လုပ်ရမယ်။ ဒါပေမဲ့

ငါတို့ဘာမှမလုပ်နိုင်ခင်မှာပဲ

ဒီစကြဝဠာကြီး သေဆုံးသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး”

လင်းရှူ က လစ်လျူရှုလိုက်ပြီး "မင်းရဲ့ ရည်ရွယ်ချက်က ဒီနတ်ရတနာတွေ ဟုတ်ရဲ့လား၊ မဟာအကြီးအကဲဝူလီ... "

ဆံပင်ဖြူအဘိုးကြီး၏ မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားကာ "မင်းလည်း အတူတူပဲ မဟုတ်လား"

လင်းရှု က အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီး "မင်းစိတ်ပျက်သွားမှာကို ငါစိုးရိမ်တယ်။ အဲဒီလူက ဒီနေရာက ထွက်သွားပြီ"

ဆံပင်ဖြူအဘိုးကြီးက

မျက်မှောင်ကြုတ်ကာ “မင်း သူ့နောက်ကို

လိုက်မသွားဘူးလား”

လင်းရှူ က အပေါ်ဖက်ရှိ တိုက်ပွဲကို

လက်ညှိုးထိုးပြပြီး "ငါ မလုပ်နိုင်ဘူး"

မဟာအကြီးအကဲဝူလီ လည်း

မော့ကြည့်လိုက်ပြီး သူ့မျက်နှာပေါ်တွင်

လေးနက်သောအမူအရာတစ်ခု

ပေါ်လာလေသည်။သူက "သူတို့က

တကယ်ကို

သန်မာတယ်"ဟုပြောလိုက်ပါသည်။

သူ့အသံက လေးနက်မှုအပြည့်နဲ့ပါ။

ဤအချိန်တွင် သူတို့ရှေ့ရှိ အာကာသည်

ရုတ်တရက် တုန်လှုပ်သွားပြီး အထဲမှ

အဖြူရောင်ပုံရိပ်လေးတစ်ခု

ထွက်လာသည်။

ရောက်လာသူမှာ

အမျိုးသမီးတစ်ဦးဖြစ်ခဲ့သည်။

ကံမကောင်းစွာပဲ၊

သူမ၏ကျင့်ကြံမှုအဆင့်ကို

ထွင်းဖောက်မမြင်နိုင်ပါ။ သို့သော်လည်း

သူမ၏ခန္ဓာကိုယ်သွင်ပြင်အနေအထား၊

မျက်နှာသွင်ပြင်က နူးညံ့ပျော့ပြောင်းကာ

လှပလွန်းပေသည်။

"အဖြူရောင်ကေရာဇ်မြို့တော်ရဲ့
ကေရီဖြူ" အဘိုးကြီးက “မင်းလည်း
ရောက်လာဖို့ ငါ မမျှော်လင့်ထားဘူး” ဟု
လေးနက်စွာ ပြောလိုက်ပါသည်။
တမူထူးခြားသည်မှာ သူ့အသံတွင်
လေးနက်မှုနှင့် ကြောက်ရွံ့မှုများ
ပြည့်နှက်နေသည်။

လင်းရှူ က ရုတ်တရက် မေးလိုက်သည်

"မင်းလည်း

ဒီနတ်ရုတနာသုံးပါးအတွက်လား"

အမျိုးသမီးက "မရဘူးလား" ဟု

ဂရုမစိုက်ဘဲ ပြန်ပြောသည်။

လင်းရှူ က "သူတို့က

ငါ့မူလမျိုးနွယ်ရဲ့အပိုင်တွေပဲ"

ကေရီအဖြူက “ငါ့လက်ထဲမှာရှိရင် အဲဒါ ငါ့ဥစ္စာပဲ” ဟုသာ ပြန်ဖြေသည်။

လင်းရှူက မျက်နှာပျက်သွားပြီး "ကေရီအဖြူ၊ ဒါက ဘာအဓိပ္ပာယ်လဲ"

အမျိုးသမီးက လင်းရှူကို ရုတ်တရက် လှည့်ကြည့်လိုက်ရင်း "နင်ငါ့ကို ပြောပိုင်ခွင့်မရှိဘူး။ ဒါဆို ဖယ်လိုက်...”

ဆူး...

လင်းရှူ အနားရှိ အာကာသသည်
ရုတ်တရက် ပွင့်ထွက်သွားသည်။
ထိုနေရာမှ ပြင်းထန်သောစွမ်းအင်များ
အဆက်မပြတ် ထွက်လာသည်။

"တိုက်ခိုက်ချင်တာလား" အမျိုးသမီးက
“လင်းရှူ၊ မူလတာအိုသခင်
ဖြစ်သွားပြီဆိုတော့ နင့်ကိုယ်နင်

အရမ်းယုံကြည်မှုရှိနေသလိုပဲ။
ကောင်းပြီ၊ နင်သာ ရှေ့တစ်လှမ်းတိုးရဲရင်
ငါသတ်ပစ်မယ်။ နင့်ရဲ့မူလမျိုးနွယ်က
မူလတာအိုသခင်တစ်ပါး
အဆုံးရှုံးခံနိုင်မလားဆိုတာ
ကြည့်ရအောင်"

လင်းရှူ က ခဏမျှ နှုတ်ဆိတ်သွားပြီး
"ကြီးမြတ်တဲ့ ကေရီအဖွဲ့၊
ဒီနိမ့်ကျတဲ့လူက

မင်းကို ဘယ်လိုတိုက်ခိုက်ရဲမှာလဲ။
ကျေးဇူးပြုလို့ မင်းကြိုက်သလိုလုပ်ပါ။
နှုတ်ဆက်ပါတယ်”

စကားပြောပြီးနောက် ထွက်သွားရန်
ပြင်လိုက်၏။

သို့သော် ဤအချိန်တွင်
ကြောက်မက်ဖွယ်ကောင်းသော

အရှိန်အဝါနှစ်ခုက လင်းရှူကို

ဖုံးလွှမ်းသွားသည်။

၎င်းသည် တချန်းရှူ နှင့်

အင်မော်တယ်ဘိုးဘေး တို့ပင်ဖြစ်သည်။

လင်းရှူ၏မျက်နှာက

ကြည့်မကောင်းတော့ပေ။ သို့သော်

သူသည် ထွက်မသွားရဲပေ။ နေရာမှာပင်

ရပ်နေခဲ့သည်။

ဤအတောအတွင်း ကေရီအဖြူက

အာကာသထဲသို့ မျှော်ကြည့်ကာ “ဒါဟာ

အတိတ်တစ်ချိန်တုန်းက

ဒဏ္ဍာရီလာဟင်းလင်းပြင်ဝိညာဉ်ကေရီပဲ

” ဟု တိုးတိုးလေးပြောလိုက်ပါသည်။

မဟာအကြီးကဲဝူလီ က "တကယ်ပဲ"

ဧကေရီအဖြူကြ တိုက်ပွဲကို

အချိန်အတော်ကြာ စောင့်ကြည့်ခဲ့သည်။

ထို့နောက် “သူမက ဂုဏ်သတင်းနဲ့

ထိုက်တန်ပါတယ်။

ငါဒီကိုဘာအတွက်နဲ့မှလာခဲ့တာမဟုတ်

ဘူး။ ကံမကောင်းစွာပဲ၊ သူမက

သူမအတွက် အဓိကမဟုတ်ဘူး။

သနားစရာပဲ"

ထိုစကားပြောပြီးနောက် နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

မဟာအကြီးအကဲ ဝူလီ က တိုးတိုးလေးပြောလိုက်ပါသည် "သူမလို လူတစ်ယောက်တောင် ဒီလာဖို့ မမျှော်လင့်ထားဘူး"

“ဒီနတ်ရတနာသုံးပါးကို ဘယ်သူက မလိုချင်ဘဲနေမှာလဲ” လင်းရှူ က “ဒါပေမဲ့

သူမရဲ့ အဓိကရည်ရွယ်ချက်က
အဲဒီနတ်ရတနာသုံးပါးတင်မကဘူး”

မဟာအကြီးအကဲ ဝူလီ က "သူမက
ဟင်းလင်းပြင်ဝိညာဉ်ဧကရီ ကို ကြည့်ဖို့
လာခဲ့တာ။ ဧကရီအဖြူ က
ငါတို့စကြာဝဠာမှာ ရှားရှားပါးပါး
ညဏ်ကြီးရှင်တစ်ဦးပဲလေ။ သူမက
အမျိုးသမီးကျင့်ကြံသူတွေကြားထဲမှာ
လုံးဝကို ဒဏ္ဍာရီဆန်ဆန်ပဲ။

အခုချိန်မှာတော့

ဟင်းလင်းပြင်ဝိညာဉ်ကေရှီ

ပြန်ပေါ်လာပြီ။ ဒီတော့ သူမက

သဘာဝအတိုင်း ကြည့်ချင်နေခဲ့တယ်။

ကံမကောင်းစွာပဲ၊

ဟင်းလင်းပြင်ဝိညာဉ်ကေရှီ က

ပုံမှန်မဟုတ်ခဲ့ဘူး”

သူက လင်းရှု ကို စိုက်ကြည့်ကာ "လင်းရှု၊

မင်းရဲ့ မူလမျိုးနွယ်က

အဲဒီနတ်ရတနာတွေအားလုံးကို

အပိုင်စီးမထားနိုင်မှာ ငါစိုးရိမ်မိတယ်"

လင်းရှူက "ရလာဒ်ကို

မဆုံးဖြတ်ရသေးပါဘူး။

စောင့်ကြည့်ရအောင်"

မဟာအကြီးအကဲ ဝူလီ က ပြုံးပြီး “ဒါဆို

ငါတို့ စောင့်ကြည့်တာပေါ့။ ယန်ယဲ့က

ငါတို့စကြာဝဠာထဲမှာ

အခုရောက်နေပြီဆိုတော့
နှုတ်ဆက်ပါတယ်”

ထိုစကားပြောပြီးသည်နှင့် နေရာမှာတင်
ပျောက်သွားသည်။

မူလမျိုးနွယ်၏ လင်းရှူ
တစ်ယောက်တည်းသာ ဤနေရာတွင်
ကျန်ခဲ့သည်။

မှန်ပါသည်၊ သူသည်

ဟင်းလင်းပြင်ဝိညာဉ်ကေရီ နှင့်

အင်မော်တယ်ဘိုးဘေး တို့အား

မဆန့်ကျင်နိုင်သောကြောင့်

ထွက်မသွားရဲပေ။

...

ပေါ်တယ်စနစ်၏အဆုံးတွင်
လူတစ်စုသည် ရှုးသွပ်စွာ ရှေ့သို့
ပြေးနေကြသည်။

ထိုလူစုက အကြီးအကဲယွမ်
တို့အဖွဲ့ပင်ဖြစ်သည်။

အကြီးအကဲယွမ် က ရုတ်တရက်
"ငါတို့ရောက်ပြီ"

ဤအချိန်တွင်

သူတို့၏အမြင်အာရုံအဆုံး၌

အနက်ရောင်တံခါးချပ်ကို

လှမ်းမြင်လိုက်ရသည်။

သိပ်မကြာလိုက်ပေ၊ လူတိုင်း

တံခါးပေါက်ထဲသို့ ဝင်သွားကြသည်။

ဆယ်မိနစ်ခန့်အကြာတွင် သူတို့အဖွဲ့ဟာ

တံခါးပေါက်ထဲမှ ထွက်လာခဲ့ကြသည်။

ဒီအချိန်မှာ သူတို့အားလုံး

လွင်ပြင်တစ်ခုသို့ ရောက်ရှိနေမှန်း
သိလိုက်ကြသည်။

ဤအခိုက်အတန့်တွင် လက်ထဲ၌
တုတ်ကောက်တစ်ချောင်းကိုင်ထားသော
အဘိုးကြီးတစ်ဦး နှင့်
အခြားအနက်ရောင်ဝတ်စုံဝတ်ပညာရှင် ၅
ဦး ရုတ်တရက်ပေါ်လာခဲ့သည်။

ဤလူအုပ်ကို မြင်သောအခါ

အကြီးအကဲယွမ် တင်မကဘဲ လူတိုင်း

မျက်နှာပျက်သွားသည်။

ဤအချိန်တွင်

တုတ်ကောက်ကိုင်ထားသောအဘိုးကြီး

က ရုတ်တရက်မေးခဲ့သည်

"မင်းတို့အဖွဲ့က စကြာဝဠာကြီးထဲက

လာတာလား"

အကြီးအကဲယွမ် က ခေါင်းညိတ်ပြီး

“ဟုတ်ပါတယ်”

အဘိုးကြီးက “ငါရခဲ့တဲ့

အချက်အလက်အရ မင်းတို့ဖက်က

တစ်ဖွဲ့ဟာ

အင်မော်တယ်မျိုးနွယ်ဝင်တွေဖြစ်တယ်၊

တခြားသူတွေက

ယန်ယွဲ့ရဲ့အပေါင်းအပါတွေပဲ။

အင်မော်တယ်မျိုးနွယ်က

ထွက်သွားပြီမို့လို့ အခုလက်ရှိ

မင်းတို့အဖွဲ့က ယန်ယဲ့ရဲ့ လူတွေ

ဖြစ်သင့်တယ်"

ယန်ယဲ့ လား...

အကြီးအကဲ ယွမ်နှင့် အခြားလူတိုင်း

မျက်မှောင်ကြုတ်လိုက်ကြသည်။

သူတို့က ယန်ယဲ့ အကြောင်းကို တကယ်သိနေတာလား ။

ဤအတောအတွင်း အဘိုးကြီးက ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ "ကံမကောင်းစွာပဲ ယန်ယဲ့က ဒီကို ရောက်မလာသေးဘူး။ ဒါပေမဲ့ မင်းတို့အားလုံး ငါတို့လက်ထဲမှာရှိနေပြီဆိုတော့ သိပ်မခက်ပါဘူးလေ။ သူက

မင်းတို့ကိုရှာဖို့ ငါ့သိုင်းနတ်ဘုရားဂိုဏ်းဆီ
လာလိမ့်မယ်။ ယန်ယွဲ့အတွက်
အခွင့်အရေးတစ်ခုပဲရှိတယ်၊ အခုကစလို့
တစ်လအတွင်းမှာ သူ့ကိုယ်သူ မပြရင်
မင်းတို့တစ်ယောက်ချင်းစီရဲ့ခေါင်းတွေ
ကိုဖြတ်မယ်။ ပြီးတော့
ငါ့သိုင်းနတ်ဘုရားဂိုဏ်းရှေ့မှာ
ချိတ်ဆွဲထားမယ်။ သေချာတာကတော့
ဒီကာလအတွင်းမှာ

မင်းတို့တွေဘာအန္တရာယ်မှရှိမှာမဟုတ်ဘူး”

အကြီးအကဲယွမ် က ကောင်းကင်ဧကရီနှင့်အခြားလူတိုင်းကို လှည့်ကြည့်ပြီး “မင်းတို့အားလုံး အရင်ထွက်သွားကြ…”

ပြောပြီးသည်နှင့် တိုက်ခိုက်တော့မည်ဖြစ်သော်လည်း

အဘိုးကြီးက ရုတ်တရက်
ပျောက်ကွယ်သွားခဲ့သည်။

ဘမ်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
အကြီးအကဲယွမ် သည်
လွင့်ထွက်သွားသည်။

မူလတာအိုသခင် ။

ကောင်းကင်ကေရီ နှင့် အခြားလူတိုင်း မျက်နှာပျက်သွားကြသည်။

သိုင်းနတ်ဘုရားဂိုဏ်းက မူလတာအိုသခင်တစ်ပါး စေလွှတ်မည်ဟု မမျှော်လင့်ထားပေ။

အဘိုးကြီးက လူအုပ်ကို ငုံ့ကြည့်ပြီး သူ့လက်ဝါးကို ဖိချလိုက်သည်။

ထို့နောက်တွင်တော့

မမြင်နိုင်သောစွမ်းအားလှိုင်းများ

ဆင်းသက်လာကာ

လူတိုင်းအပေါ်ဖိချလိုက်သည်။

ဒီအချိန်မှာ လူတိုင်း လှုပ်ရှားမရတော့ပေ။

"သူတို့ ခေါ်သွားတော့..." အဘိုးကြီးက

သူ့လက်ကို ဝှေ့ယမ်းပြီး “သူတို့က

နည်းနည်းတော့ အားနည်းတယ်။

အဲဒီနတ်ရတနာသုံးပါးအတွက်

မဟုတ်ရင် သူတို့ကို တစ်ချက်တောင်

နှမြောမှာ မဟုတ်ဘူး”

"အမိန့်အတိုင်းပါ ဒုတိယဂိုဏ်းသခင်..."

အနက်ရောင်ဝတ်စုံဝတ် ပညာရှင် ၅

ယောက်က

ခေါင်းညိတ်ကာနာခံကြသည်။

အဘိုးကြီးက ခေါင်းညိတ်ပြကာ

ထွက်သွားရန်ပြင်လိုက်ပြီးမှ

သူ့ညာဖက်ကို ရုတ်တရက်ကြည့်စိုက်ကာ
"နောက်ထပ်ရှိသေးတာလား"

သူပြောပြီးသည်နှင့်
အနည်းငယ်ဝေးသော အာကာသသည်
ရုတ်တရက်တုန်ခါလာသည်။

ခဏအကြာတွင် ထိုနေရာသည်
အက်ကွဲသွားပြီး
တိမ်ဖြူဝတ်အမျိုးသားတစ်ဦး

ထွက်လာသည်။ သူ့လက်ထဲတွင် သာမန်ဓားတစ်ချောင်းကိုင်ထားလေသည်။

တိမ်ဖြူဝတ်အမျိုးသားက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် တုတ်ကောက်ကိုင်ထားသောအဘိုးကြီးကို မြင်သွားသည် "ဟမ်..."

အဘိုးကြီးက တိမ်ဖြူဝတ်အမျိုးသားကို လစ်လျူရှုထားသောအကြည့်ဖြင့် စိုက်ကြည့်ကာ “စကြဝဠာကြီးထဲက ပုရွက်ဆိတ်တစ်ကောင် ထပ်ရောက်လာပြန်ပြီလား" ဟုသာ ပြောခဲ့သည်။

စကားပြောပြီးနောက် သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ ပြင်းထန်သော

စွမ်းအင်ကြိုးတစ်ချောင်း

ထွက်လာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၃ - ငါက စိတ်ကောင်းရှိတယ်

စွမ်းအင်ကြိုးမျှင်ဖြစ်သော်လည်း

ရောမစွမ်းအင်မုန်တိုင်းကြီးလိုပင်ထင်ရ

သည်။ စွမ်းအင်ကြိုးမျှင်

ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်

အာကာသပြင်သည်

ထိတ်လန့်တုန်လှုပ်ဖွယ်ရာ

လှိုင်းများထလာသည်။

ထိုသို့လုပ်လိုက်ပြီးနောက် အဘိုးကြီးက

နောက်ပြန်လှည့်ကာ ထွက်သွားခဲ့သည်။

သူ၏ခွန်အားကို
ယုံကြည်မှုအပြည့်ရှိနေပုံပါ။

သို့သော်...

ခေါးအူသံတစ်သံ ထွက်ပေါ်လာပြီးနောက်
အဘိုးကြီးက ချက်ချင်းရပ်သွားသည်။
နောက်သို့ လှည့်ကြည့်လိုက်ရာ
ခေါးစွမ်းအင်တစ်စင်းကို
မြင်လိုက်ရသည်။

ဤအချိန်တွင် ဓားစွမ်းအင်က အဘိုးကြီးဖန်တီးထားသော စွမ်းအင်ကြိုးမျှင်ကို ဖြတ်တောက်သွားသည်။ ထို့နောက် စွမ်းအင်ကြိုးမျှင်က ဘာသံလွန်စမှမရှိဘဲ ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ သူ့မျက်စိရှေ့မှာပင် ဓားစွမ်းအင်သည်

အရွယ်အစားနှင့်အရှိန်အဟုန်ဖြင့်
ကြီးထွားလာပါတော့သည်။

သူ့တစ်သက် ထိုကဲ့သို့
လျင်မြန်သောအရှိန်ဖြင့်
တိုက်ခိုက်မှုမျိုးကို တစ်ခါမှ မမြင်ဖူးပေ။

ဓားစွမ်းအင်က လျင်မြန်လွန်းသဖြင့်
အဘိုးကြီးဟာ
ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပေ။

ဆူး...

ဓားစွမ်းအင်က အဘိုးကြီး၏ ရင်ဘတ်ကို ထိမှန်ကာ ချက်ချင်းပင် မီတာရာချီအထိ လွင့်ထွက်သွားသည်။

ဘုန်း...

မြေကြီးပေါ်သို့ ပြုတ်ကျလာသည်နှင့်

အဘိုးကြီးက သူ၏တုတ်ကောက်ကို

မြေကြီးပေါ်သို့ ဆောင့်ချလိုက်သည်။

ထိုအခါ သူ့အောက်ရှိ မြေပြင်က

အက်ကွဲသွားသည်။

ခဏအကြာတွင် အဘိုးကြီးက

သူ့ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်။

ဒီအချိန်မှာ သူ့ရင်ဘတ်တွင်

အနည်းငယ်ကျယ်သော

အပေါက်တစ်ခုရှိနေ၏။ ထိုဒဏ်ရာမှ

ဓားစွမ်းအင်အငွေ့အသက်များ

ကျန်ရှိနေသေးသည်။ သို့သော်လည်း

အစိမ်းရောင်အလင်းလုံးက

အတင်းအကြပ် တားဆီးနေခဲ့သည်။

သူ့ရင်ဘတ်ပေါ်ရှိ

အစိမ်းရောင်အလင်းလုံးက

သာမန်မဟုတ်သည်မှာ သိသာပါသည်။

သူက တိမ်ဖြူဝတ်အမျိုးသားကို မော့ကြည့်လိုက်သည်။ ဒီအချိန်မှာ အဘိုးကြီး၏မျက်လုံးထဲ၌ ကြောက်ရွံ့မှုအပြည့်ရှိနေသည်။

"ဓားတစ်ချက်... "

သူ့မှာ အစိမ်းရောင်အလင်းလုံးသာ ရှိမနေပါက ချက်ချင်း အသတ်ခံရပေလိမ့်မည်။

ဤလောကတွင် တစ်စုံတစ်ယောက်သည်
သူ့ကို ချက်ချင်း သတ်ပစ်နိုင်သည်လား။

သို့ရာတွင် သူသည် မူလတာအိုသခင်
တစ်ပါး ဖြစ်၏။

အဘိုးကြီးက သူ့စိတ်ထဲ၌
အံ့ဩတုန်လှုပ်သွားမိသည်။

ဒီလောကမှာ မူလတာအိုသခင် ကို

သတ်နိုင်တဲ့စွမ်းအားရှင် ရှိနေပြီလား ။

သူက တိမ်ဖြူဝတ်အမျိုးသားကို

စိုက်ကြည့်ကာ “ငါက

သိုင်းနတ်ဘုရားဂိုဏ်းရဲ့

ဒုတိယဂိုဏ်းသခင်ပါ၊ ငါ့အပြစ်အတွက်

ခွင့်လွှတ်ပါ”

သူ့အမြင်မှာ

သိုင်းနတ်ဘုရားဂိုဏ်းအမည်ကို

ထုတ်ပြောပါက

တိမ်ဖြူဝတ်အမျိုးသားဟာ

ကြောက်လန့်သွားလိမ့်မည်ဟုထင်နေခဲ့

သည်။

"သိုင်းနတ်ဘုရားဂိုဏ်း လား..."

တိမ်ဖြူဝတ်အမျိုးသားက

မျက်မှောင်ကြုတ်ကာ “ငါ တစ်ခါမှ

မကြားဖူးဘူး”

အဘိုးကြီးက ချက်ချင်း

ပါးစပ်ပိတ်သွားတော့သည်။

ဤအချိန်တွင် တိမ်ဖြူဝတ်အမျိုးသားက

အဘိုးကြီး၏ရင်ဘတ်ပေါ်မှ

အစိမ်းရောင်အလင်းလုံးကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါက

တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်။

ကံမကောင်းစွာပဲ၊ မင်းက

အားနည်းလွန်းတယ်။ မင်း...”

စကားပြောနေရင်းဖြင့် အဝေးရှိ

ကောင်းကင်ယံကို ရုတ်တရက်

မော့ကြည့်လိုက်ပြီး "ဟင်။

စိတ်ဝင်စားစရာပဲ"

ထို့နောက် အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲကာ ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် အဘိုးကြီးက

သက်ပြင်းတစ်ချက်ချလိုက်သည်။

သို့သော်လည်း သိပ်မကြာလိုက်ပေ၊

သူ့မျက်နှာက မည်းမှောင်သွားသည်။

အကြောင်းမှာ တိမ်ဖြူဝတ်အမျိုးသားက

သူ့အား

လစ်လျူရှုထားခဲ့သည်မဟုတ်ပါလား။

အစမှအဆုံးထိ

တိမ်ဖြူဝတ်အမျိုးသားက သူ့ကို

အနည်းငယ်ပင် ဂရုမစိုက်ခဲ့ပေ။

သူ့အမြင်အရတော့

တိမ်ဖြူဝတ်အမျိုးသားက သူ့အား

လုံးဝအလေးအနက်မထားတာကြောင့်
မသတ်ခဲ့တာပါ။ ၎င်းက နင်းမိသော
ပုရွက်ဆိတ်တစ်ကောင်ကို ပြန်
လွှတ်ပေးလိုက်တာနဲ့အတူတူပင်။

သူသည် အားနည်းသူတစ်ယောက်လိုမျိုး
လစ်လျူရှုခံလိုက်ရသည်။

အဘိုးကြီးက
အချိန်တော်တော်ကြာအောင်

ငြိမ်သက်နေခဲ့၏။ ထို့နောက်
အသက်ပြင်းပြင်းရှူကာ
ထွက်သွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ
သူသည် အသတ်မခံရဘဲ
လွတ်မြောက်ခဲ့သည်။

ဤအချိန်တွင် သူ့ရင်ဘတ်ရှိ
အစိမ်းရောင်အလင်းလုံးလေးသည်
တဖြည်းဖြည်း ပျောက်ကွယ်သွားသည် ။

သတိထားမိသဖြင့် အဘိုးကြီး၏

နှလုံးသားက နာကျင်သွားသည်။

အစိမ်းရောင်အလင်းလုံးက သူကိုယ်တိုင်

တန်ကြေးကြီးကြီးပေးကာ

ဝယ်ယူထားသည့်

အကာအကွယ်ရတနာပင်ဖြစ်သည်။

သို့သော်လည်း

တိမ်ဖြူဝတ်အမျိုးသား၏

ဓားစွမ်းအင်ကြောင့် ထိုကဲ့သို့ပင်
ပျောက်ကွယ်သွားခဲ့သည်။

ဒီအချိန်မှာ သူ့နှလုံးသားက
သွေးစိမ်းရှင်ရှင်ပန်းထွက်နေပါသည်။

ထို့အပြင် သူသည်
အသတ်မခံရသည့်တိုင်
ဒဏ်ရာအပြင်းအထန်ရသွားခဲ့၏။
အပြည့်အဝ ပျောက်ကင်းရန် အနည်းဆုံး

အချိန် တစ်နှစ် သို့မဟုတ် နှစ်နှစ်နီးပါးခန့် အချိန်ယူရပေမည်။

“ရှေးဦးမူလစေတီ…” အဘိုးကြီးက "သဘာဝတရား၏မူလစေတီ" အကြောင်းကို ရုတ်တရက် တွေးလိုက်မိသည်။

“ဒါဟာ ဒဏ်ရာကုသဖို့ နတ်ဘုရားပေးတဲ့ ရတနာလို့ သူတို့က ပြောကြတယ်။ ငါသာ

ဒီမူလစေတီကို ရယူနိုင်ခဲ့ရင်

ဒီဒဏ်ရာတွေ သက်သာလာဖို့

ရက်အနည်းငယ်ပဲ ကြာလိမ့်မယ်။

ဒါ့အပြင် ယန်ယွဲ့မှာ ကံကြမ္မာဗောဓိပင်နဲ့

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်တွေ

ရှိပါသေး တယ်...” အဘိုးကြီးက

ရေရွတ်ပြီးနောက် နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

...

ဤအချိန်တွင် ယန်ယဲ့နှင့်

အန်နန်ကျင်းတို့နှစ်ယောက်ဟာ

အာကာသလျှောက်လမ်းထဲမှာသာ

ရှိနေကြသေးသည်။ သို့သော်လည်း

သူတို့၏အမူအရာများကား

ဆိုးရွားလှသည်။ အထူးသဖြင့်

ယန်ယဲ့ပင်။ ဒီအချိန်မှာ သူ၏မျက်နှာက

လူသတ်လိုစိတ်အပြည့်ပါ။ အကြောင်းမှာ

ယခုအချိန်ထိ ပညာရှင်အများအပြားနှင့် ရင်ဆိုင်နေရလို့ပါ။

အားလုံးက သူ့အတွက်ချည်းပဲ (သူ့ကိုသတ်ဖို့အတွက်ချည်းသာ) လာနေကြတာဖြစ်သည်။

အချိန်တော်တော်ကြာ ကုန်ဆုံးသွား၏။

နောက်ဆုံးတွင်
အနက်ရောင်အာကာသတံခါးပေါက်ကြီး
တစ်ခု ပေါ်လာသည်။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"သတိထားပါ..."

အန်နန်ကျင်းက ခေါင်းညိတ်လိုက်သည်။

ခဏအကြာတွင် နှစ်ယောက်သား

အာကာသတံခါးပေါက်ထဲသို့

ဝင်သွားကြသည်။

၁၅ မိနစ်ခန့်အကြာတွင်တော့

သူတို့၏ခြေထောက်များက

မြေပြင်ကိုထိသွားသလို

ခံစားလိုက်ရသည်။ ပတ်ဝန်းကျင်သည်

အဆက်မပြတ်တုန်ခါမှုမရှိတော့ဘဲ

တစ်ဖန်ငြိမ်သက်သွားသည်။

နှစ်ယောက်သား

မျက်လုံးဖွင့်လိုက်သည်နှင့်

မျက်နှာပေါ်တွင်

ဇရာအရေးအကြောင်းများ

ဖုံးလွှမ်းနေသောအဘိုးကြီးတစ်ယောက်

ကို မြင်တွေ့လိုက်ကြသည်။ အဘိုးကြီးက

တစ်ခေါင်းလုံးဆံပင်များဖြူဖွေးနေ၏၊

သူ့မျက်ခုံးမွေးများက

အလွန်ပင်ရှည်လျားကာရင်ဘတ်အထိ

ကျဆင်းနေပါသည်။ သူတို့ရှေ့မှာ

ရပ်နေသော အဘိုးကြီးက အတော်ကို

အသက်ကြီးရင့်နေပါပြီ။

ဤအချိန်တွင် အဘိုးကြီးက ယန်ယဲ့နှင့်

အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင်

သူ့အကြည့်က ယန်ယဲ့ ဆီသို့

ဆင်းသက်လာပြီး "မင်းက ယန်ယဲ့ပဲ။

ဟုတ်တယ်မလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်၊

ဒီအချိန်ရောက်လာမှတော့

ဖုံးကွယ်ထားဖို့မကြိုးစားပေ။

အဘိုးကြီးက

အနည်းငယ်ခေါင်းညိတ်ပြပြီး "ငါက

မူလမျိုးနွယ်ရဲ့ ဒုတိယဘိုးဘေးပါ။

မင်းရဲ့အစွမ်းသတ္တိကို ငါတို့သိထားလို့

ငါကိုယ်တိုင် ဒီကိုရောက်လာတာပဲ။

သာမန်လူတွေက မင်းအတွက်

ခြေနင်းခုံကျောက်တုံးတွေလိုပဲ

ဖြစ်လိမ့်မယ်။ ဒါ့ကြောင့် မလိုလားအပ်တဲ့

ဆုံးရှုံးမှုတွေကို ရှောင်ရှားဖို့အတွက်

ငါကိုယ်တိုင်လာခဲ့တာ"

ယန်ယဲ့က မသိချင်ယောင်ဆောင်ကာ

“ဒါပဲလား”

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း

“အခု မင်းမှာရွေးချယ်စရာ နှစ်ခုရှိတယ်။

ပထမတစ်ခုက မူလစေတီအပါအဝင်

နတ်ရတနာသုံးပါးကို မိမိကိုယ်တိုင်

လက်လွှဲအပ်လိုက်ပါ။

နှစ်အချက်ကတော့ ငါမင်းကိုသတ်ပြီး

ငါ့ကိုယ်တိုင် ယူသွားလိုက်မယ်"

ယန်ယဲ့ က စကားမပြောသေးဘဲ

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ ဤနေရာရှိ

ဝိညာဉ်စွမ်းအင်သည်

လောကသုံးပါးစကြာဝဠာကြီးထက်

အဆပေါင်းများ

သိပ်သည်းထူထပ်နေခဲ့သည်။ မှန်သည်၊

လောကသုံးပါး ဟာ

သိပ်ပြီးနိမ့်ကျတာတော့မဟုတ်ပေ၊

သို့ရာတွင် ဤစကြာဝဠာနှင့်ယှဉ်ပါက

အတော်လေးနိမ့်ကျခဲ့သည်။

ယန်ယဲ့က သူ့အတွေးများကို

ထိန်းလိုက်ပြီး "ငါ ဒါတွေကို အပ်လိုက်ရင်

မင်းရဲ့ မူလမျိုးနွယ်က ငါတို့ကို

အသက်ရှင်ခွင့်ပေးမှာလား"

အဘိုးကြီးက "ငါတို့

မင်းတို့နှစ်ယောက်ရဲ့အလောင်းတွေကို

မပျက်မစီးဘဲ ထားပေးမှာပါ"

"ဘာ့ကြောင့်လဲ...." ယန်ယဲ့က အံ့သြသွားပြီး “မင်းတို့က ဒီနတ်ရတနာတွေကိုပဲ လိုချင်နေတာမဟုတ်ဘူးလား။ မင်းတို့ကို လက်လွှဲပေးရုံနဲ့ ငါတို့ကို လွှတ်မပေးဘူးလား”

"ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ" အဘိုးကြီးက "ယန်ယဲ့၊ ငါတို့ရရှိထားတဲ့ အချက်အလက်အရ

မင်းဟာ တော်တော်ထူးချွန်တဲ့

ဉာဏ်ကြီးရှင်တစ်ယောက်ပဲ။

မင်းအကြောင်းကို ဘယ်လိုမှ

နားမလည်ဘဲနေရမှာလဲ။

ပေါင်းပင်၊မြက်ပင်တွေကို အမြစ်ကနေ

ဆွဲနှုတ်ရတယ်ဆိုတာ မကြားဖူးသလား။

ငါ့မူလမျိုးနွယ်အတွက် ဖြစ်နိုင်ချေရှိတဲ့

ပြဿနာတွေကို ဘယ်တော့မှ

မချန်ထားတတ်ဘူး။ အထူးသဖြင့်တော့

မင်းရဲ့ အရည်အချင်းတွေနဲ့

ညာဏ်ကြီးရှင်တစ်ယောက်

ဖြစ်နေတဲ့အခါပေါ့။ ငါ့ရဲ့ မူလမျိုးနွယ်က

မင်းကို ဘယ်တော့မှ

အသက်မရှင်စေရဘူး၊ ဒါမှမဟုတ်ရင်

မင်း ငါ့မျိုးနွယ်အတွက် မလိုလားအပ်တဲ့

ဒုက္ခတွေ ယူဆောင်လာနိုင်တယ်"

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး

"တစ်နည်းအားဖြင့် မင်းကို

လက်လွှဲပေးပေး မပေးပေး
သတ်မှာပဲမဟုတ်ဘူးလား" ဟု
ပြောလိုက်သည်။

အဘိုးကြီးက ခေါင်းညိတ်ကာ
"မင်းကိုယ်တိုင် လက်လွှဲအပ်ရင်
သေရတာ ပိုလွယ်လိမ့်မယ်" ဟု
ပြန်ဖြေသည်။

ယန်ယဲ့၏နှုတ်ခမ်းထောင့်တွင်

အပြုံးတစ်ခုပေါ်လာကာ “မင်း

ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိသလား”

အဘိုးကြီး၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ့မျက်လုံးထဲကနေ အေးစက်သော

အလင်းရောင်များ

တဖျပ်ဖျပ်တောက်ပလာသည်။

ယန်ယဲ့က ပြုံးပြီး “မင်းက

မူလတာအိုသခင် ဖြစ်နေတော့ ငါတို့ထက်

နည်းနည်းလေး

ပိုသန်မာတာတင်မဟုတ်ဘူး၊ မင်းဟာ

လုယက်ဖို့မပြောဘဲ အဲဒီအစား

လက်လွှဲပေးခိုင်းဖို့ တောင်းဆိုနေတယ်။

ဟမ့်၊ မင်းဘာကိုကြောက်နေတာလဲ၊ ငါ

ခန့်မှန်းကြည့်ရအောင်။ အိုး...၊ အဲဒါက

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

ဖြစ်သင့်တယ်။ ဟုတ်တယ်မလား”

ထိုစကားကိုကြားသောအခါ

အဘိုးကြီးက

ချက်ချင်းမျက်နှာပျက်သွားသည်။

"မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်... "

နတ်ဆိုးပုဆိန်၏စွမ်းအားက
ဘယ်လောက်ကြောက်စရာကောင်းမှန်း
မူလမျိုးနွယ်သာအသိဆုံးပင်။

လွန်ခဲ့သောနှစ်များတစ်လျှောက်
မူလမျိုးနွယ်သည်
ဆုံးရှုံးမှုအများအပြားရင်ဆိုင်တွေ့ခဲ့ရသ
ည်။ ထို့အပြင် သူသည် ထိုအချိန်က
ဖြစ်ပျက်ခဲ့သည်များကို
ကိုယ်တိုင်တွေ့မြင်ခဲ့ရပါသည်။

သဘာဝအတိုင်း

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကို

ကြောက်ရွံ့နေခဲ့သည်။ မှန်သည်၊ သူက

ယန်ယဲ့ကိုတော့မကြောက်ပေ။

ယန်ယဲ့ သာ အရာအားလုံးကို

လစ်လျူရှုပြီး

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကို

လွှတ်ပေးလိုက်လျှင် သူ့အနေဖြင့်

ထွက်ပြေးဖို့သာ ကျန်တော့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

ရုတ်တရက် ပြုံးလိုက်ပြီး "စိတ်ပူစရာ

မလိုပါဘူး၊ ငါ အဲဒါကို ချိတ်ပိတ်ထားတာ

မဖွင့်ရဲဘူး။ ငါတကယ်ပြောတာ၊

သေချာတယ် ငါမလုပ်ဏဲဘူး"

အဘိုးကြီး၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားကာ

“မင်းသာ ချိတ်ပိတ်ထားတာကို

ဖြေလိုက်ရင် မင်းအရင်သေလိမ့်မယ်”

"တကယ်ပါပဲ…" ယန်ယဲ့က ပြုံးပြီး "ဒါဆို

ငါက ဘာလို့ အဲဒါကို

ချိတ်ပိတ်ထားတာဖြုတ်ရမှာတာလဲ။

ဘာပဲဖြစ်ဖြစ် ငါသေရင်တောင် အဲဒါကို

လွှတ်မပေးရဲဘူး"

အဘိုးကြီးက ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီး "ငါ့ကို
မကြောက်ကြောက်အောင်
ခြိမ်းခြောက်နေတာလား။
ဘယ်လောက်ရယ်စရာကောင်းလိုက်သ
လဲ”

ထိုစကားပြောပြီးသည်နှင့်
ယန်ယဲ့ရှေ့တွင် ပေါ်လာပြီး
သူ့လက်ဝါးကို ဖိချလိုက်သည်။

အဘိုးကြီး၏ လက်ဝါးမှ

ကြောက်မက်ဖွယ်စွမ်းအင်လှိုင်းများ

ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့၏ပတ်ပတ်လည်ရှိ

အာကာသသည်

ပြင်းထန်စွာ တွန့်လိမ်လာခဲ့သည်။

ထို့နောက်တွင် မီတာရာချီကျယ်ဝန်းသော

ကြားကွက်လပ်အလွှာကြီး

ဖြစ်ပေါ်လာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

တာအိုဥပဒေသများ၊

ဝိညာဉ်စွမ်းအင်များနှင့်

အခြားအရာများအပါအဝင် ဤလောကရှိ

မည်သည့်အရာကိုမျှ

အသုံးချလို့မရတော့ပေ။

အဘိုးကြီးက သူ့အား မူလစကြာဝဠာမှ ခွဲထုတ်လိုက်တာပါ။

တစ်ခဏလေးအတွင် ဤလောကသည် သူ့အတွက် လျှောင်အိမ်ကြီး ဖြစ်သွားသည်။

ဤသည်မှာ မူလတာအိုသခင်များ၏ အထူးစွမ်းရည်ဖြစ်သည်။

မူလတာအိုသခင်များက

အခြားသူများကို

မူလကမ္ဘာကနေဆွဲထုတ်နိုင်လေသည်။

ထိုအရာက ထိုလူ၏ ခွန်အားကို

ချိတ်ပိတ်လိုက်သည်နှင့်အတူတူပင်။

အကြောင်းမှာ ကျင့်ကြံသူတို့သည်

အာကာသစွမ်းရည်၊ နိယာမများ၊

ဝိညာဉ်စွမ်းအင်နှင့် မီးဒြပ်စင်များကဲ့သို့

သဘာဝတရားကို

မှီခိုအားထားသောကြောင့်ပါ။

သို့သော်လည်း

မူလတာအိုသခင်များသည် လူတစ်ဦးကို

မူလကမ္ဘာမှ

သီးခြားခွဲထုတ်နိုင်စွမ်းကိုပိုင်ဆိုင်ထား

လေသည်။

ဤသည်မှာ မူလတာအိုအဆင့် နှင့်

အောက်အဆင့်ပညာရှင်များကြားက

ကွာဟချက်ပင်တည်း။

အကယ်၍ ယန်ယဲ့ကသာ

သာမန်ပညာရှင်တစ်ပါး ဖြစ်နေလျှင်

ချက်ချင်းသေဆုံးသွားရပေမည်။ သူ့ကို

မပြောဘဲ သာမန်

ဖန်ဆင်းရှင်များပင်လျှင်

မူလတာအိုသခင်၏

နတ်ဘုရားစွမ်းရည်ကို

ခုခံနိုင်မှာမဟုတ်ပေ။

သို့သော် လက်ရှိယန်ယဲ့သည်
သာမန်ပညာရှင်များနှင့်မတူပါ။

ဓားအူသံ ရုတ်တရက် ပဲ့တင်ထပ်ကာ
ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။ ထို့နောက်
အဘိုးကြီးကို မီတာ ၃၀၀ အကွာထိ
ပြန်ဆုတ်သွားစေခဲ့သည်။

အဘိုးကြီးက သူ့လက်ကို
တစ်ချက်ငုံ့ကြည့်လိုက်ရာ
အနည်းငယ်နက်သော ဓားဒဏ်ရာကို
သတိထားမိသွားသည်။

သူ့မျက်နှာတွင် မယုံကြည်နိုင်မှုများ
ပေါ်လာသည်။ ထို့နောက် ယန်ယဲ့ကို
မော့ကြည့်လိုက်ပြီး "မဖြစ်နိုင်ဘူး...
မင်းဘယ်လိုဖြစ်နိုင်မှာလဲ... ဒါ.... ဒါက
စစ်မှန်တဲ့နယ်မြေစွမ်းအား၊ ဓားနယ်မြေ ။

ဓားနယ်မြေ နဲ့ပတ်သက်လို့

မင်းရဲ့နားလည်မှုက

ဒီအဆင့်ထိတောင် ရောက်နေတာလား။

မင်းရဲ့ ဓားတာအိုအောင်မြင်မှုတွေက

တကယ်ကို ကြီးကျယ်ခမ်းနားလွန်းတယ်”

"အနန္တဓားနယ်မြေ... "

မူလတာအိုသခင် များသည် လူအများကို

ဤလောကမှ

သီးခြားခွဲထုတ်နိုင်ကြသည်။

သို့သော်လည်း

ယန်ယဲ့၏စားနယ်မြေသည်

ထိုအတိုင်းလုပ်ဆောင်နိုင်လေသည်။

တစ်ခုတည်းသော ခြားနားချက်မှာ

မူလတာအိုအဆင့်၏

ခွဲထုတ်ခြင်းစွမ်းရည်က

ချုပ်နှောင်မှုပုံစံဖြစ်သည်။

ယန်ယွဲ့၏စားနယ်မြေက ထိုအဆင့်ထက်

ကျော်လွန်သော

စွမ်းအားနယ်မြေဖန်တီးခြင်းစွမ်းအားဖြစ်

သည်။

စားနယ်မြေ သည်

သူ၏ကိုယ်ပိုင်နယ်မြေဖြစ်သည်။

၎င်းသည် ယန်ယွဲ့၏ထိန်းချုပ်မှုအောက်၌

ရှိခဲ့သည်။ တစ်နည်းအားဖြင့်

မူလတာအိုအဆင့်၏

နတ်ဘုရားစွမ်းရည်က သူ့အား

ဖိနှိပ်ထားနိုင်မည်မဟုတ်ပေ။

ထိုအချက်က ယန်ယဲ့ သည်

အရှင်ရှောင်လော့ကို သတ်နိုင်ခဲ့သည့်

အကြောင်းအရင်းပင်ဖြစ်လေသည်။

မှန်သည်၊

အဓိကအကြောင်းအရင်းကတော့ သူ၏

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုအား
လောင်ကျွမ်းပြီး
ယာယီခွန်အားမြှင့်တင်လိုက်တာကြောင့်
ပါ။

ဤအတောအတွင်း အဘိုးကြီး၏
မျက်လုံးထဲမှာ အံ့သြနေရာမှ
လူသတ်လိုစိတ်များပေါ်လာသည်
"အံ့သြစရာပဲ။ မင်းတကယ်ပဲ
ဒီလိုစွမ်းရည်မျိုး ပိုင်ဆိုင်ထားတာလား။

ကြည့်ရတာတော့ ငါတို့က

မင်းကိုလုံးဝအသက်ရှင်လျက်မထားသင့်

ဘူးထင်တယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယွဲ့ထံ

ခုန်ဝင်လိုက်သည်။

ယန်ယွဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငါယန်ယွဲ့က

စိတ်ကောင်းရှိပေမယ့် လောကကြီးဟာ

ငါ့ကို ရှူးသွပ်သွားစေတယ်။ ဒီတော့

သတ်ပစ်ရမယ်။ ဘယ်သူမှ မကျန်မချင်း

သတ်ပစ်မယ်။ သွေးတွေ

မြစ်တွေ၊ပင်လယ်တွေလို

စီးဆင်းသွားတဲ့အထိ သတ်ပစ်မယ်”

Translated By NyiNyiSoe